


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

၈၉၅.၈၃

ကြိုဝက္ခ

သားမိုစောင့်မိစ္ဆာ/ကြိုဝက္ခ။ – ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၀။

၁၆၀ – စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ကြိုဝက္ခ

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၆၀၀၄၀၉ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၇၄၂၀၆၀၉

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်သာလေးလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၇၇၄၅၊ ၅၅၂၀၃၉၊ ၀၉ ၈၀ ၃၄၅၁၁၊ ၀၉ ၅၀ ၂၁၃၅၄။
ပထမအကြိမ် – ၂၀၁၀ ခုနှစ်၊ (ဧပြီလ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀၀)ကျပ်

BURMESE CLASSIC .com



# ဒသမနှလက်ဆောင်

➤ သူတစ်ပါး၏အပြစ်ကို မြင်တွေ့ဖို့ရန် လွယ်ပါ၏။
မိမိအပြစ်ကိုကား မြင်တွေ့ဖို့ရန် ခက်ခဲပါသည်။

➤ သူတစ်ပါး၏အပြစ်ကို လေထဲဖွဲ့လွှင့်ပမာသို့
လေးမျက်နှာသို့ ထုတ်လွှင့်နိုင်ကြသော်လည်း
မိမိအပြစ်ကိုမူကား မီးခဲကို သစ်ရွက်နှင့် ဖုံးဖိသကဲ့သို့
လျှို့ဝှက်စွာ ဖုံးကွယ်ထားတတ်ကြသည်။

➤ သို့သော်လည်း မီးခဲကို သစ်ရွက်နှင့် ဖုံးဖိ၍မရနိုင်ပေ။
တစ်နေ့တွင် မီးခဲက သစ်ရွက်ကို ဝါးမြို၍
တောက်လောင်လာသကဲ့သို့ မကောင်းမှုများကို
အဘယ်မျှပင် ဖုံးကွယ်ထားစေကာမူ
တစ်နေ့ကျလျှင်...
အမှန်တရားအတိုင်းသာ ပေါ်ပေါက်ရပေသည်။

➤ ထိုအခါ အများနှစ်ခု ကျူးလွန်သူပမာ
အရှက်ကြီးစွာ ရပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

➤ လောက၌ လူတို့သည်...

ကြီးပွားချမ်းသာခြင်းသည်လည်းကောင်း

ဆင်းရဲမွဲတေခြင်းသည်လည်းကောင်း

အခြားသူ ပြုခြင်းကြောင့် မဟုတ်ဘဲ...

မိမိပြုခဲ့သော ကံအကြောင်းတရား...အသုံးချရမည့်

ဉာဏ်ကို အသုံးမပြုခြင်း အသုံးပြုခြင်း၊ ဝီရိယတရားကို

လျစ်လျူရှုခြင်း၊ အစဉ်သဖြင့် အသုံးပြုနေခြင်း စသော

အကြောင်းအရာများ ကွာခြားမှုကြောင့် ရရှိသော

အကျိုးတရားလည်း ကွာခြားရပေသည်။

BURMESE CLASSIC .com

➤ အပွင့်ကိုလည်း မထိခိုက်၊ အဆင်းကိုလည်း မထိခိုက်

အနံ့ကိုလည်း မထိခိုက်စေဘဲ ကြိုက်နှစ်သက်သော

ဝတ်ရည်ကို စုပ်ယူသော ပျားပိတုန်းကဲ့သို့

အလှအပကို နှစ်သက်မြတ်နိုးသူသည်

ထိုအလှကို မပျက်စီးစေဘဲ အလိုရှိသည့်အတိုင်း

ရယူနိုင်ရန် ကြိုးစားအားထုတ်သင့်လှပေသည်။

## ဤဝတ္ထုတွင်ပါသောအခန်းများ


အခန်း(၁) နိမိတ်ပြလာသောအရုပ်

အခန်း(၂) ဝန်းပုထုနေသော သရဲမျက်နှာနှင့်လူ

အခန်း(၃) သရဲအဝရောက်သော်လည်း အပေါင်းအသင်းခင်သူ

အခန်း(၄) အငတ်လာခေါ်သောသရဲ

အခန်း(၅) သရဲအဝနှင့်အတူအညီနေသောသူ

အခန်း(၆) သရဲအထောင်ခံရသော ဆားဗိုသူကြီး

အခန်း(၇) သရဲရှာသော်လည်း သဘက်နှင့်တွေ့ရသူ


အခန်း(၈) အခန်းစောင့်သရဲနှင့် ဆားဗိုစောင့်သရဲ

အခန်း(၉) ပရိတ်ရေကြောင့် ထွက်ပြေးရသော သရဲသဘက်များ

အခန်း(၁၀) ဝိညာဉ်များအတွက် အကျွတ်အလွတ်ပွဲ


www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁)

# နံ့စိတ်ဖြလာသော အန္တရာယ်

မြန်မာနိုင်ငံ ဒီရေတက်ရာအရပ်များတွင် ငါးဖမ်းခြင်း၊ ဆား... အတူတွဲ၍ ဆားချက်သောလုပ်ငန်းများကိုပါ လုပ်ကိုင်ခဲ့ကြ... သည်။ ဆားချက်သောလုပ်ငန်းများမှာ နေရာအနှံ့၌ ရှိသည် ... သော်ငြားလည်း တစ်ပြည်လုံး သိသောနေရာမှာ လပွတ္တာမြို့ဖြစ် လေသည်။

လပွတ္တာမြို့သည် ဧရာဝတီတိုင်း မြောင်းမြခရိုင်အတွင်း၌



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သော မြစ်ဝကျွန်းပေါ်မြို့နယ်တစ်ခုဖြစ်သည်။ ဧရာဝတီမြစ်မှ အဆင့်ဆင့် ခွဲထွက်လာသော ရွှေးမြစ်၏အနောက်ဘက်ကမ်း၌ အရှေ့နှင့်အနောက် အလျားလိုက် တည်ရှိလေသည်။

ဧရာဝတီမြစ်သည် မြောက်ဖျားမှ စတင်ကာ မြန်မာပြည်ကို မြောက်မှတောင်သို့ အလျားလိုက် စီးဆင်းခဲ့ရာ မြစ်ကမ်းပါးတစ်လျှောက်တွင် ထင်ရှားသော မြို့ရွာများ ရှိလေရာ မြောက်ဖျား၌ မြစ်ကြီးနားရှိပြီး တောင်ဘက်ဖျား၌မူ လပွတ္တာမြို့ ရှိသည်ဟုပင် ဆိုနိုင်ပေသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်မြို့များထဲတွင် တောင်ဘက်အစွန်ဆုံး ...သောမြို့တစ်မြို့ဆိုကလည်း မမှားပါချေ။

ရွှေးမြစ်သည် လပွတ္တာမြို့တောင်ဖက်သို့ မိုင်(၂၀)ခန့် စီး... သွားပြီးမှ ဘင်္ဂလားပင်လယ်၏ဘက်တုံတာဒေသ ပါဝင်သော ...ပီပင်လယ်တွင်းသို့ စီးဝင်အဆုံးသတ်သွားခဲ့လေသည်။

လပွတ္တာမြို့၏နယ်နိမိတ်မှာ မြောက်ဖက်၌ ဘိန်တဲ့၊ အရှေ့... ...က်၌ ပြင်စလူမြစ်၊ တောင်ဘက်၌ ကပ္ပလီပင်လယ်၊ အနောက် ...က်၌မူ သက်ကယ်သောင်မြစ်တို့ ရှိကြလေသည်။

ရှေးနှစ်ပေါင်းများစွာက လပွတ္တာသည် ရွာငယ်တစ်ရွာမျှ ...သာ ရှိခဲ့ပြီး တဖြည်းဖြည်းနှင့် လူဦးရေ တိုးတက်များပြားလာသော အခါ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် ဘုရား၊ ဘုန်းတော်ကြီးကျောင်း တို့ကို တည်ဆောက်ကိုးကွယ်ခဲ့ကြသည်။

အရှေ့ပိုင်း(အထက်ပိုင်း)မှ အနောက်ပိုင်း(အောက်ပိုင်း...





...ထိ အစဉ်ကို ရေတွက်ကြည့်လျှင် ဆောင်ကျောင်း၊ ဝါးကျောင်း၊ ...ဗ္ဗာန်းကျောင်း၊ လေးထပ်ကျောင်းတို့ ရှိကြသည်။

လပွတ္တာမြို့အနောက်ဘက် လပွတ္တာလုပ်သို့ သွားရာလမ်း ...ရားသုံးဆူအနီး၌ ရှိသော ဆောရကျောင်းမှာ လွန်ခဲ့သောနှစ် ...ပေါင်း(၄၀)ကတည်းက တည်ရှိခဲ့သော ရှေးဟောင်းကျောင်းပင် ဖြစ် ...သည်။

အထက်ပိုင်း စေတီကျောင်း၌ တာဝတိံသာ စကြံနိလှမ်းနှင့် ...ရားရှိသည်။ ရှေးအစဉ်အဆက်ကပင် ထိုကျောင်းဝင်းအတွင်း၌ ...ဆိုလျှင် တာဝတိံသာတက်ပွဲ၊ ဝါကျွတ်လျှင် တာဝတိံသာဆင်းပွဲ ...တို့ကို နှစ်စဉ်မပျက် ကျင်းပခဲ့ကြသည်။ လပွတ္တာမြို့၏ အဓိက,ကျ ...သောလုပ်ငန်းမှာ စပါးစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ခန့်က လပွတ္တာမြို့အောက် ...း ဆားချင်း(ဆားကျင်း)ချောင်းဘစ်ဖက်ကမ်းတွင် ဆန်စက်တစ် ...း စတင်တည်ထောင်ခဲ့သည်။

ယခုတော့ အများအပြား ရှိနေချေပြီ။

လပွတ္တာမြို့ပတ်ဝန်းကျင်တဝိုက်တွင် ဆန်စပါး စိုက်ပျိုးခြင်း ...ပ်ငန်းအပြင် ဆားချက်သောအလုပ်မှာလည်း အဓိကကျသော ...ပ်ငန်းတစ်ခုဖြစ်ပေသည်။

ငါးပုစွန်ပေါသောကြောင့် ငါးပိလုပ်ခြင်းလည်း ရှိကြသည်။ ဆားချက်ခြင်းအလုပ်ကို ဆားဖိုသူကြီးများက ကြီးကြပ်စီမံကာ လုပ် ...ိုင်ကြလေသည်။

www.burmeseclassic.com



ဆားချင်း(ဆားကျင်း)၊ သက်နိုးကျွန်း၊ ပြင်စလူ၊ စလူဆိပ်

ဆားချက် စသောအရပ်ဒေသတို့တွင် ဆားအမြောက်အမြား ချက်

လုပ်ခဲ့ကြလေသည်။

လပ္ပတ္တာမြို့ အနောက်ဖက်၌ ရှိသော ဆားချင်းချောင်း

သည် ဒီရေအခါက အလွန်ရေငန်သောချောင်းဖြစ်လေသည်။ ပင်

လယ်ရေသည် လပ္ပတ္တာမြို့ အထက်ပိုင်း ရောက်အောင် တက်လေ

သည်။

ပင်လယ်ရေ ရောက်ရာနေရာများ၌ ဆားချင်းချောင်းဧ

သည် အခြားထက် ပူးတူးခါးခါး အငန်စူးလှသောကြောင့် ရှေးလူ

ကြီးများက ဆားအိုးဒယ်ကြီးများနှင့် ဆားချက်ကြလေသည်။

ဆားချက်လုပ်ငန်းမှာ ရှေးအခါက ငါးပုစွန်အများကို ငါးပိ

ငံပြာရည် ပြုလုပ်ရန် ရည်ရွယ်၍ ချက်ကြသော်လည်း ကာလကြ

လာသောအခါ လုပ်ငန်းသုံးအတွက်သာမက စီးပွားရေးအတွက်ပ

တွင်ကျယ်လာသောကြောင့် ဆားချင်းရွာတွင်သာမက မန်ကျည်

ပင်ရွာ၊ သုံးခွရွာတို့၌ပါ လယ်ကွင်းများအတွင်းသို့ ဆားရေသွင်းကာ

ဆားဖိုများနှင့် ဆားချက်ခဲ့ကြသည်။

ဆားချက်သောလုပ်ငန်းမှာ ထင်းအလွန်ကုန်သော်လည်

ပူစရာမရှိပေ။

ရှေးအခါက ရှွေးမြစ်၊ ပြန်မလော့မြစ်၊ ပြင်စလူမြစ်၊ ကဝ

ရန်မြစ် စသောမြစ်များ၌ ကနစို၊ မြင်းကာ အစရှိသော သစ်တောကြ

များ ရှိရာ လိုအပ်သောထင်းများကို ထိုသစ်တောများမှ ထုတ်ယူပြ





လေသည်။

ရွှေးမြစ်သည် မိုးဥတုရာသီ၌ အလွန်လှိုင်းလေ ပြင်းထန်

သောနေရာဖြစ်သည်။

ထိုအခါမျိုးတွင် ဆားချင်းချောင်းသည် မိုးလေခိုရန် အ

ကောင်းဆုံးနေရာတစ်ခု ဖြစ်လေသည်။

ထို့ပြင် လပ္ပတ္တာရွာတွင်းရှိ ကုန်းတွင်းပိုင်းမှာလည်း ဧမှ

ရေကောင်းများ ထွက်ရှိလေသည်။

ထို့ကြောင့် ထိုနေရာတစ်ဝိုက်၌သည် ငါးပုစွန် ရှာဖွေသူတို့က

ဆားချက်သူများ မှီတင်းနေထိုင်ကြရာ နေရာကောင်းတစ်ခုဖြစ်

လေသည်။ ကြ

ပင်လယ်ငါး၊ ပုစွန်မျှင်တို့ကို ဖမ်းယူ၍ ထိုနေရာ

သောဆားနှင့် ငါးပိလုပ်ကြလေသည်။ အခစား

မူလ လပ္ပတ္တာရွာ တည်သောနေရာမှာ ယခု ရ

ကျောင်းအနီး ဘုရားသုံးဆူအရပ်မှ စသည်ဟု အဆိုရှိကြသည်။

၎င်းနေရာကို လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်ခန့်က

သိုက်ဆရာများ ရောက်လာပြီး ဘုရားသုံးဆူကို တူးဖော်ကြသော

အခါ ရွှေငွေရတနာ မရဘဲ မွန်ဘာသာဖြင့် ရေးထွင်းထားသော

ကျောက်ပြားချပ်များကို တွေ့ရလေရာ မွန်လူမျိုးတို့ နေထိုင်ခဲ့ရာ

နေရာဟောင်းဖြစ်ခဲ့ကြောင်း သိကြရလေတော့သည်။

'လပ္ပတ်' ဟူသောစကားမှာ မွန်ဘာသာ 'လပတ်' ၏ ပုဒ်

နှုတ်ဖြစ်ပြီး မြစ်နှစ်သွယ်ကို ဆက်သွယ်ထားသည့် ရေကျော်ဟူ



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ရလေသည်။

'တာ' ဟူသော ဝေါဟာရ၏အဓိပ္ပာယ်မှာ 'ထန်း' ဟူ၍ဖြစ် ရာ လပ္ပတ္တာ၏အဓိပ္ပာယ်မှာ 'ထန်းပင်ရေကျော်ပင်' ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် လပ္ပတ္တာသည် အနောက်ဘက်ရှိ သတ်ကယ်သောင်မြစ်နှင့် အရှေ့ဘက်ရှိ ဧွးမြစ်တို့အား ဆက် ယ်ပေးထားသောနေရာပင်ဖြစ်ပေသည်။

လပ္ပတ္တာ၏အနောက်ဘက် လေးမိုင်ခန့်အကွာတွင် လပ္ပတ္တ ပ်(ရှေးအခေါ် လပ္ပတ္တာရုပ်)ရွာရှိသည်။

လပ္ပတ္တာနှင့် လပ္ပတ္တာလုပ်ကြားတွင် ရှင်စောပု တည်ထားခဲ့ ကြီးမျ လပ္ပတ္တာလုပ်စေတီဟောင်းရှိသည်။

ယခုတော့ ပြုပြင်မွမ်းမံ၍ 'ရှင်စောမြတ်' စေတီတော်ဟူ ပြောပါကြသည်။

လပ္ပတ္တာနယ်တွင် ဆားချက်လုပ်ငန်း၊ ငါးပိလုပ်ငန်းမျာ အပြင် ရှေးက ထင်းခုတ်သောလုပ်ငန်းများလည်း ထွန်းကားခဲ့လေ သည်။ ဧွးမြစ်၊ ပြန်မလော့မြစ်၊ ပြင်စလူမြစ်၊ ကကရန်မြစ်တကြော တွင် ကနစို၊ မြင်းကပင်များ ပေါက်သော ဒီရေတက်ရာ သစ်တော ကြီးများ ရှိခဲ့လေသည်။

ထိုသစ်တောကြီးများအား အမှီပြု၍ ထင်းလုပ်ငန်းမျာ လည်း ကြီးကျယ်ခဲ့လေသည်။

ကနစိုထင်း၊ မြင်းကထင်းတို့ကို ရှေးက ဧရာဝတီမီးသင်္ဘော ကုမ္ပဏီလီမိတက်မှ အများအပြား ဝယ်ယူသုံးစွဲခဲ့ကြပေသည်။



မြင်းကသားနှင့် ပြုလုပ်သော မီးသွေးမှာ အခြားမီးသွေးများ ဆက် ပိုမိုကောင်းမွန်သဖြင့် 'မြင်းကမီးသွေး' ဟုပင် ရှေးက ခေါ်ဝေါ် ရောင်းချကြလေသည်။

ရှေးအခါက သစ်တောကြီးများအတွင်း၌ ထင်းပွဲစခန်းကြီး များ ရှိခဲ့ရာ ရွာကြီးများတမျှ ကြီးကျယ်စည်ကားခဲ့လေသည်။ ထို နယ်မှ ထွက်သောထင်းများကို ဆားချက်သော ဆားဖိုကြီးများမှ အများအပြား ဝယ်ယူအသုံးပြုခဲ့ကြလေသည်။

ရှေးအခါက လပ္ပတ္တာနယ်တဝိုက်မှာ ဆားလုပ်ငန်းသာမက ငါးလုပ်ငန်း၊ ထင်းလုပ်ငန်းများမှာ အလုပ်အကိုင် ကောင်းလှသဖြင့် အထက်နယ်ဘက်မှ လာရောက်လုပ်ကိုင်ကြသူ အများအပြား ရှိကြ လေသည်။

အချို့ကလည်း ဆားဖိုများ၊ ထင်းစခန်းများတွင် အခစား င်ရောက်လုပ်ကိုင်ကြပြီး အချို့ကလည်း ကိုယ်ပိုင်လုပ်ကိုင်ကြလေ သည်။

ဓားတစ်လက်၊ လှေတစ်စင်းသာ ရှိပါက လုပ်ငန်းမရှား သောနေရာဖြစ်သောကြောင့် အခြားနေရာမှ လာရောက်လုပ်ကိုင် ကြသူ တဖြည်းဖြည်းနှင့် များပြားလာခြင်းဖြစ်ပေသည်။

နောက်ပိုင်းမှာတော့ ဆားချင်းချောင်းဘက်မှာသာမက အခြားနေရာများမှာလည်း ဆားလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ကြလေ သည်။ ထိုအချိန်က ဆားချင်းချောင်းနှင့် မဝေးလှသော မြစ်ကမ်း နားတစ်နေရာတွင် ရွာတစ်ရွာ ရှိခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာအမည်မှာ 'လမုတန်းရွာ' ဖြစ်ပြီး လူဦးရေ အတန်အသင့် ရှိလေသည်။

ထိုရွာ၌ လာရောက်နေထိုင်ကြသူများမှာ ဆားချက်လုပ်ငန်း၊ ငါးပုစွန်လုပ်ငန်း၊ ငါးပိလုပ်ငန်း၊ ထင်းလုပ်ငန်း လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုကြလေသည်။

အထက်အရပ်များမှ လာရောက်လုပ်ကိုင်ကြသူအချို့မှာ ထင်းပွဲစခန်းများ၌ သွားရောက်လုပ်ကိုင်ကြပြီး အချို့လည်း ဆားဖိုများတွင် ဝင်ရောက်ကြလေသည်။

ထိုအထဲတွင် နီမောင်လည်း ပါဝင်လေသည်။

နီမောင်မှာ မော်လမြိုင်ကျွန်း(မော်ကျွန်း)မြို့မှ လာရောက်၍ အလုပ်လုပ်ကိုင်သူဖြစ်လေသည်။

၎င်းနှင့်အတူ အဖော်တစ်ယောက်လည်း ပါလာသည်။

ထိုသူ၏အမည်မှာ 'ထွန်းခိုင်' ဖြစ်ပြီး ရခိုင်လူမျိုးတစ်ယောက် ဖြစ်လေသည်။

၎င်းတို့သည် လပွတ္တာတွင် အလုပ်အကိုင် အဆင်မပြေသဖြင့် ဆားချင်းချောင်းဘက် ဆင်းလာကြပြီး ထိုမှတစ်ဆင့် လမုတန်းရွာသို့ ဆင်းလာခဲ့ကြခြင်းဖြစ်သည်။

လမုတန်းရွာသို့ ရောက်သောအခါ ဆားဖိုသူကြီး ဦးထွန်းသာအောင် ဆားဖို၌ ဝင်ရောက်လုပ်ကိုင်ကြလေသည်။

ထိုရွာတွင် ဆားဖိုလုပ်ငန်းအချို့ ရှိသော်လည်း ဆားဖိုသူကြီး ဦးထွန်းသာအောင်၏လုပ်ငန်းမှာ အကြီးကျယ်ဆုံး ဖြစ်လေသည်။





ဆားချက်သောလုပ်ငန်းမှာ များစွာပင်ပန်းလှသောလုပ်ငန်း ဖြစ်သည်။ မီးဖိုကြီးများနှင့် ဆားချက်ရသည်မှာ မီးအပူရှိန်ဒဏ် ခံရသောကြောင့် များစွာပူပြင်းမှုဒဏ် ခံကြရသည်။

ဆားဖိုသူကြီးမှာ ရခိုင်လူမျိုးတစ်ယောက်ဖြစ်ပြီး နီမောင်နှင့် ထွန်းခိုင်တို့၏လုပ်ရည်ကိုင်ရည်ကို သဘောကျသဖြင့် ဆားချက်လုပ်ငန်းတွင် အလုပ်ပေးခဲ့ခြင်းဖြစ်ပေသည်။ ဆားရရှိရန် နည်းလမ်းအမျိုးမျိုးဖြင့် ထုတ်ယူကြသော်လည်း မြစ်ဝကျွန်းပေါ် အရပ်များ၌မူ ဆားငန်ရေကို မြေကွက်များ၊ လယ်ကွက်များထဲတွင် အတန်အသင့် ခန်းခြောက်သွားသည်အထိ နေလှမ်းအခြောက်ခံထားပြီးမှ ဒယ်အိုးကြီးများထဲ ထည့်ကာ မီးဖြင့် ချက်ယူကြလေသည်။

ဆားကို ရရှိရန် နည်းအမျိုးမျိုး အသုံးပြုကြသော်လည်း ထင်းပေါသော ပင်လယ်နှင့် နီးသည့်အရပ်ဒေသများမှာတော့ ဆားချက်လုပ်ငန်းကိုသာ အဓိကပြု၍ လုပ်ကိုင်ကြသည်။

နီမောင်တို့မှာ ဆားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရင်းနှင့် အခြားအလုပ်သမားနှစ်ယောက်နှင့် ခင်မင်သွားကြလေသည်။ တစ်ယောက်မှာ ကိုမြတ်ကျော်ဆိုသူဖြစ်ပြီး အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

ကိုမြတ်ကျော်မှာ အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး ဇနီးမခင်မေနှင့် အသက်(၁၈)နှစ်အရွယ်ခန့်ရှိသော သမီးဖြစ်သူ မရင်ရွှေတို့ ရှိသည်။

www.burmeseclassic.com



ကျန်တစ်ယောက်ကတော့ လူရွယ်တစ်ဦးဖြစ်ပြီး 'ငရွှေမောင်' ဆိုသူဖြစ်သည်။

ငရွှေမောင်မှာ ကရင်လူမျိုးဖြစ်သည်။

၎င်းတို့လေးယောက်မှာ လုပ်ဖော်ကိုင်ဖက်ဖြစ်ကြသလို အလုပ်ကိုလည်း ကြိုးစားလုပ်ကိုင်ကြသောကြောင့် ဆားဖိုသူကြီးက အားကိုးရသူများဖြစ်သည်။

"မင်းတို့လေးယောက်က ငါ့အတွက် အတော်လေး အားကိုးရသလို လုပ်ငန်းမှာလည်း တိုးတက်မှုလည်း ရှိတယ်၊ ဒါကြောင့် မင်းတို့ရဲ့လုပ်အားခတွေကိုလည်း သင့်တော်အောင် တိုးပေးမယ်၊ ဒီထက်တိုးတက်လာရင် ထပ်တိုးပေးဦးမယ်"

"စိတ်ချပါ သူကြီး၊ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားပါ့မယ်"

"မင်းတို့လို လုပ်ရည်ကိုင်ရည် ရှိကြတဲ့လူတွေက သူများဆီမှာချည်း အလုပ်လုပ်ဖို့ မစဉ်းစားကြနဲ့၊ ငွေလေးဘာလေး စုပြီး ကိုယ်ပိုင်လုပ်ငန်းလေးဘာလေး ထူထောင်နိုင်အောင် ကြိုးစားကြပေါ့၊ အထူးသဖြင့် မြတ်ကျော်နဲ့နီမောင်တို့ဆိုရင် ကိုယ်ပိုင်ဆားဖိုလေး ဘာလေး တည်နိုင်အောင် ကြိုးစားကြပေါ့ကွာ"

"ဟုတ်ကဲ့ပါ"

ဦးထွန်းသာအောင်မှာ အလုပ်သမားဘဝမှ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်လာရာမှ ဆားဖိုသူကြီးဘဝ ရောက်လာသူ တစ်ဦးဖြစ်ရာ အလုပ်သမားများအပေါ်မှာ စာနာမှု ရှိလေသည်။





မည်သည့်အလုပ်သမားအပေါ်မှ ဖိနှိပ်မထားဘဲ သင့်တော်သလို အခွင့်အရေးများ ပေးခဲ့လေသည်။

ထိုကဲ့သို့ စေတနာကောင်းခြင်းကြောင့် ၎င်း၏ဆားဖိုလုပ်ငန်းများမှာလည်း တစ်နေ့တခြား ကြီးပွားတိုးတက်လာလေသည်။ ၎င်းက စေတနာကောင်းသဖြင့် အလုပ်သမားများကလည်း အလုပ်ကို အားကြိုးမာန်တက် လုပ်ကြလေသည်။

တစ်နေ့သ၌ ထင်းတောသို့ သွား၍ ထင်းခွေရန် နီမောင်တို့ အလှည့်ရောက်လာသည်။

ဆားဖို၌ အသုံးပြုသောထင်းများကို အခြားမှ မဝယ်ဘဲ အလုပ်သမားများက တောထဲသို့ အလှည့်ကျ သွားရောက်ကာ ခုတ်ယူကြလေသည်။

"တောက ကြမ်းတယ်၊ တောထဲ ရောက်တဲ့အခါ အမှားအယွင်း မရှိကြစေနဲ့၊ သတိနဲ့ လုပ်ကိုင်ကြပါ"

ဟု တောသို့ မသွားခင် ဦးထွန်းသာအောင်က အတန်တန် မှာလိုက်သေးသည်။

စုစုပေါင်း လေးယောက်သွားကြမည်ဖြစ်ရာ အတွေ့အကြုံ ရင့်ကျက်သော ကိုမြတ်ကျော်က ခေါင်းဆောင်ပြီး နီမောင်၊ ထွန်းခိုင်နှင့် ငရွှေမောင်တို့က နောက်လိုက်အဖြစ် လိုက်ကြရလေသည်။

တောမတက်ခင် ညအချိန်တွင် ဆွမ်းတင်မှု(ဦးရှင်ကြီးနတ် တင်မြှောက်ခြင်း)ကိစ္စ ပြုလုပ်ပြီးမှ ဘောက်တူအကြီးစားဖြင့် သစ်တောများ ရှိရာသို့ သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့ ဆားချက်သောနေရာနှင့် သစ်တောများရှိရာမှာ မဝေးလှသောကြောင့် နေ့ဝက်အချိန်ခရီးမျှနှင့် သစ်တောများသို့ ရောက်သွားကြသည်။

ထိုအချိန်က သစ်တောကြီးပိုင်းဟု ခေါ်သော သစ်တောကြီးများမှာ လူသူနေထိုင်မှု လုံးဝမရှိဘဲ ညို့နေအောင် ကောင်းလှပေသည်။

ကမ်းစပ်တွင် လမုတောများ ဖျူးခြေထောက်များက လတာပြင်ကမ်းတစ်လျှောက် တန်းစီပေါက်နေကြပြီး တောပေါ်၌မူ သစ်ပင်ကြီးများအနေနှင့် ကနစိုပင်က အဓိက ပေါက်ပြီး ကမ္ဗလာပင်၊ လတပင် စသော အခြားအပင်ကြီးများလည်း ရှိလေသည်။

အပင်သေးများအနေနှင့်ကတော့ မြင်းကတော၊ မဒမရဲ့တာ၊ သင်ပေါင်ပင်တော၊ သရေပင်တောများက အများအပြား ပေါက်လေ့ရှိပြီး အခြားအမျိုးအမည်များစွာသော သစ်ပင်တို့ ရှိကြလေသည်။

ထင်းခုတ်ယူသူတို့ အဓိက ထုတ်ယူသောသစ်မှာ သစ်ပင်ကြီးအနေနှင့် ကနစိုသစ်အမျိုးအစားဖြစ်ပြီး သစ်ပင်သေးအနေနှင့် မြင်းကသားဖြစ်သည်။

မြင်းကသားမှာ မီးသွေးဖုတ်ရန် အကောင်းဆုံးဖြစ်ပြီး ကနစိုသစ်မှာ ထင်းဆိုက်ရန်အတွက် အကောင်းဆုံးဖြစ်ပေသည်။

တောထဲ ရောက်သောအခါ သင့်တော်သောချောင်းတစ်ခု အတွင်းမှာ စခန်းချပြီးနောက် တောတက်ရန် ပြင်ကြလေသည်။





ထုံးစံအတိုင်း တောင်ပေါ် တက်ကာနီးတွင် ထမင်းဟင်း၊ ဘဲဥပြုတ်၊ လက်ဖက်၊ ကွမ်းယာ စသည်တို့နှင့် တောပိုင်တောင်ပိုင်များအား တင်မြှောက်ပသကြရပြန်သည်။

ထိုကိစ္စကို ကိုမြတ်ကျော်နှင့်နီမောင်တို့နှစ်ယောက်သာ မှုလုပ်ကြသော်လည်း ကျန်နှစ်ယောက်ကတော့ ဖာသိဖာသာ နေကြလေသည်။

ငင်းတို့နှစ်ယောက်မှာ ဗုဒ္ဓဘာသာဝင် မဟုတ်ကြသဖြင့် ထိုကိစ္စမျိုးကို အလေးအနက်ထားကြခြင်း မရှိပေ။

ထိုအခါ ကိုမြတ်ကျော်က ခေါ်ပြောရသည်။

"မင်းတို့ကလည်းကွာ. . . ကိုယ်မယုံကြည်ရင်တောင် အနားလာပြီး တောင်းပန်တိုးလျှိုးမှုတွေ လုပ်ဦးမှပေါ့၊ အခုလို နေတော့ သူတို့ကို မလေးစားရာ ရောက်တာပေါ့"

"ကျုပ်တို့မှ မလုပ်တတ်တာ"

"မလုပ်တတ်လည်း အနားလာပြီး ထိုင်ပေါ့ကွာ၊ ဒီတောတွေက မထီလေးစား လုပ်လို့မရဘူး၊ တောကြမ်းတယ်"

ဟု ပြောမှ နှစ်ယောက်သား အနားလာထိုင်ကြလေသည်။

တင်မြှောက်ပသပြီး၍ ထမင်းပွဲနှင့်ဟင်းပွဲကို ရေထဲ စွန့်ပစ်လိုက်သောအခါ 'ဝုန်း' ကနဲ အသံကြားလိုက်ရပြီးနောက် လှေတစ်စင်းလုံး သိမ့်သိမ့်တုန်သွားလေတော့သည်။

ထိုအခါ လေးယောက်သား အသံကြားရာသို့ ငုံ့ကြည့်လိုက်သောအခါ (၁၄)တောင်ခန့် အလျားရှည်သော ငင်းတို့လှေနှင့် ဆား



www.burmeseclassic.com

www.burmeseclassic.com



ချင်းယှဉ် ပေါ်နေသော မိကျောင်းကြီးတစ်ကောင်ကို တွေ့ကြရ
သည်။

"ဟာ. . . မိကျောင်းကြီးဟ"

ထိုအခါမှ လေးယောက်သား ပို၍ထိတ်လန့်ကြောက်ရွံ့
သွားကြရှာလေတော့သည်။

မိကျောင်းကြီးမှာ ပါးစပ်ကို ဟလျက် ပေါ်နေရာမှ ရုတ်တ
ရက် ရေအောက်သို့ ဦးခေါင်းက တဖြည်းဖြည်းနှင့် မြုပ်ကျသွားလေ
သည်။

ပြီးမှ တစ်ကိုယ်လုံး တဖြည်းဖြည်းနှင့် မြုပ်သွားပြီး မရှေး
မနှောင်းမှာပင် ကြီးမားသောအမြီးကြီးက ဝဲကနဲ အပေါ်သို့ တက်
လာကာ ရိုက်ချလိုက်လေတော့သည်။

"ဝုန်း. . ."

အခြေအနေကို မြင်ကတည်းက စိတ်ထဲမှာ စိုးရိမ်ထိတ်
လန့်နေသော ကိုမြတ်ကျော်နှင့်နီမောင်တို့မှာ မိကျောင်းအမြီးကြီး
ရေထဲမှ ဝဲကနဲ တက်လာသည်နှင့် နောက်သို့ ဆုတ်ပေးလိုက်နိုင်
သော်လည်း ထွန်းခိုင်နှင့် ငရွှေတို့မှာ မလွတ်မလပ် ဖြစ်ကာ မျက်နှာ
ကို ရိုက်မိသွားကြသည်။

"ဖြောင်း"

"အား. . ."

နှစ်ယောက်စလုံး ရေထဲ ကျလုကျခင်ဖြစ်သွားရာ နီမောင်
တို့က အချိန်မီ ဖမ်းဆွဲနိုင်၍သာ ကံကောင်းသွားကြခြင်း ဖြစ်လေ






သည်။ သို့တိုင်အောင် နှစ်ယောက်စလုံးမျက်နှာပေါ်မှာ ဒဏ်ရာ
ဒဏ်ချက်များ ရသွားကြလေတော့သည်။

လှေနံဘေးမှာတော့ အတန်ကြာအောင် ရေပွက်ကြီး ထနေ
ပြီးမှ တဖြည်းဖြည်း ပြန်ငြိမ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆားဗိုစောင့်မိစ္ဆာ

အခန်း(၂)

# ပင်းပူထူနေသော သရဲမျက်နှာနှင့်လူ

**နောက်**တစ်နေ့ နံနက်ပိုင်းအချိန်တွင် ဝမ်းဗိုက်ပြည့်အောင် စားသောက်ကြပြီးသောအခါ တောတက်ရန် ပြင်ဆင်ကြသည်။ လှံ၊ ဓား၊ ကပ်ပါး၊ သောက်ရေထည့်ထားသော ရေနွေးအိုး ကွမ်း ဆေး ထည့်ထားသောဗူး စသည့် ရိက္ခာပစ္စည်းများ စုံလင်အောင် ယူကြရသည်။

လေးယောက်စလုံး အဝတ်ကြမ်းများ ဝတ်ဆင်ထားသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အချို့နေရာများမှာ အသားများ ပေါ်နေရာ ရေငန်အရပ်တွင် များစွာပေါလှသော ပိုးလောင်းသတ္တဝါများ ကိုက်ခဲမှု ခံကြရလေသည်။

ပိုးလောင်းဆိုသောသတ္တဝါမှာ ဖြတ်ကောင်လောက်ပင် ရှိကြသော်လည်း အကိုက်ခံရပါက အသားပေါ်မှာ အဖုအပိမ့်များထွက်လာပြီး လွန်စွာယားယံလှပေသည်။

သို့ကြောင့် အဝတ်မရှိသောနေရာများကို ပိုးလောင်းကိုက်ခြင်းမှ သက်သာစေရန် ရေနံချေးများကို သုတ်လိမ်းကြရလေသည်။ အားလုံး အဆင်သင့် ပြင်ပြီးသောအခါ တောပေါ်သို့ တက်ကြလေသည်။ ရှေးအခါက သစ်တောကြီးများမှာ လူတိုး၍မရလောက်အောင် ကောင်းလှပေရာ လူတစ်ယောက် သွားရန်အတွက်ပင် ခုတ်ထွင်ရှင်းလင်းပြီးမှ သွား၍ရလေသည်။

အများအားဖြင့် တောစပ်နေရာများမှာ ဗျူးခြေထောက်ပင်များ အများဆုံးပေါက်လေ့ရှိပြီး ရေစပ်နှင့် နီးသောနေရာများမှာ လမုဗင်တောများရှိသည်။

ကုန်းပေါ် ရောက်သွားလျှင်တော့ အချို့နေရာများမှာ သရေပင်တောများ ရှိပြီး အချို့နေရာများမှာ ဆူးများလှသော သင်ပေါင်းတောများ ရှိတတ်ပေသည်။

တောတွင်းမှာ ပေါက်သောသစ်ပင်များမှာ အများအားဖြင့်တော့ အမျိုးအစားအလိုက် တစုတဝေးတည်း ပေါက်လေ့ရှိကြသည်။ ထိုတောများမှ လွန်လျှင်တော့ ကနစိုတောကြီးများ ရှိရာသို့





ရောက်လေသည်။

ကနစိုတောများမှာ ကမ်းစပ်နှင့် မနီးမဝေးနေရာတွင် ရှိတတ်ကြလေသည်။

မဒမ၊ ဗျိုက်နှင့် မြင်းကဗျိုက်များကတော့ ရေနှင့် ဝေးသော ကုန်းတန်းနေရာများတွင် အစုလိုက် ပေါက်လေ့ရှိရာ ၎င်းနေရာများကို ဗျိုက်တောဟု ခေါ်ဝေါ်ကြလေသည်။

တောထဲ ရောက်သောအခါ လူစုခွဲလိုက်ကြသည်။

ကနစိုသစ်ပင် ဖြတ်ယူမည့်သူကနှစ်ယောက်၊ မြင်းကသား ခုတ်မည့်သူကနှစ်ယောက် ခွဲလိုက်ကြသည်။

"အစ်ကိုတို့နှစ်ယောက်က မြင်းကသား သွားကြချေ၊ ကျုပ်တို့နှစ်ယောက်က ပင်ပန်းတဲ့ ကနစိုသစ်ပင်လှဲတဲ့အလုပ် လုပ်ပါ့မယ်"

ဟု ငရွှေမောင်က ပြောသည်။

သူပြောသလိုပင် ကနစိုသစ်မှာ သစ်ပင်ကြီးမျိုး ဖြစ်သောကြောင့် လှဲရဖြတ်ရသည်မှာ များစွာပင်ပန်းလှသည်။

'လှေထိုး လှော်တိုက် လူမိုက်အလုပ်' ဟူသောစကားအံတိုင်း သော်ရုံဖွဲ့မရှိသူတို့ မလုပ်နိုင်သောအလုပ်မျိုးဖြစ်သည်။ မြင်းကပင်ကတော့ ဆီးပင်ခန့်မျှသာရှိသော အပင်သေးမျိုး ဖြစ်သဖြင့် ဓားတစ်ချောင်း၊ ကပ်ပါးတစ်လက်ရှိရုံနှင့်ပင် တစ်ယောက်တည်း ခုတ်ယူနိုင်သော အပင်ငယ်မျိုးဖြစ်လေသည်။

"ကဲ. . . ဒါဖြင့် ငါတို့နှစ်ယောက်က မြင်းကတောကို သွားခုတ်နှင့်မယ်၊ မင်းတို့က သစ်ပင်လှဲပြီး ဖြတ်နှင့်ကြပေတော့၊ သတိ



www.burmeseclassic.com

www.burmeseclassic.com



ဝီရိယနဲ့ လုပ်ကြနော်"

"စိတ်ချပါ အစ်ကိုရာ"

ထွန်းခိုင်က အရေးမကြီးသလို ပြန်ပြောလေသည်။

"နောက်ပြီး ကိုယ့်စိတ်ထဲမှာ ယုံကြည်တာ မယုံကြည်တာ အပထား တောထဲမှာဆိုတာ မပြောသင့်တဲ့စကားတွေ မပြောကြရဘူး"

ဟု ကိုမြတ်ကျော်က ထပ်မှာပြီး နီမောင်နှင့်အတူ တောထဲသို့ ဝင်သွားကြလေတော့သည်။

ထိုအခါ ထွန်းခိုင်က ပြောသည်။

"မနေ့ညက မိကျောင်းပုတ်တာ မင်းဘယ်လိုသဘောရသလဲ ငရွှေမောင်"

"ရေထဲမှာ မိကျောင်းရှိနေတာ ဘာဆန်းလို့လဲ၊ ဒီရေငန်ချောင်းတွေထဲမှာ မိကျောင်းသိုက်တွေ အများကြီး ရှိမှာတော့ မိကျောင်းတွေ ပေါလိုက်တာ ငါးသားပေါက်တွေအတိုင်းပဲ"

"အစ်ကိုမြတ်ကျော်တို့ကတော့ သူတင်မြှောက်နေတုန်း ငါတို့နှစ်ယောက် မလေးမစား လုပ်မိလို့ တောပိုင်တောင်ပိုင်တွေက သတိပေးတာလို့ ထင်နေကြတယ်"

"မဟုတ်ပါဘူးကွာ. . . သူတို့ဇာတွေက စိုးရိမ်စရာ မရှိကြံဖန်ပြီး စိုးရိမ်နေကြတာပါ၊ သူတို့လို စိုးရိမ်နေပုံနဲ့ဆိုရင် တောထဲမှာ အီးတောင် ခပ်ကျယ်ကျယ် ပေါက်ဝံ့တော့မှာ မဟုတ်ဘူး"

ကရင်လူမျိုးဖြစ်သောငရွှေမောင်က စကားကို ဟောဟော





ဒိုင်း ပြောချလိုက်ပြီးနောက် နှစ်ယောက်သား သစ်ဖြတ်ရန်အတွက် သင့်တော်သော ကနစိုပင်များ လိုက်လံရှာဖွေကြလေသည်။

ထိုသို့ရှာနေစဉ်မှာပင် တစ်နေရာ ရောက်သောအခါ တောထဲမှာ တတုံတုံနှင့် တစ်စုံတစ်ခုကို ထုရိုက်နေသောအသံ ကြားရသဖြင့် နှစ်ယောက်သား ရပ်ပြီး နားစွင့်လိုက်ကြလေသည်။

"တုံ. . . တုံ. . . တုံ"

အသံကြားနေရသောနေရာမှာ သူတို့ရောက်နေသောနေရာနှင့် သိပ်မဝေးလှပေ။

"ဘာသံလဲကွ"

"ငါလည်း ဘယ်သိပါ့မလဲ၊ သွားကြည့်မှပဲ သိရတော့မှာပေါ့"

"လာ. . . သွားကြည့်ကြမယ်"

ဟု ပြောဆိုကာ နှစ်ယောက်သား အသံကြားရာဘက်သို့ ထွက်ခဲ့ကြလေသည်။

ကြားနေရသောအသံမှာ နီးလာသည်နှင့် တဖြည်းဖြည်းနှင့် အသံကျယ်လာလေသည်။

"တုံ. . . တုံ. . . တုံ"

ချုံနွယ်များ ပိတ်ဆီးနေသောနေရာတစ်ခုကို ကျော်လိုက်သည်နှင့် သစ်တုံးကြီးတစ်တုံးကို ထောင်ကာ ဆောက်တစ်လက်ခုံတစ်လက်နှင့် ပန်းပုထုနေသော အဖိုးကြီးတစ်ယောက်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြရလေသည်။

နှစ်ယောက်သား အတော်ကလေး အံ့သြသွားလေသည်။

တောထဲမှ သစ်တုံးကို ယူပြီး ပန်းပုထုလျှင်တော့ အဆန်း တကြယ် မရှိလှပေ။

တောနက်ထဲမှာ တစ်ယောက်တည်း ပန်းပုလာထုနေသည် ကတော့ အတော်ကလေး ဆန်းလှပေသည်။

သူတို့နှစ်ယောက် အနားရောက်သွားသည့်တိုင် အဖိုးအိုက ဂရုမစိုက်ဘဲ သူ့အလုပ်ကိုသာ ဆက်လုပ်နေသည်။

ကျောပေးထားသောကြောင့် မျက်နှာကိုလည်း မမြင်ရသေး ပေ။

"ဘာလုပ်နေတာလဲ အဘ"

ထွန်းခိုင်က မေးလိုက်သည်။

"အရုပ်ထုနေတာလေ"

အဖိုးကြီးက လှည့်မကြည့်ဘဲ ပြောသည်။

"ဘာရုပ်ထုနေတာလဲဗျ"

"သရဲရုပ်"

"ဟင်. . ."

တုံးတိတိ ပြန်ဖြေလိုက်သောအသံကြောင့် နှစ်ယောက် သား အနည်းငယ် တွန့်သွားကြလေသည်။

"ဘာလုပ်ဖို့ ထုနေတာလဲဟင်"

"အသက်သွင်းပြီးတော့ ခိုင်းစားဖို့ပေါ့ကွာ၊ ဒီမှာ တစ်ရုပ်





ကောင် ထုပြီးသွားပြီ၊ ငါထုထားတဲ့အရုပ် လက်ရာမြောက်ရဲ့လား ဆိုတာ ကြည့်ပါဦး"

ဟု ပြောကာ နံဘေးနားမှာ ချုံများဖြင့် အုပ်ထားသောအရုပ် ကြီးတစ်ရုပ်ကို အပေါ်မှ ပုံထားသောချုံများကို ဖယ်ပြီးပြလေသည်။

"ဟာ. . ."

"အမယ်လေး"

သတ္တိကောင်းလှသည်ဆိုသော နှစ်ယောက်စလုံး မျက်လုံး များ ပြူးသွားကြလေသည်။

အဖိုးကြီးထုထားသောအရုပ်မှာ ပန်းပုရုပ်သာ ဆိုရသော် လည်း တကယ်သရဲတစ်ကောင် ဆောင့်ကြောင့်ထိုင်နေသည်နှင့် များစွာတူလှပေရာ ရုတ်တရက် မြင်ရသောအခါ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြလေသည်။

ကတုံးပြောင်နေသောအရုပ်မှာ မျက်လုံးကပြူးပြူး၊ နှာ ခေါင်းက ပွပွ၊ ပါးစပ်က ပြဲနေပြီး အစွယ်များ ရှိသောပါးစပ်ထဲမှ လျှာက တစ်ပိုင်းတစ်စ ထွက်နေသေးသည်။ ကိုယ်လုံးက ပုပုဝဝ ဖြစ်ပြီး ခြေတံလက်တံများက ရှည်ထွက်နေလေသည်။

ရုတ်တရက်ကြည့်လျှင် အသက်ရှိနေသော သရဲတစ် ကောင်နှင့် တူလှပြီး ဒူးနှစ်ဖက်ကို ထောင်ထားပြီး ဆောင့်ကြောင့် ထိုင်ကာ လက်နှစ်ဖက်ကို ရှေ့သို့ တွဲလောင်းချထားသောပုံစံမျိုးဖြစ် သည်။

နောက်ထပ် ထုလက်စအရုပ်မှာ နတ်ဆိုးပုံသဏ္ဍာန် ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်အနေအထားမျိုးဖြစ်သည်။

လက်နှစ်ဖက်နှင့်ကိုယ်လုံးက လူပုံသဏ္ဍာန်ဖြစ်ပြီး မျက်နှာက ငှက်ဆိုးပုံသဏ္ဍာန်မျိုးဖြစ်သည်။

"ခင်ဗျားအရုပ်တွေကလည်း ကြောက်စရာကောင်းလိုက်တာ"

"သရဲဆိုမှတော့ ချောချောလှလှဖြစ်ပါ့မလား၊ မင်းတို့ရော သရဲမဖြစ်ချင်ဘူးလား"

"ထွီ. . . နိမိတ်မရှိ နမာမရှိ. . . မဖြစ်ချင်ပါဘူးဗျာ"

ထွန်းခိုင်က ဒေါသတကြီး ပြန်ပြောလိုက်ရာ အဖိုးကြီးထံမှ ရယ်သံတိုးတိုးထွက်လာသည်။

"လူသေပြီးရင် ဘယ်ဘဝ ရောက်ရမယ်ဆိုတာ ကြိုမှ မသိနိုင်တာ၊ သရဲမကဘူး ဖုတ်၊ ပြိတ္တာ၊ ကျတ်၊ မှင်စာ၊ တစ္ဆေအထိ ဘဝအမျိုးမျိုး ရောက်နိုင်တာပဲ၊ ကောင်းမှုလုပ်နေတဲ့လူတွေတောင်မှ အယူလွဲရင် တစ္ဆေသရဲဘဝ ရောက်ချင်ရောက်နိုင်တာပဲ၊ ကောင်းမှုကုသိုလ်ဆိုလို့ တစ်ပြားသားလောက်မှ မရှိတဲ့ မင်းတို့လိုလူတွေအတွက်ကတော့ သေရင် တစ္ဆေသရဲ ဖြစ်ရုံကလွဲပြီး တခြားဘာများ ရှိဦးမှာလဲ"

ဟု ပြောရာ ငစွေမောင်က ဒေါသတကြီးနှင့် ရှေ့တိုးသွားရာ ထွန်းခိုင်က ဆွဲထားလိုက်ရလေသည်။

အဖိုးကြီးထံမှ ရယ်သံတိုးတိုးကြားရပြီး ငှက်ဆိုးနှင့် ပုံသဏ္ဍာန်တူသောအရုပ်ကြီးကို ဆက်ထုနေလေသည်။





"တုံ. . . တုံ. . . တုံ"

ထွန်းခိုင်တို့နှစ်ယောက်လည်း ထိုနေရာမှ ပြန်လှည့်ခဲ့လေသည်။ မလှမ်းမကမ်းရောက်မှ လှမ်းမေးလိုက်သော အဖိုးကြီး အသံကို ကြားရလေသည်။

"ငါ့အရုပ်ကြီးတွေကို အသက်သွင်းဖို့ ဝိညာဉ်နှစ်ကောင်လောက်တော့ လိုနေတယ်၊ မင်းတို့နှစ်ယောက်ရဲ့ဝိညာဉ်ရရင်တော့ အတော့်ကို အဆင်ပြေမှာပဲ"

ထိုအသံကြားသဖြင့် နှစ်ယောက်သား နောက်သို့ လှည့်ကြည့်လိုက်ရာ အဖိုးကြီးကလည်း လှည့်အကြည့်နှင့် ကြုံကြိုက်ရာ ထိုအခါမှ အဖိုးကြီးမျက်နှာကို တွေ့ရလေတော့သည်။

အဖိုးကြီးမျက်နှာမှာ လူတစ်ယောက်မျက်နှာနှင့် သိပ်မတူလှဘဲ သူ ထုနေသောအရုပ်၏မျက်နှာကဲ့သို့ သရဲသဘက်မျက်နှာမျိုးလို ကြောက်မက်ဖွယ်ရာကောင်းလှသဖြင့် နှစ်ယောက်သား ထိုနေရာမှ ခပ်သုတ်သုတ် ထွက်ခဲ့ကြလေတော့သည်။

"အဖိုးကြီးမျက်နှာကလည်း သူထုနေတဲ့ သရဲရုပ်မျိုးလို ကြောက်စရာကောင်းလိုက်တာကွာ"

"ဟုတ်ပါရဲ့. . . ငါတို့ကို နေ့ခင်းကြောင်တောင် သရဲခြောက်နေသလားတောင် အောက်မေ့ရတယ်၊ လူအစစ်မှ ဟုတ်ရဲ့လား မသိပါဘူး"

"ငါတို့ကို တောခြောက်နေတာလား ထွန်းခိုင်"

"ငါလည်း ဘယ်သိပါ့မလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"တောထဲမှာ အဖိုးကြီးတစ်ယောက်တည်း ပန်းပုထုနေတာ တော့ ဘယ်နည်းနဲ့မှ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး' ထင်တယ်"

"ဘာပဲဖြစ်ဖြစ်ကွာ. . . ကိုယ့်အလုပ် ကိုယ်လုပ်နေတာပဲ၊ ာယ်သူ့မှ ဂရုစိုက်စရာ မလိုပါဘူး၊ ကဲ. . . သစ်ပင်လှဲစရာရှိတာ လှဲကြရအောင်"

ဟု နှစ်ယောက်သား ပြောဆိုတိုင်ပင်ကာ ထင်းအတွက် သစ်ပင်လှဲရန် နေရာသို့ ပြန်လာကြလေသည်။

သူတို့လှဲဖြတ်ရန် ရွေးချယ်ထားသောသစ်ပင်မှာ လုံးပတ် အရွယ်တော် သစ်ပင်ကြီးတစ်ပင်ဖြစ်လေသည်။

ထိုသစ်ပင်ကို လှဲဖြတ်ရန် ပြင်ဆင်နေစဉ်မှာ တောနက်ထဲမှ အသံအချို့ ကြားရလေသည်။

"ဝိညာဉ်နှစ်ကောင် လိုချင်တယ်ဟေ့"

ထိုအသံကြားသောအခါ နှစ်ယောက်စလုံး မျက်လုံးပြူး သွားကြလေသည်။

"ဒီအသံဟာ စောစောက အဖိုးကြီးအသံ မဟုတ်လား ငွေ မောင်"

"ဟုတ်မယ်ထင်တာပဲ. . . ဒါပေမယ့် သူက ဘာကြောင့် ငါတို့ဆီက ဝိညာဉ်လာတောင်းရမှာလဲ"

"ငါ့စိတ်ထဲမှာတော့ နည်းနည်းကြောက် သာသလိုပဲ. . . ကိုမြတ်ကျော်တို့ ပြောတာ မှန်များမှန်နေရော့သလား"

"ဘာမှန်တာလဲ"





"ဒီတောတွေက တောကြမ်းတယ်၊ ဆိုတာများ မှန်နေသလား"

"မှန်လည်း ငါတို့က သူတို့ကို ဘာလုပ်တာမှ တိုက်လာပြီး အလုပ် ကိုယ်လုပ်နေတာပဲ၊ အရေးစိုက်စရာ မလိုပါဘူး ကနစိုပင်

ဲကျ

ဟု ပြောရင်း သစ်ပင်ကို လှဲချလိုက်လေသည်။

သစ်ပင်မှာ အရွယ်တော်မျှသာ ရှိသောကြောင့် သိပ်ကြာ ကြာ မလှဲရဘဲ လဲကျသွားလေတော့သည်။

"ဝေါ. . . ဝေါ. . . ဝေါ"

သို့သော် သစ်ပင်က မြေပေါ်သို့ ရောက်အောင် ကျမသွား ဘဲ ဂုံညင်းနွယ်ကြိုးများပေါ်သို့ တင်ကာ ဒန်းစီးသကဲ့သို့ လှုပ်ယမ်းနေ လေတော့သည်။

"သစ်ဒန်းစီးနေပြီဟေ့"

ဒီတစ်ခါတော့ အယူသီးလှသော ငွေမောင်ကိုယ်တိုင် မျက်လုံးပြူးသွားလေသည်။

သစ်ပင်အောက်ခြေပြတ်သွားသော်လည်း အဖျားပိုင်းက ဂုံညင်းနွယ်များပေါ် တင်နေပြီး ဒန်းစီးသကဲ့သို့ လှုပ်ယမ်းနေရာ အန္တရာယ်များလှသော အနေအထားမျိုးဖြစ်သည်။

ထိုအခြေအနေမျိုးမှာ အပေါ်၌ ချိတ်မိနေသော နွယ်ကြိုး ကို မည်သူမျှ တက်မဖြတ်ဝံ့ပေ။

အကယ်၍ အရဲစွန့်၍ တက်ဖြတ်ပါက အန္တရာယ်နှင့် တွေ့ရ ည်မှာ မုချပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောထဲမှာ ကြမလဲ"

တော့ ဘယ်နည်း မကျတော့လဲ နောက်တစ်ပင် ထပ်လှဲချရုံပေါ့

"ဘာပါ

ဘယ်သူ့မှ ဟု ပြောပြီး အခြားသစ်ပင်တစ်ပင်ကို နွယ်ကြိုးတင်နေသည့်

လှဲကြ ပင်ပေါ်သို့ ထပ်လှဲချရန် ပြင်နေကြစဉ်မှာ မမျှော်လင့်သော

အဖြစ်အပျက်တစ်ခု ပေါ်လာလေတော့သည်။

အခြားမဟုတ်ပေ. . .။

ဂုံညင်းနွယ်ကြိုးများပေါ် တင်နေပြီး ဒန်းစီးသကဲ့သို့ ဖြစ်နေ

သော ကနစိုပင်ကြီးမှာ သားရေကြိုးနှင့် ပင့်တင်လိုက်သကဲ့သို့ ဖြစ်

ကာ ဝေါကနဲ ပြန်ထောင်တက်လာလေတော့သည်။

"ဟာ. . ."

အောက်ခြေပြတ်နေပြီဖြစ်သော ကနစိုပင်ကြီး ပြန်ထောင်

တက်သွားသည်ကို မြင်သောအခါ နှစ်ယောက်စလုံး မျက်လုံးပြူ

သွားကြသည်။

ထိုအခိုက်မှာပင် 'တဝေါဝေါ' နှင့် လေပြင်းများ တိုက်ခတ်

လာပြီးနောက် အောက်ခြေပြတ်နေပြီဖြစ်သော ကနစိုပင်ကြီးမှာ

အရက်မူးနေသော လူတစ်ယောက်ကဲ့သို့ ယိမ်းထိုးလှုပ်ရှားလျက်

ရှိနေတော့သည်။

"ထွန်းခိုင်ရေ. . . အခြေအနေမကောင်းဘူးဟေ့၊ သစ်ပင်

ကြီးကို အပမှီနေပြီ. . . ပြေးကြစို့"

ဟု အော်ကာ မိမိတို့၏ပစ္စည်းများဖြစ်သော လွှ၊ ဓား၊ ပေါက်





ဒန်း စသည်တို့ကို ယူဆောင်ကာ နှစ်ယောက်သား ထွက်ပြေးကြ

သည်။

ထိုအချိန်မှာပင် လေပြင်းတစ်ချက်က ဝေါကနဲ တိုက်လာပြီး

နောက် အောက်ခြေခုံပေါ်မှာ တကျွိကျွိနှင့် လည်နေသော ကနစိုပင်

ကြီးမှာ သူတို့နှစ်ယောက် ရှိရာဘက်သို့ တည့်တည့်မတ်မတ် လဲကျ

လာလေတော့သည်။

သို့ကြောင့် နှစ်ယောက်စလုံး ဘေးလွတ်ရာသို့ ထွက်ပြေးကြ

ရာ သစ်လုံးဖြင့် မပိမိစေကာမူ ကိုင်းဖျားရှိ သစ်ရွက်များနှင့် ရိုက်မိ

၍ဖြင့် လဲကျသွားလေတော့သည်။

"အား. . ."

ထိုသို့လဲကျပြီးနောက် အတန်ကြာသောအခါ လေပြင်း

တိုက်ခတ်သံများလည်း ပြန်လည်ငြိမ်သက်သွားလေတော့သည်။

တောတစ်ခုလုံး ထူးထူးခြားခြားကြီး ငြိမ်ကျသွားလေသည်။

နှစ်ယောက်စလုံး သစ်ပင်ကိုင်းများအောက် ပိနေသော်

လည်း အသက်တော့ မသေကြသေးပေ။

ထိုအခိုက်မှာပင် တောတိုးလာသောခြေသံကြားရပြီး အနီး

သို့ လူတစ်ယောက် လာရပ်ကာ သစ်ကိုင်းများကို လက်ဖြင့် ဆွဲဖယ်

လိုက်လေသည်။

ပထမတော့ မိမိတို့လူများဖြစ်လေမလားဟု ထင်လိုက်မိ

သော်လည်း မျက်နှာမြင်ရတော့မှ မဟုတ်မှန်း သိရလေသည်။ ၎င်း

တို့ လာငုံ့ကြည့်သောမျက်နှာမှာ ပန်းပုထုနေသော သရဲရုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမျက်နှာပင်ဖြစ်တော့သည်။

"အော်. . . ကုသိုလ်ကံလေးက မကုန်သေးတော့ မသေဖြစ်သေးဘဲကိုး"

ဟု ပြောကာ ပြန်လှည့်ထွက်သွားလေသည်။

အတန်ကြာတော့မှ ထွန်းခိုင်နှင့် ငရွှေမောင်တို့မှာ သစ်ကိုင်းများအောက်မှ တိုးထွက်လာပြီး ကြည့်လိုက်သောအခါ စောစောက အဖိုးကြီးကို မတွေ့ရတော့ပေ။







အခန်း(၃)

# သရဲဘဝရောက်သော်လည်း အပေါင်းအသင်းခင်သူ

ထိုအကြောင်းကို လှေသို့ ပြန်ရောက်ကြပြီး နီမောင်တို့တို ပြန်ပြောပြသောအခါ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြလေတော့သည်။

"မင်းတို့ကို ငါ အတန်တန် ပြောထားပါရက်နဲ့ ဒီလိုဖြစ်ရတယ်၊ မသေကောင်းမပျောက်ကောင်းမို့သာ ဒီလိုပြန်တွေ့ရတယ်လို့ မှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်ကျော်က စိုးရိမ်စိတ်ဖြင့် ပြောလေသည်။

"ကျုပ်တို့လည်း ဒါမျိုးတွေ မကြုံဖူးတော့ ဘယ်သိပါ့မ ဒါဖြင့် တောထဲမှာ တွေ့ခဲ့တဲ့ အဖိုးကြီးက လူမဟုတ်ဘူးပေါ့"

"ဒီလောက်တောနက်ပြီး ကြမ်းတဲ့နေရာမှာ ဘယ်သူက စိ အေးအေးနဲ့ ပန်းပုလာထုနေပါ့မလဲ၊ စိတ်ရှုးပေါက်ပြီး လာနေ လည်း တစ္ဆေသရဲ မတွေ့ရင်တောင်မှ တောကောင်ဆွဲလို့ သေတ ကြာလှပြီ"

"စောစောကတော့ သိပ်မသိလို့ မကြောက်လှဘူး၊ အခုမှ ပြမှပဲ ကြောက်သလိုလိုဖြစ်လာတယ်၊ သရဲတစ္ဆေက အခုလို လ ယောင်ဆောင်ပြီး လူတွေကို အခုလို ခြောက်လှန့်လို့ ရပါ့မလား"

အယူသီးလှသော ထွန်းခိုင်က မေးလိုက်သည်။

"ခြောက်လှန့်လို့ ရသလား မရသလားဆိုတာ အခု မင်းတို့ လက်တွေ့ပဲ မဟုတ်လား၊ ဖုတ်ဝင်တဲ့လူတွေဆိုရင် ခြောက်လှန့်ရုံ မကဘူး၊ လူတွေနဲ့ အတူနေလို့တောင် ရသေးတယ်"

"ဘယ်လိုအဖြစ်မျိုးတွေလဲ. . . ကျုပ်တို့ကိုလည်း သိအောင် ပြောပြပါဦး"

ဟု ပြောရာ ကိုမြတ်ကျော်က ၎င်းကြုံတွေ့ခဲ့ရသော အဖြစ် အပျက်တစ်ခုကို ပြောပြလေသည်။

လွန်ခဲ့သော နှစ်အနည်းငယ်က ဖျာပုံဒိစတြိတ်(ဖျာပုံခရိုင်) ရှမ်းကွင်းကြီးရွာတွင် ကိုကျော်ဝေဆိုသူမှာ လူရွယ်တစ်ယောက်ဖြစ် ကာ သဘောမနောကောင်းပြီး ခင်မင်သူ မိတ်ဆွေအပေါင်းအသင်း





ားသူတစ်ယောက်ဖြစ်လေသည်။

တစ်နေ့သ၌ မမျှော်လင့်ဘဲ ရောဂါတစ်ခု ဝင်ကာ ကိုကျော် မှာ သေဆုံးသွားလေတော့သည်။

ထိုအခါ ကျန်ခဲ့သော မိဘဆွေမျိုးများက အသုဘကို (၇) ထားပြီး ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများကို ဖိတ်ကြားသဖြင့် မင်သော မိတ်ဆွေသူငယ်ချင်းများ ရောက်ရှိလာကြလေသည်။

"ကျော်ဝေ သေသွားတာ သူငယ်ချင်းတစ်ယောက် လျော့ ားတာပေါ့ကွာ၊ တကယ်လို့ တစ္ဆေသရဲဘဝ ရောက်နေရင်တောင် တို့ကတော့ မကြောက်ပါဘူး"

ထိုသို့ပြောနေစဉ် နောက်မှ လက်အေးကြီးနှင့် လာရောက် တ်လိုက်သဖြင့် လန့်ဖျတ်သွားကာ နောက်သို့ လှည့်ကြည့်လိုက် သောအခါ ရုတ်သွားသော လက်တစ်ဖက်ကိုသာ မြင်လိုက်ရပြီး ခြားအကောင်အထည်ကိုတော့ မမြင်လိုက်ရပေ။

ထိုလူလည်း လန့်သွားသဖြင့် နောက်ထပ်စကားမဆက်ဝံ့ တော့ပေ။ ညနေပိုင်းအချိန်တွင် ဧည့်သည်များကို ချက်ကျွေးရန် တ်ခုတ်နေစဉ် နံဘေးနားမှာ သတ်၍ချထားသော ကြက်တစ် ကောင် ရုတ်တရက် အသက်ဝင်လာပြီးနောက် ထလျှောက်သွား ဖြင့် တအံ့တသြ ကြည့်နေစဉ်မှာ မလှမ်းမကမ်းနေရာ ရောက် သောအခါ ဖုတ်ကနဲ ပြန်လဲသွားလေသည်။

ကြက်ကိုင်နေသူများက အသက်မသေဘဲ သွေး နှင့် ထလျှောက်သွားသည် ထင်သဖြင့် ပြန်ကောက်ကာ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပင်းလိမ်သတ်ကာ အနားပြန်ချထားသည်။

နောက်တစ်ခါ ထိုကြက်ကို အမွေးနှုတ်ရန် လှမ်းယူလိုက်စဉ်မှာ ကြက်က ငေါက်ကနဲ ထကာ ပြေးသွားပြီး တစ်လံနှစ်လံနေရာရောက်သောအခါ လဲကျသွားပြန်လေသည်။

ထိုအခါ သာမန်မဟုတ်တော့မှန်း သိကြပြီးနောက် များစွာထိတ်လန့်ကြောက်ရွံ့မှုဖြစ်ကြလေသည်။

စောစောက တစ္ဆေသရဲဖြစ်နေရင်တောင် မကြောက်ပါဟု ပြောနေကြသူများပင် မနေဝံ့ကြတော့ဘဲ ဖဲဝိုင်းတွင် ဖဲချနေသူများရှိရာသို့ ထပြေးကြလေတော့သည်။

"ဘာဖြစ်လို့လဲဟ"

ဖဲချနေသော ကိုမှူတူးဆိုသူက လှမ်းမေးလိုက်သည်။

"ကျုပ်တို့ ဟင်းချက်မလို့ လုပ်နေကြတုန်း ကျော်ဝေ လာခြောက်နေလို့ဗျ"

"ဟုတ်မယ်မထင်ပါဘူးကွာ. . . ဘယ်လို ခြောက်တာလဲ"

ပြေးလာသူတို့က သူရဲခြောက်ပုံခြောက်နည်း ပြောပြလိုက်ကြသည်။

"မဖြစ်နိုင်ပါဘူးကွာ. . . ကျော်ဝေက လူကောင်းပဲ၊ သရဲဘဝ ရောက်မှာ မဟုတ်ပါဘူး၊ မင်းတို့ မချက်ဝံ့ရင် ငါသွားချက်မယ်"

ဟု ပြောကာ ကိုမှူတူးဆိုသူက အရက်ကလေး တထွေထွေနှင့် ဟင်းချက်ရန် ချထားသော ကြက်များရှိရာသို့ ထသွားလေသည်။ ထို့နောက် ကြက်များကို ကိုင်ပြီး ဟင်းချက်ရန် ပြင်ဆင်နေစဉ်





ကြက်သွန်နီဥကြီးတစ်ဥက ကျောသို့ လာမှန်ပြီး အနီးသို့ ကျလာလေသည်။

ကိုမှူတူးမှာ ကြောက်ရွံ့တတ်သူ မဟုတ်သည်က တစ်ကြောင်း၊ နောက်မှလူများ နောက်ပြောင်နေသည်ဟု ထင်သောကြောင့် လှည့်ပင် မကြည့်တော့ဘဲ ကြက်သွန်ဥကို ကောက်ယူကာ ဟင်းအိုးထဲ ပစ်ထည့်လိုက်သည်။

နောက်တစ်လုံး လာမှန်သောအခါမှာလည်း ထိုကဲ့သို့ပင် ကောက်ယူပြီး ဟင်းအိုးထဲ ထည့်လိုက်ရင်း. . .

"မင်းတို့ နောက်နေလည်း ငါက မကြောက်ဘူးဟေ့"

ဟု နောက်ဖက်တွင် ဖဲချနေသူများကို လှမ်းပြောလိုက်သည်။

"ခင်ဗျားကို ဘယ်သူနောက်မှာလဲ၊ ဒီမှာ ဖဲသေနေလို့ ချွေးပြန်နေရတာ. . . မနောက်အားပါဘူးဗျာ"

ဖဲသမားတစ်ယောက်က လှမ်းပြောသဖြင့် ဇဝေဇဝါ ဖြစ်သွားလေသည်။ နောက်တစ်ကြိမ် ကျောသို့ ကြက်သွန်နီတစ်ဥ လာမှန်သောအခါ ဒေါသဖြစ်လာသောကြောင့် ပြန်အော်လိုက်သည်။

"ကျော်ဝေလားဟေ့. . . မင်းပေါက်နေတာ မှန်ရင်တော့ တစ်ဥချင်းနှစ်ဥချင်း ပေါက်မနေနဲ့ကွာ၊ ဟင်းချက်လို့ရအောင် လေးငါးဥသာ ပေါက်လိုက်ပေတော့"

ထိုသို့ပြောလိုက်သောအခါ ဘယ်နေရာက ပစ်လိုက်မှန်း မသိသော ကြက်သွန်ဥ လေးငါးဥ ကျလာတော့မှ တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ကြက်သီးများ ထလာပြီးနောက် ထိုနေရာတွင် ဆက်မနေဝံ့တော့ဘဲ ဖဲဝိုင်းရှိရာသို့ ခပ်သုတ်သုတ် သွားလေသည်။

“ဘယ်လိုလဲ ကိုမှုတ္တူး၊ မနေဝံ့တော့ဘူး မဟုတ်လား၊ အိမ်ပေါ် ကိုကျော်ဝေ ရှိနေသေးတယ်မဟုတ်လား”

“ရှိချင်လည်း ရှိမှာပေါ့ကွာ၊ ခုနစ်ရက် မလည်မချင်း သူဘယ်လိုများ ဆက်ခြောက်မလဲဆိုတာ စောင့်ကြည့်ရဦးမှာပေါ့”

ဟု ဟန်မပျက် ပြောလိုက်လေသည်။

ထို့နောက် ညဦးပိုင်းအချိန်တွင် ကြက်သားဟင်း ကျက်သွားသောအခါ ထမင်းဝိုင်းစားကြလေသည်။

ထိုသို့စားနေရင်း ဟင်းကုန်သွားသဖြင့် ဟင်းထည့်ရန် လွှတ်သောအခါ ဘယ်သူမှ မသွားဝံ့ကြသဖြင့် ကိုမှုတ္တူးကိုယ်တိုင် ထ၊ ထည့်လေသည်။

မီးဖိုထဲ ရောက်သောအခါ ဟင်းအိုးသံသာ ကြားရပြီး အိုးထဲမှာ ဟင်းမရှိတော့ပေ။

“ဟင်းတွေလည်း မရှိတော့ပါလား၊ ဒီအိုးထဲက ဟင်းတွေ ကျော်ဝေ စားတာမှန်ရင်တော့ အိုးသာ မှောက်ပြလိုက်ကွာ”

ဟု စိတ်တိုတိုနှင့် ပြောလိုက်သောအခါ ဟင်းအိုးကြီးမှာ ‘ဂလွမ်’ ဟု မြည်ကာ မှောက်ကျသွားလေတော့သည်။

ထိုအခါမှ ကိုမှုတ္တူးလည်း ဆက်မနေဝံ့တော့ဘဲ အပြင်သို့ ပြန်ထွက်ခဲ့လေသည်။

ည၌နက်ပိုင်းရောက်သောအခါ အချို့လည်း အရက်မူးနေ





ကြပြီး အချို့မှာ ဖဲဝိုင်းထိုင်နေကြသည်။

အချို့ကတော့ မောမောပန်းပန်းနှင့် အိပ်ကြလေပြီ၊ ထိုအချိန်တွင် ကိုမှုတ္တူးနှင့် အဖော်တစ်စုမှာ ညနေပိုင်းက ကြုံတွေ့ရသောအဖြစ်အပျက်များကို မကျေမနပ်ဖြင့် ပြောဆိုနေကြလေသည်။

“ညနေက ဟင်းတွေကို ဝင်ခိုးစားသွားတာတော့ ကျော်ဝေကို ငါတော့ မကျေနပ်ဘူးကွာ”

“ဘာမကျေနပ်စရာရှိသလဲ၊ ကျော်ဝေက ငါတို့ငယ်သူငယ်ချင်းပဲ၊ သူစားတာ စားပစေပေါ့”

“ဒါပေမယ့် ဝင်စားတဲ့သရဲက ကျော်ဝေမဟုတ်တော့ ဘယ်လိုလုပ်မလဲ”

“ဟုတ်မဟုတ် သိရအောင် သူ့ကို ခေါ်မေးကြည့်ပေါ့ ကွာ”

“ဖြစ်ပါ့မလား”

“ဘာကြောင့် မဖြစ်ရမှာလဲ၊ ကျော်ဝေဟုတ်ရင် သူ လာပြောလိမ့်မပေါ့”

ဟု အရက်မူးမူးနှင့် ပြောဆိုနေကြစဉ် လေနှင့်အတူ အပုတ်နံ့အချို့ ပါလာလေသည်။

“ဟော. . . အပုတ်နံ့ ရတယ်၊ ကျော်ဝေ လာပြီထင်တယ်”

အချိန်က ညဦးပိုင်းရောက်နေပြီမို့ အမှောင်ထုများက ပတ်ဝန်းကျင်တစ်ဝိုက်၌ ဖုံးလွှမ်းထားလေသည်။

တောရွာတို့၏သဘာဝအတိုင်း ပတ်ဝန်းကျင်မှာလည်း သစ်


www.burmeseclassic.com

www.burmeseclassic.com



ရိပ်ဝါးရိပ်များ ဖုံးလွှမ်းထားသောကြောင့် အမှောင်ထုများက ဖုံးလွှမ်းလျက်ရှိနေလေသည်။

"အပုတ်နံ့ ရတာနဲ့ ကျော်ဝေဟုတ်ပါ့မလား"

"သူ့သေတာပဲ လေးငါးရက်ကြာနေပြီဆိုတော့ ပုတ်နေလောက်ရောပေါ့"

ထိုအခိုက်မှာပင် အမှောင်ရိပ်ထဲမှ မည်းမည်းသဏ္ဌာန်ကြီး ထွက်လာသည်။

အရက်မူးနေသော လူတစ်ယောက်ကဲ့သို့ ဒယိမ်းဒယိုင် ထွက်လာခြင်းဖြစ်သည်။

ကိုမူတူးတို့လူစုမှာ အရက်မူးနေသည်က တစ်ကြောင်း အမှောင်ရိပ်ကလည်း ရှိနေသောကြောင့် သဲသဲကွဲကွဲ မရှိလှပေ။

"ဘယ်သူလဲဟေ့"

ကိုမူတူးက လှမ်းမေးလိုက်သည်။

"ငါ ကျော်ဝေလေကွာ"

"ဟင်. . ."

မည်းမည်းသဏ္ဌာန်ကြီးက ရှေ့သို့ တိုးလာသည်။

အပုတ်နံ့က ပိုများလာသည်။

"ကျော်ဝေက သေပြီမဟုတ်လား"

"သေတော့ သေတာပေါ့၊ သေပြီး အခု သရဲဘဝ ရောက်နေတယ်"

"ဟင်. . ."





ထိုစကားကြောင့် နည်းနည်းတော့ ထိတ်လန့်သွားကြလေသည်။ သို့သော်လည်း ကျော်ဝေဟု ပြောလိုက်သဖြင့် နည်းနည်းတော့ ကြောက်စိတ်လျော့သွားလေသည်။

"မင်းတို့က ငါ့ကို သတိမှ မရကြတော့တာ၊ အစာကျွေးဖို့လည်း ဘယ်သူကမှ မလုပ်ကြတော့ မင်းတို့ ချက်ထားတဲ့ကြက်သားဟင်းတွေ ခိုးစားလိုက်တာပေါ့ကွာ"

"အေး. . . အေးပါကွာ၊ မင်းစားတယ်ဆိုရင်လည်း ငါတို့က ကျေနပ်ပါတယ်. . . သွားပါတော့ကွာ"

"ငါမသွားနိုင်သေးဘူး၊ ပြောစရာရှိသေးတယ်"

"ဘာပြောမှာလဲ"

"ငါကတော့ သရဲဘဝ ရောက်နေပြီ၊ နေစရာလည်း မရှိဘူး၊ မင်းတို့နဲ့ပဲ လာနေတော့မယ်"

"ဟာ. . . ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ မင်းနဲ့ငါတို့နဲ့က ဘဝခြားနေပါပြီ"

"မင်းတို့ပဲ ငါ့ကို ခင်ကြတယ်ဆို၊ တွေ့ချင်သပဆို၊ မင်းတို့ တွေ့ချင်တယ်ဆိုလို့လည်း သရဲဘဝနဲ့ လာတွေ့ရသေးတယ်၊ အခုတော့လည်း ကြောက်နေကြပြီလား"

"ကြောက်လို့ပါကွာ. . . မလာပါနဲ့"

"ဒီလိုဆိုရင်လည်း ငါပြန်တော့မယ်၊ နောက် ငါ့ကို ဘယ်တော့မှ တွေ့ရမယ် မထင်ကြနဲ့"

ဟု အသံသြသြနှင့် ပြောဆိုကာ အမှောင်ရိပ်အတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်သွားလေတော့သည်။

အတန်ကြာတော့ အပုတ်နံ့များလည်း တဖြည်းဖြည်းနှင့် ပြန်လည်ပျောက်သွားလေတော့သည်။

နောက်ရက်များမှာတော့ အသုဘအိမ်တွင် သရဲခြောက်သံ မကြားရတော့ပေ။

ခုနစ်ရက်လည်၍ အသုဘ ချပြီးသောအချိန် ညနေပိုင်းတွင် ရွာထဲမှ အမျိုးသမီးတစ်ယောက် အိမ်ပေါ် တက်လာပြီး တရှုံ့ရှုံ့ ငိုကြွေးနေသဖြင့် ဝိုင်းဝန်းမေးမြန်းကြရာ ထိုအမျိုးသမီးက အသံသြ သြနှင့် ပြန်ပြောလေသည်။

"ငါ ကျော်ဝေပဲ"

"ကျော်ဝေက ဘဝခြားသွားပြီ မဟုတ်လား၊ အခု ဘာလာ လုပ်တာလဲ"

"မင်းတို့ကို နှုတ်ဆက်ရအောင် လာခဲ့တာ၊ ငါသွားတော့ မယ်၊ ဘယ်နေရာ ဘယ်ဘဝ ရောက်ပြီး ဘယ်လိုနေရမှန်း မသိရ သေးတော့ နောက်ဆိုရင် မင်းတို့ တွေ့ချင်တယ်ဆိုရင် လာတွေ့နိုင် မှာ မဟုတ်တော့ပါဘူးကွာ၊ ငါသွားတော့မယ်"

ဟု ပြောဆိုပြီးနောက် ထိုအမျိုးသမီးလည်း ပုံရက်သား လဲကျသွားလေတော့သည်။

နောက်ပိုင်းရောက်သောအခါ သရဲဘဝ ရောက်သွားသည် ဆိုသော ကျော်ဝေကို မတွေ့ကြရတော့ပေ။

ထိုနေရာရောက်သောအခါ ကိုမြတ်ကျော်က ၎င်းပြောပြ





သောအဖြစ်အပျက်ကို အဆုံးသတ်လိုက်လေသည်။

"ဝိညာဉ်လောကဆိုတာ လူတွေနဲ့ အတော့်ကို နီးစပ်မှု ရှိကြ တယ်၊ မိတ်ဆွေအနေနဲ့ ပေါင်းသင်းနိုင်ရင် အကူအညီ ရပြီး ရန်သူ အနေနဲ့ ဆက်ဆံရင်တော့ နှောင့်ယှက်မှု ခံရနိုင်တယ်"

"ကိုမြတ်ကျော် ပြောပုံအရဆိုရင် သရဲမွေးပြီး ခိုင်းစားတဲ့လူ တွေဟာ သရဲနဲ့ အဆင်ပြေတဲ့လူတွေဖြစ်မှာပေါ့နော်"

"ဒါပေါ့. . . တစ်ချို့လည်း အစားအစာကျွေးပြီး ခိုင်းစားကြ တယ်၊ ဒါပေမယ့် သရဲမွေးတယ်ဆိုတာ နောက်ပိုင်း မကျွေးမွေးနိုင် တော့ အဲဒီမွေးထားတဲ့လူကို ပြန်ပြီးဒုက္ခပေးနိုင်တယ်"

"ကြောက်စရာပဲ"

"တစ္ဆေသရဲဆိုတဲ့ ပရလောကသားတွေဆိုတာ တကယ် တော့ သနားစရာတွေပါပဲ၊ သူတို့ဟာ ရုပ်ဆင်းရူပကာ မတင့်တယ် ကြတော့ လူတွေ အမြင်မခံဝံ့ကြဘူး၊ လူတွေအနားကို ကပ်လာ တယ်ဆိုရင်လည်း အကြောင်းသုံးခုပဲ ရှိတယ်"

"ဘာတွေလဲဗျ"

"တစ်အချက်က အစားအစာ လိုချင်လို့၊ နှစ်အချက်က အမျှ အတန်း လိုချင်လို့၊ သုံးအချက်ကတော့ သူတို့ ရှိကြောင်း ပြချင်လို့ ဆိုတဲ့ အချက်သုံးချက်ပဲဗျ"

"သရဲခြောက်တယ်ဆိုတာကရော ဘယ်လိုမျိုးလဲ"

"တစ္ဆေသရဲ အနားကပ်လာပြီဆိုတာနဲ့ သူတို့ကို မမြင်ရ ဘဲ မြင်ရရင်ပဲဖြစ်ဖြစ်၊ လူအတော်များများက သရဲခြောက်တယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ထင်နေကြတယ်၊ သီလသမာဓိ ရှိတဲ့ ရဟန်းသံဃာနဲ့ လူပုဂ္ဂိုလ်ေ
ကသာ မကြောက်ကြဘဲ အကြောင်းရင်းကို မေးမြန်းနိုင်ကြတယ်

ထိုအကြောင်းနဲ့ ပတ်သက်ပြီး သာဓကတစ်ခု ရှိခဲ့ဖူးသည်

အမရပူရ မဟာဂန္ဓာရုံကျောင်းအစ်မကြီး ကွယ်လွန်သွားပြ
ရက်လည်ဆွမ်းကျွေးသောနေ့တွင် မဟာဂန္ဓာရုံ ဆရာတော်ကြီး
ကိုယ်တိုင်ကြွရောက်၍ တရားချီးမြှင့်လေသည်။

ထိုမှ ပြန်ကြွလာသောအခါ လမ်းခရီးတစ်နေရာ ရောက်
သောအခါ ဆရာတော်နောက်မှ ခေါ်သံကြားလိုက်ရသည်။

"ဆရာတော်ဘုရား"

ထိုအသံကြားသည်နှင့် ဆရာတော်ကြီးက ကွယ်လွန်သွား
သော ကျောင်းအစ်မကြီးမှန်း သိလေသည်။

"ကျောင်းအစ်မကြီးမှတ်တယ်"

"မှန်ပါတယ်ဘုရား"

"အမျှအတန်း ဝေပေးတာကော ရရဲ့လား"

"ဟိုရက်တွေက တခြားနေရာ ရောက်နေလို့ မရလိုက်ပါ
ဘူး၊ ဒီကနေ့မှ ရပါတယ်ဘုရား"

"အခု ဘယ်ဘဝ ရောက်နေတာလဲ"

"သရဲဘဝကို ခဏရောက်နေတာပါဘုရား၊ အခုတော့
ဆရာတော် ဝေပေးတဲ့ အမျှအတန်းရပြီး သာဓုခေါ်နိုင်ခဲ့လို့ ဒီဘဝက
ကျွတ်ပြီး ကောင်းရာသုဂတိ ဘုံဘဝကို သွားရတော့မှာမို့ ဆရာ
တော်ကို လာပြီးနှုတ်ဆက်တာပါဘုရား"





"ဒကာမကြီး အခုရောက်နေတဲ့ ရုပ်ဆင်းသွင်ပြင်ကို ကြည့်
နေစေ"

"မကြည့်ပါနဲ့ဘုရား . . . တပည့်တော်မ အခုရောက်နေတဲ့
ဆင်းသွင်ပြင်က မတင့်တယ်လို့ ကြည့်လို့ မသင့်တော်ပါဘုရား"

"ကျုပ် တရားအမှတ်နဲ့ ကြည့်ပါ့မယ်"

"ဒါဖြင့်လည်း တစ်ကိုယ်လုံး ပြရန် မသင့်လျော်တာမို့
ပည့်တော်မရဲ့ လက်ညှိုးတစ်ချောင်းကိုသာ ကြည့်တော်မူပါ၊
ောက်ဖက်က သစ်ပင်နောက်ကိုသာ ကြည့်တော်မူပါဘုရား"

ဟု အသံကြားသဖြင့် ဆရာတော်က လှည့်ကြည့်လိုက်ရာ
သစ်ပင်နောက်ဘက်မှ ထွန်တုံးတစ်တုံးစာလောက် ကြီးမားသော
မွေးစုတ်ဖွားနှင့် လက်ညှိုးကြီးတစ်ချောင်း ထွက်လာသည်ကို မြင်
လေသည်။

အတန်ကြာတော့မှ တဖြည်းဖြည်းနှင့် ပြန်လည်ပျောက်
ကွယ်သွားလေတော့သည်။

ထိုအဖြစ်အပျက်များကို ပြောပြလိုက်သောအခါ ထွန်းခိုင်
နှင့် ငရွှေမောင်တို့မှာ အနည်းငယ် တွန့်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com




အခန်း(၄)

# အကော်လာခေါ်သော သရဲ

**နောက်**တစ်နေ့ တောတက်ကြရန် ပြင်သောအခါ ကိုမြတ်ကျော်က ထိုသို့ပြောသည်။

"ဒီတောတွေက တောလည်း နက်တယ်၊ တောလည်း ကြမ်းတယ်၊ မင်းတို့နှစ်ယောက်က ဒီအကြောင်းတွေကို သိပ်ပြီးအယုံအကြည်ရှိပုံ မရဘူး၊ ဒီတော့ ငါတို့လေးယောက်စလုံး အတူတူတွဲပြီး လုပ်လုပ်ကြမှ ဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောဆိုကာ လေးယောက်စလုံး တောပေါ် တက်ကြ
လေသည်။ တောနက်ထဲ ရောက်သောအခါ သစ်ပင်ကြီးများက
အရင်မလှဲသေးဘဲ အပင်သေးသော မြင်းကပင်များကိုသာ လှဲဖြတ်
ခုတ်ပိုင်းကြလေသည်။

မြင်းကပင်များမှာ ပေါင်လုံး၊ ခြေသလုံးအရွယ်ခန့်မျှသာ
ရှိသောကြောင့် လွှသုံးစရာမလိုဘဲ ကပ်ပါး၊ ဓားများ အသုံးပြု
ခုတ်လှဲနိုင်ကြလေသည်။

လေးယောက်သား တက်ညီလက်ညီနှင့် အပင်လှဲသူ ကလှဲ
ချုံနွယ်ရှင်းသူကရှင်း၊ ပိုင်းဖြတ်သူကပိုင်းဖြတ်နှင့် လုပ်ကြရာ တစ်နေ
အတွင်းမှာပင် ပိုင်းဖြတ်ထားသောမြင်းကသား အတော်များများက
ရကြလေသည်။

ထိုနေ့အဖို့တော့ အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ကြ
ရဘဲ အလုပ်ကို ဖြောင့်အောင်လုပ်နိုင်ကြလေသည်။

နောက်တစ်နေ့မှာတော့ ခုတ်ထားပြီးသား သစ်ချောင်းများ
ကို လှေဆိပ်ရောက်အောင် ထမ်းချရန်အတွက် လမ်းဖောက်ကြရ
လေသည်။

လူတစ်ယောက် သွားသောလမ်း ပေါက်သွားသည်နှင့် သစ်
သားချောင်းများကို ထမ်းချကြလေသည်။

တောထဲမှာ ဖောက်ထားသောလမ်းမှာ ချောမွေ့သော
လမ်းမျိုးတော့ မဟုတ်ပေ။

မြေပြင်ပေါ်မှာ ငရုတ်(ကနစိုမြစ်ငုတ်)များက ခြေထောက်





ခုစရာ မရှိအောင် ပြည့်နေရာ ခြေယောက်တစ်နေရာစာ ရအောင်
ပင် မနည်းလုပ်ကြရသည်။

လူအလွတ်ပင် မနည်းသွားရသောလမ်းမှာ အပေါ်မှ သစ်
ချောင်းအလေးများကို ထမ်းရသောအလုပ်မှာ လွယ်ကူသော
အလုပ်မျိုးတော့ မဟုတ်ပေ။

သို့သော်လည်း နီမောင်တို့တတွေမှာ အလုပ်ကြမ်းသမား
များ ဖြစ်ကြသောကြောင့် ထိုမျှ ကြမ်းလှသောအလုပ်ကို လုပ်နိုင်ကြ
သည်။ လေးယောက်သား သစ်ချောင်းများ ထမ်းရာတွင် အတူ
ထမ်းသည်ဆိုသော်လည်း တစ်ယောက်နှင့်တစ်ယောက် အလှမ်း
ကွာဝေးလှသည်။

အချို့က တောတွင်းမှ ထမ်းချလာပြီး အချို့က လှေဆိပ်မှ
ပင် ပြန်တက်လာသောကြောင့် လမ်းမှာပင် တွေ့ကြရသည်။ သို့
သော်လည်း မောပန်းလွန်းကြသောကြောင့် တစ်ယောက်နှင့်တစ်
ယောက် စကားမပြောနိုင်ကြပေ။

ထိုသို့ထမ်းနေစဉ်မှာပင် ထွန်းခိုင်မှာ သစ်လုံးများ ချခဲ့ပြီး
အပေါ်သို့ ပြန်တက်လာစဉ် သူ့ရှေ့မှ သွားနေသောခြေသံ ကြားရ
သဖြင့် မိမိအဖော်တစ်ယောက်ယောက်အထင်နှင့် နောက်မှ လိုက်
သွားလေသည်။

ရှေ့မှ သွားနေသောခြေသံကိုသာ ကြားရပြီး လူကိုတော့
မမြင်ရသေးသဖြင့် လှမ်းမေးလိုက်သည်။

"ဘယ်သူလဲဟေ့"


www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မေးလိုက်သော်လည်း ရှေ့က သွားနေသူက ပြန်မပြောဘဲ ဆက်သွားမြဲသွားနေရာ အံ့ဩသွားသောကြောင့် ခပ်သုတ်သုတ် လိုက်သွားလေသည်။

တစ်နေရာရောက်သောအခါ ရှေ့မှ သွားနေသောခြေသံက သွားရိုးသွားစဉ် လမ်းအတိုင်း ဆက်မသွားဘဲ တောထဲသို့ တိုးဝင်သွားသောခြေသံကို ကြားရသဖြင့် ဆက်လိုက်သွားသည်။ အတန်ကြာသောအခါ သစ်ပင်သစ်ကိုင်းများ လှုပ်ယမ်းသွားသည်ကို မြင်ရလေသည်။

"ဘယ်သူလဲဟေ့"

ထိုသို့မေးသော်လည်း ရှေ့ကလူက ပြန်မပြောဘဲ သစ်ချုံနောက်သို့ ဝင်သွားရာ ထွန်းခိုင်လည်း ဓားကို ကိုင်ကာ နောက်မှလိုက်သွားလေသည်။

ချုံကွယ်နောက်သို့ ရောက်သောအခါ စောစောက ဝင်သွားသူက သူ့ဘက်ကို ကျောပေးကာ ငုတ်တုတ်ထိုင်နေသည်ကို တွေ့ရလေသည်။

သူတို့အဖွဲ့မှ လူမဟုတ်ပေ။

"ခင်ဗျားဘယ်သူလဲ"

လှမ်းမေးလိုက်သောအခါ ထိုလူက တဖြည်းဖြည်းနှင့် သူ့ဘက် လှည့်လာလေသည်။

"ဟင်. . ."

ထိုလူ၏မျက်နှာမှာ တစ်နေ့က တွေ့ရသော အဘိုးအို၏





မျက်နှာပင်ဖြစ်သော်လည်း ဟိုတစ်နေ့က တွေ့ရသောမျက်နှာထက် ပိုမိုကြောက်စရာကောင်းသောမျက်နှာမျိုး ဖြစ်နေလေသည်။

"ခင်ဗျား. . . ခင်ဗျား"

ထိုလူက ပါးစပ်ထဲမှ သွားများ ပေါ်အောင် ရယ်ပြလေသည်။ ထွန်းခိုင်က ကြောက်ကြောက်လန့်လန့်နှင့် နောက်ပြန်လှည့်ရန် ပြင်သည်နှင့် လက်တစ်ဖက်က ထွက်လာပြီး သူ့လက်မောင်းတစ်ဖက်ကို ဖမ်းကိုင်လိုက်သည်။

လက်မှာ ရေခဲတုံးတမျှ အေးစက်လျက်ရှိနေသည်။

"မင်းသွားလို့မရတော့ဘူး၊ ဝိညာဉ်လဲရဖို့ အချိန်ရောက်ပြီ"

ထိုစကားကြောင့် ကြက်သီးမွေးညင်း ထသွားပြီး ဆောင့်ရုန်းလိုက်သော်လည်း မရတော့ပေ။

"လွှတ်ပါဗျ"

ထွန်းခိုင်က လက်ကို ဆောင့်ရုန်းရင်း ဆွဲထားသောလက်ကို ဓားဖြင့် ခုတ်ချလိုက်သည်။

"ဒုတ်. . ."

ဓားက အသွားထက်လှသော်လည်း လက်မောင်းသားနှင့် ထိသောအခါ သားရေပြားနှင့် ထိရသကဲ့သို့ ဒုံကနဲ အသံမြည်ကာ ပြန်ခုန်တက်လာသည်။

သို့ကြောင့် နောက်တစ်ချက်ထပ်ခုတ်သော်လည်း မပြတ်ဘဲရှိနေရာ ထိုလူကြီး၏မျက်နှာက ရယ်ရင်းရယ်ရင်းဖြင့် ပုံပြောင်းပျက်ကြီးနှင့် ကြောက်မက်ဖွယ်ရာ အသွင်ပြောင်းလာကာ သူ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးကို ဆွဲဖက်လိုက်လေတော့သည်။

"အား. . . လုပ်ကြပါဦး၊ ကယ်ကြပါဦးဗျို့"

ထွန်းခိုင်၏အော်သံက တောနက်ထဲမှာ ပဲ့တင်ထပ်သွား လေတော့သည်။

ထိုအော်သံကို သစ်ထမ်းနေသော နီမောင်တို့က ခပ်သဲ့သဲ့ ကြားလိုက်ကြရသည်။

"ထွန်းခိုင်အော်သံလိုလိုပဲ. . . ဘာဖြစ်နေသလဲ မသိဘူး သွားကြည့်ကြရအောင်ဟေ့"

ဟု ပြောဆိုကာ သုံးယောက်သား ဓား၊ ကပ်ပါး စသည်တို့ကို ကိုင်ကာ အော်သံကြားရာဘက်သို့ ပြေးသွားကြလေသည်။ နီမောင် စိတ်ထဲမှာတော့ တောကောင်တစ်ကောင်ကောင့်နှင့် တွေ့နေသည် ဟု ထင်မိလေသည်။

သူတို့သုံးယောက်စလုံး သတိကြီးစွာထား၍ လိုက်လံရှာဖွေ သော်လည်း မတွေ့ရပေ။

"အူ. . ဝူ. . ဝူ"

တောနက်ထဲမှာ အချင်းချင်း ဆက်သွယ်လိုလျှင် အူသံပေး ၍သာ ဆက်သွယ်ကြပြီး နာမည်မခေါ်ကြရပေ။

နာမည်ခေါ်ပါက ကျတ်များ ဖမ်းစားတတ်သည်ဟု အယူရှိ ကြလေသည်။

နောက်ဆုံး နှစ်ကြိမ်သုံးကြိမ် အူသံပေးသော်လည်း တုန့်ပြန် သံ မကြားရသဖြင့် စောစောက အော်သံကြားရာဘက်သို့ မှန်းဆ၍





လိုက်သွားကြရာ နောက်ဆုံးတော့ သစ်ချုံတစ်ခုနံဘေးမှာ ရုပ်ပျက် ဆင်းပျက် အသက်ပျောက်နေသော ထွန်းခိုင်အလောင်းကိုသာ တွေ့ကြရတော့သည်။

နီမောင်မှာ မိမိနှင့် အတူတူ လိုက်ပါလာသော အဖော်တစ် ယောက် ဆုံးသွားသဖြင့် စိတ်မကောင်းဖြစ်မိသော်လည်း ယခုအခြေ အနေကတော့ ဘာမှမတတ်နိုင်တော့ပေ။

"ဖြစ်ရလေ ထွန်းခိုင်ရာ"

ထွန်းခိုင်အလောင်းကို တွေ့သောအခါ အခြားသူများထက် ငွေမောင်တစ်ယောက်မှာ ရုပ်ပျက်ဆင်းပျက် ဖြစ်လောက်အောင် ကြောက်ရွံ့နေတော့သည်။

"ဟေ့. . . ငွေမောင် ဘာဖြစ်နေတာလဲ"

"ထွန်းခိုင် ဘယ်လိုသေတယ်ဆိုတာ ကျုပ်သိတယ်၊ သူသေ တာ တောကောင်ကိုက်တာမဟုတ်ဘူး၊ သရဲဂုတ်ချိုးသတ်လို့ သေရ တာ အမှန်ပဲ"

"ဟင်. . ."

ထိုအခါမှ နီမောင်နှင့် ကိုမြတ်ကျော်တို့မှာ သစ်ချုံနံဘေးမှာ ခွေလေးဖြစ်နေသော ထွန်းခိုင်အလောင်းကို ကြည့်ကြရာ ဇက်မှာ ချိုးပြီး တစ်ဖက်သို့ လည်နေပြီး လည်ပင်းတစ်ဝိုက်မှာလည်း သွေးအမည်းစွဲနေသောဒဏ်ရာများကို တွေ့ရလေသည်။

"မင်းဘယ်လိုသိတာလဲ"

"တစ်နေ့က သူနဲ့ကျုပ်နဲ့ သစ်ပင်လှဲဖို့ လုပ်နေတုန်း သရဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသေးတယ်ဗျ၊ ကျုပ်တို့နှစ်ယောက်ကို သစ်ပင်ပိတော့ သူလာ ကြည့်သွားသေးတယ်၊ ကျုပ်တော့ ဒီတောထဲမှာ ဆက်မနေဝံ့တော့ ဘူးဗျ"

"ကဲ . . ကဲ . . မင်း ဒီလောက်ကြောက်နေရင်လည်း တော ထဲမှာ ကျန်နေတဲ့ မြင်းကသားတွေ ဒီအတိုင်း ထားခဲ့ပြီး ကမ်းစပ် ရောက်နေတာတွေကိုပဲ တင်ပြီး ပြန်ကြတာပေါ့ကွာ"

"ထွန်းခိုင်အလောင်းကို ဘယ်လိုလုပ်မလဲ ကိုမြတ်ကျော်"

"ရွာပြန်သယ်လို့မှ မရမယ့် အတူတူတော့ ဒီတောထဲမှာပဲ မြှုပ်ထားခဲ့ရမှာပေါ့ကွာ"

"တောထဲမှာ သေတဲ့အလောင်းဆိုရင် မြေကျင်းတူးပြီး မမြှုပ်ကောင်းဘူးလို့ ပြောသံကြားဖူးတယ်၊ ရောဂါဘယ ဖြစ်ပြီး သေတဲ့လူသာ မြေမြှုပ်လို့ရတာ၊ အစိမ်းသေ သေတဲ့အလောင်း ဆိုရင် မမြှုပ်ရဘူး"

ဟု ငချွေမောင်က ပြောသည်။

"ဒီတော့ ဘယ်လိုလုပ်ရမှာလဲ၊ ဒီအတိုင်း ထားခဲ့ရမှာလား"

"လေးတိုင်စင် ထိုးပြီး စင်ပေါ် တင်ထားခဲ့ရမှာ၊ နောက်ပြီး သူကိုင်တဲ့ပစ္စည်းတွေ လက်နက်တွေနဲ့ သူ့အဝတ်အစားတွေပါ အနားမှာ ချထားပေးခဲ့ရမှာ၊ ဒါ ထုံးစံပဲ"

ငချွေမောင်ပြောသော ဓလေ့ထုံးစံမှာ ပင်လယ်ကျွန်းစုများ တွင် လှည့်လည်နေထိုင်ကြသော ဆလုံလူမျိုးတို့ အသုဘချသောပုံ မျိုးဖြစ်လေသည်။





ကိုမြတ်ကျော်နှင့် နီမောင်တို့မှာလည်း အရပ်ဓလေ့၊ တော ဓလေ့ထုံးစံများကို မသိကြသောကြောင့် ငချွေမောင် ပြောသည့် အတိုင်းသာ ပြုလုပ်ရန် ပြင်ဆင်ရလေတော့သည်။

ထို့နောက် . . .

ငင်းသေသောနေရာမှာ လေးတိုင်စင် ဆောက်ပြီး သစ်သား ချောင်းများ စီတင်ပြီးနောက် အလောင်းကို ထိုအပေါ်မှာ တင်လိုက် ကြသည်။

ငင်းအဝတ်အစားများနှင့် ဓား အစရှိသောအသုံးအဆောင် ပစ္စည်းများကိုလည်း အနီးမှာ ချထားပေးလိုက်သည်။

"ကဲ . . . ထွန်းခိုင်ရေ၊ မင်းနဲ့ငါတို့နဲ့က ဘဝခြားသွားပြီ ဆိုတော့ အခုလိုပဲ ထားခဲ့ရမှာပဲ၊ မင်းအတွက် ငါတို့ စိတ်မကောင်း ပါဘူးကွာ၊ ငါတို့ကိုလည်း လာပြီးမနှောင့်ယှက်ပါနဲ့၊ မင်းကောင်းရာ နေရာရောက်အောင်သာ လွတ်ရာကျွတ်ရာ သွားပါတော့"

ဟု နီမောင်က ခပ်တိုးတိုး ရေရွတ်ပြောဆိုလိုက်လေသည်။ ထိုသို့ပြောနေရင်းမှာလည်း အတူတူ လာခဲ့သော ထွန်းခိုင်အတွက် စိတ်မကောင်းဖြစ်နေမိသည်။

သူတို့အထဲတွင် အဆိုးဆုံးကတော့ ငချွေမောင်ပင် ဖြစ် သည်။ ငချွေမောင်မှာ ထွန်းခိုင်နှင့် အတူတူ တွဲ၍ လုပ်ဖော်ကိုင်ဖက် ဖြစ်သောကြောင့် ယခုလိုအဖြစ်မျိုး မြင်ရသောအခါ ကြောက်လန့် နေဟန်ရှိလေသည်။

ထို့နောက် . . .



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို ဒီအတိုင်း ထားခဲ့ပြီးနောက် လှေဆိပ်သို့ ပြန်ဆင်းလာကြသည်။

လှေဆိပ်ပြန်ရောက်သောအခါ ကမ်းစပ်၌ ရောက်နေသောသစ်ချောင်းများကို လှေပေါ် တင်ကြလေသည်။

သစ်ချောင်းများ တင်ပြီးသောအခါမှာ ညနေစောင်းအချိန် ာက်နေချေပြီ။

လှေပေါ်သို့ သစ်များ တင်ပြီးသော်လည်း လှေက ချက်ချင်းထွက်၍မရသေးပေ။

ချောင်းတွင်းမှာ ရေနည်းနေသောကြောင့် ရေတက်လာသည့်အချိန် ရောက်သည်အထိ စောင့်ကြရပေမည်။

ထိုသို့ ရေစောင့်နေရင်းမှပင် ညစာကို ဖြစ်သလို စားကြလေသည်။

အလုပ်ပင်ပန်းလှသဖြင့် စားသောက်ရသော်လည်း ထွန်းခိုင်အတွက် စိတ်မကောင်းဖြစ်နေကြသောကြောင့် ကောင်းစွာမစားနိုင်ကြပေ။

"ထွန်းခိုင် ဘယ်လိုသေသွားတာလဲ မသိဘူး"

"တောထဲမှာ ထိခိုက်မှုကြောင့် သေချင်သေ၊ ဒါမှမဟုတ် တောကောင်တွေလက်ချက်ကြောင့် သေချင်သေနိုင်တယ်၊ ဒါမှမဟုတ် ငှက်ဖျားရောဂါကြောင့်လည်း ရုတ်တရက် သေနိုင်တယ်၊ အဲဒီလိုမှ မဟုတ်ရင်တော့ ပရလောကသားတွေလက်ချက်ကြောင့် သေတာလည်း ဖြစ်နိုင်တယ်"





ဟု ကိုမြတ်ကျော်က ပြောပြသည်။

"အခု ထွန်းခိုင်က ထိခိုက်တာလည်းမဟုတ်၊ ငှက်ဖျားကြောင့်လည်း မဟုတ်၊ တောကောင်လက်ချက်ကြောင့်လည်း မဟုတ်ဘူးဆိုတော့ ပရလောကသားတွေရဲ့လှည့်စားမှုကြောင့် သေတာပဲ ဖြစ်မှာပေါ့"

ဟု နီမောင်က ပြောရာ ငရွှေမောင်မှာ ကြောက်ရွံ့မှုကြောင့် မျက်နှာငယ်ကလေးနှင့် ဖြစ်နေလေသည်။

"တစ်နေ့က မင်းတို့နှစ်ယောက် တောထဲမှာ သရဲခြောက်ခံရတယ် မဟုတ်လား၊ အဲဒီကတည်းက စိတ်ထဲမှာ လကြောက်နေမှာပါ"

"ကျုပ်လည်း ကြောက်တာပဲဗျ"

"ကြောက်တယ်ဆိုတာ ကိုယ့်စိတ်ကို ကိုယ်ဒုက္ခပေးတစ်မျိုးဖြစ်တယ်ကွ၊ ဒီလောက်လည်း ကြောက်မနေပါနဲ့"

ဟု နီမောင်က ပြောသော်လည်း ငရွှေမောင်မျက်နှာပေါ်မှာတော့ ကြောက်စိတ်များက ရှိနေသေးဟန်ရှိပေသည်။

ထိုနေ့ ညဦးပိုင်းအချိန်မှာ လရောင်မရှိသည်က တစ်ကြောင်း၊ ချောင်းကျဉ်းအတွင်းမှာ သစ်ရိပ်များက အုပ်မိုးနေသောကြောင့် အမှောင်ထုများက ဖုံးအုပ်လျက်ရှိနေကြသည်။ သုံးယောက်စလုံးမှာလည်း မည်သူမှ မအိပ်ဝံ့ကြဘဲ ရေတက်ချိန်ကိုထိုင်စောင့်နေကြလေသည်။

လထွက်ချိန်တွင် ရေတက်ချိန် ရောက်မည်ဖြစ်ရာ အချိန်



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာအောင် စောင့်ကြရပေသည်။

တောနက်တွင်း တစ်နေရာဆီမှ လင်ကောင်ပိုးဟု ခေါ်[...]သော ငှက်ဆိုးထိုးသံများက နေရာအနှံ့ ပေါ်ထွက်လျက် ရှိနေလေ[...]သည်။

ထိုအခိုက်မှာပင် ထွန်းခိုင်အလောင်းတင်ထားသော စင်[...] အနီးသို့ မည်းမည်းသဏ္ဌာန်တစ်ခု တရွေ့ရွေ့နှင့် ကပ်လာလေ[...]သည်။

အခြားမဟုတ်ပေ. . .။

ကြောက်မက်ဖွယ် မျက်နှာပုံပန်းသဏ္ဌာန်ရှိသော အဖိုးကြီး[...]စ်လေသည်။

၎င်းက အလောင်းစင်အနီးသို့ တိုးကပ်လာပြီး သစ်ကိုင်း[...]ခက်ကို ချိုးယူလိုက်ပြီး ထွန်းခိုင်အလောင်းကို သုံးချက်ပုတ်လိုက်[...]သသည်။

"ဟဲ့ကောင်. . ထ. . ထ၊ မင်းအဖော်ကို သွားခေါ်[...]တော့"

ပါးစပ်မှ ပြောလိုက်ရာ ခဏကြာတော့ ထွန်းခိုင်အလောင်းမှာ အသက်ဝင်လာသည့်အလား ငေါက်ကနဲ ထထိုင်လာလေ[...]သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန် ကျော်[...]လာပြီး ညဥ့်နက်ပိုင်းအချိန်ရောက်လာချေပြီ။

မကြာမီ လထွက်တော့မည်။





လထွက်လျှင် ရေတက်လာတော့မည်။

ရေတက်လာပြီး ရေပြည့်ချိန်ရောက်တော့ စောင့်ရပေဦးမည်။

"ငရွှေမောင်ရေ. . . ဟေး. . . ငရွှေမောင်"

ထိုအသံကို နီမောင်နှင့် ကိုမြတ်ကျော်တို့နှစ်ယောက်က မကြားဘဲ ငရွှေမောင်တစ်ယောက်တည်းသာ ကြားနေရသည်။

"ငရွှေမောင်ရေ. . . ဟေး. . . ငရွှေမောင်"

"ဟော. . ."

ငရွှေမောင်မှာ မျက်လုံးပြူးသွားလေသည်။

"ဘာလဲ ငရွှေမောင်"

နီမောင်က မေးလိုက်လေသည်။

"ကျုပ်ကို ခေါ်နေတယ်ဗျ"

"ဘယ်သူက ခေါ်နေလို့လဲ"

"ထွန်းခိုင်အသံလို့တော့ ထင်တာပဲ"

"ငါတို့တော့ ဘာအသံမှ မကြားရပါလား"

"ကျုပ်နားထဲမှာတော့ ကြားနေရတာပဲ၊ ဟော. . . ခေါ်နေပြန်ပြီ၊ ခင်ဗျားတို့ မကြားကြဘူးလား"

ဟု ပြောနေကြစဉ် တောတွင်းမှ ခေါ်သံက ပေါ်လာပြန်သည်။

"ငရွှေမောင်ရေ. . . ဟေး. . . ငရွှေမောင် ငါလာပြီတော့"

ထိုသို့အသံများ ကြားရပြီး အမှောင်ရိပ်ထဲမှ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သော မည်းမည်းသဏ္ဍာန်တစ်ခုကို ငရွှေမောင်က မြင်နေရသည်။

"ဟော. . . ဟိုမှာ"

ငရွှေမောင်က လက်ညှိုးထိုးပြလေသည်။

"ဘာလဲ"

"ဟိုမှာလေ. . . ထွန်းခိုင်လာနေတာ မမြင်ကြဘူးလား"

နီမောင်တို့က လက်ညှိုးထိုးပြရာ နေရာသို့ လှမ်းကြည့်ကြသော်လည်း အမှောင်ထုမှလွဲပြီး အခြားဘာမှမမြင်ကြရပေ။

"မရှိပါဘူးကွ"

"ခင်ဗျားတို့ကလည်းဗျာ. . . ဟိုမှာ ထွန်းခိုင် ဆင်းလာနေတာ မမြင်ကြဘူးလား၊ သူမသေသေးဘူးဗျ၊ ဟိုမှာ အသက်ပြန်ရှင်လာနေပြီ"

"မဟုတ်ဘူး ငရွှေမောင်ရယ်၊ စိတ်ကို ထိန်းထားစမ်းပါ၊ မကြာခင် ငါတို့လှေ ထွက်ရတော့မယ်"

ဟု ဖြောင်းဖျပြောဆိုသော်လည်း ငရွှေမောင်က လှေနှင့် မဝေးလှသော ကမ်းစပ်ကိုသာ လှမ်းကြည့်နေလေသည်။

နီမောင်တို့မှာ ငရွှေမောင်အမူအယာကို အကဲခတ်မိပြီး ထိုနေရာမှ ချက်ချင်းလှေထွက်ချင်သော်လည်း ရေမတက်သေးသောကြောင့် ဒီအတိုင်း ဆက်နေကြရသည်။

"ဟော့. . . ငရွှေမောင်၊ မင်းကလည်း ငါလာတာတောင် မမှတ်မိတော့ဘူးလား၊ တောထဲမှာ ငါတစ်ယောက်တည်း နေရတာ ကြောက်လာပြီကွာ၊ မင်းပါ ငါနဲ့အတူလာနေပါလား"





"မင်းက သေသွားပြီမဟုတ်လား ထွန်းခိုင်"

"ငါမသေသေးပါဘူးကွာ. . . သတိမေ့နေတာကို မင်းတို့က သေတယ်ထင်ပြီး အလောင်းစင်ပေါ် တင်ထားခဲ့ကြတာပါ၊ ငါ့ဆီလာခဲ့ပါကွာ၊ ငါတစ်ယောက်တည်း မနေဝံ့လို့ပါ"

ဟု လှမ်းခေါ်နေသည်။

"မင်းဆင်းလာခဲ့ရင် ရတာပဲ မဟုတ်လား"

"တောထဲမှာ ငါ့ပစ္စည်းတွေ ကျန်နေခဲ့တာ သွားယူရဦးမှာမို့ မင်း ငါနဲ့ ခဏလိုက်ခဲ့ပါကွာ"

ဟု ခေါ်လေရာ ငရွှေမောင်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ လှေပေါ်မှ ဝုန်းကနဲ ခုန်ချသွားလေတော့သည်။

"ငါလာပြီ ထွန်းခိုင်ရေ"

"ဟေ့. . . ငရွှေမောင်. . . မသွားနဲ့ မသွားနဲ့"

နောက်မှ နီမောင်က လှမ်းခေါ်လိုက်သော်လည်း မရတော့ပေ။ ငရွှေမောင်က ရေထဲမှတစ်ဆင့် လတာပြင်ပေါ်သို့ တက်သွားပြီးနောက် တောထဲသို့ ခပ်သုတ်သုတ် ဝင်သွားလေတော့သည်။ နီမောင်နှင့် ကိုမြတ်ကျော်တို့မှာလည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေရုံကလွဲပြီး ဘာမှ မတတ်နိုင်ကြတော့ပေ။ ထိုနေ့ညက နှစ်ယောက်သား မအိပ်ဝံ့ကြတော့ဘဲ ရသမျှ ဘုရားစာ တရားစာများ ရွတ်ဖတ်ရင်း ထိုင်စောင့်နေကြပြီး မိုးလင်းသောအခါမှ တောပေါ် တက်သွားပြီး လိုက်ရှာကြလေသည်။

နောက်ဆုံးတော့ ထွန်းခိုင်အလောင်း တင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အလောင်းစင်အနီးမှ ခွေခွေကလေး အသက်ပျောက်နေသည့် ငမွေ့
မောင်အလောင်းကို စိတ်မကောင်းစွာဖြင့် တွေ့ကြရလေတော့
သည်။





## အခန်း(၅)

# သရဲအဝနှင့် အကူအညီပေးသောသူ

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး နောက်ထပ် လအ
နည်းငယ် ကြာသောအခါ နီမောင်တစ်ယောက် ဆားဖိုထဲမှာ အ
လုပ်တာဝန်ကျရင်း အိပ်ပျော်နေလေသည်။

သူသည် ညနေပိုင်း အလုပ်တာဝန်ယူရင်းနှင့် မှေးကနဲ အိပ်
ပျော်သွားစဉ် အိပ်မက်လိုလိုနှင့် လူတစ်ယောက် လာနှိုးသဖြင့် လန့်
နိုးသကဲ့သို့ ဖြစ်သွားပြီး ကြည့်လိုက်တော့ သူ့နံဘေးမှာ ညှော်နည်း



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်တစ်ကောင် ရပ်နေသည်ကို တွေ့ရလေသည်။

"ဘယ်သူလဲ"

"ငါ ထွန်းခိုင်ပါကွာ"

"မင်း သေတာကြာပြီပဲ၊ မင်းနဲ့ငါနဲ့ကလည်း ဘဝခြားနေပြီ ဘာလိုချင်လို့ လာတာလဲ"

"မင်းဆီမှာ အကူအညီတောင်းချင်လို့ လာခဲ့တာပါ"

"ငါဘာလုပ်ပေးရမှာလဲ"

နီမောင်မှာ ထွန်းခိုင်နှင့် ရင်းနှီးသောသူငယ်ချင်း တစ် ယောက်မို့ တမလွန်ဘဝ ရောက်နေသည့်တိုင် ကြောက်ရွံ့မှု သိပ်မရှိ လှပေ။

"ငါ အခု သရဲဘဝ ရောက်နေတယ်၊ နေစရာလည်း မရှိ စားစရာလည်း မရှိလို့ မင်းဆီ လာခဲ့တာပါ"

"ငါက ဘယ်လိုလုပ်ပေးရမှာလဲ"

"ငါ့ကို စားစရာလည်း ကျွေးပါ၊ နေစရာလည်း ပေးပါ၊ ငါ မင်းရဲ့အလုပ်တွေကို ဝိုင်းလုပ်ပေးပါ့မယ်"

ဟု ပြောလေသည်။

"အေးလေ. . . ငါ မင်းကို စားစရာ ပေးပါ့မယ်၊ နေစရာက တော့ နောက်ဘက်က ပျဉ်းမပင်မှာ နေပေါ့"

"ကျေးဇူးပါပဲ သူငယ်ချင်းရာ၊ ကဲ. . ကဲ. . မင်းအိပ်နေမှ တော့၊ ငါ မင်းအလုပ်တွေကို လုပ်ပေးထားပါ့မယ်"

"ဖြစ်ပါ့မလား"





"ဖြစ်ပါတယ်. . . ငါလည်း မသေခင်တုန်းက ဆားချက်တဲ့ အလုပ်တွေကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်တာပဲ. . . စိတ်မပူပါနဲ့"

ဟု ပြောဆိုကာ ပျောက်သွားလေသည်။

နီမောင်လည်း မူလအတိုင်း အိပ်ပျော်သွားလေတော့သည်။

နောက်တစ်နေ့မနက် နီမောင်အိပ်ပျော်နေရာမှ နိုးလာ သောအခါ ညပိုင်းက မီးဖိုပေါ် တင်ထားသော ဆားဒယ်များမှာ အောက်သို့ ရောက်နေသည်ကို အံ့သြစွာ တွေ့ရလေသည်။

"ဆားဒယ်တွေ ဘယ်သူလာချထားတာလဲ၊ ငါ ညက အိပ် မက်ထဲမှာ ထွန်းခိုင်ကို တွေ့လိုက်ရတယ်၊ သူ လာပြီးလုပ်ထားတာ များလား၊

ဒီလိုလည်း မဟုတ်နိုင်ပါဘူး၊ တမလွန်ဘဝ ရောက်နေတဲ့သူ က ဒီလိုလာလုပ်ပေးနိုင်ပါ့မလား၊

အိပ်မက်ဆိုတာကတော့ စိတ်စွဲလန်းရင်လည်း မက်ချင် မက်တာမျိုးပဲလေ"

ဟု တွေးတောကာ မေ့မေ့ပျောက်ပျောက် နေလိုက်လေ သည်။

နောက်တစ်နေ့မှာလည်း အိပ်မက်ထဲမှာ ထွန်းခိုင်ကို တွေ့ရ သည်။

"နီမောင်. . . မင်းပြောလို့ ငါ အနောက်ဖက်က ပျဉ်းမပင် ရောက်နေပြီ၊ ငါ့ကို အစာကျွေးပါကွာ၊ ဒီည ဆားချက်တဲ့အလုပ် ငါပဲ လုပ်ပေးပါ့မယ်၊ မင်းဖြောင့်ဖြောင့်သာ အိပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မက်ပြီး နောက်တစ်နေ့ မနက်လင်းသောအခါ ချက်ပြီးသား ဆားဒယ်များ အဆင်သင့်ဖြစ်နေသည်ကို တွေ့ရပြန်လေသည်။

သို့ကြောင့် မိမိစားရန် ချက်ထားသော ထမင်းနှင့်ဟင်းများထဲမှ အချို့ကို ယူသွားပြီး ပျဉ်းမပင်အောက် ရောက်သောအခါ ဖက်နှင့် ပုံ၍ကျွေးလေသည်။

"သူငယ်ချင်း ထွန်းခိုင်ရေ. . . ငါ မင်းအတွက် ထမင်းနဲ့ဟင်းတွေ ယူလာပေးတယ်. . . စားကွ၊ ငါ့အလုပ်တွေကို ကူညီပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ကွာ"

ဟု ပြောဆိုကျွေးမွေးသောအခါ အကောင်အထည် မမြင်ရဘဲ ပုံပေးထားသော ထမင်းနှင့်ဟင်းများ ကုန်သွားသည်ကို တွေ့ရလေသည်။

နောက်ပိုင်းရက်များမှာလည်း နီမောင် လုပ်ရမည့်အလုပ်များကို ဝိညာဉ်ဘဝရောက်နေသော ထွန်းခိုင်က ကူညီလုပ်ကိုင်ပေးသဖြင့် အလုပ်များမှာ ခါတိုင်းထက် နှစ်ဆနီးပါး ပြီးစီးသောကြောင့် ဆားဖိုသူကြီး ဦးသာထွန်းအောင်က များစွာသဘောကျသဖြင့် အပိုကြေးအနေနှင့် ငွေပိုငွေလျှံများပါ ထပ်ဆောင်းပေးရာ နီမောင်က ထိုငွေများကို မသုံးစွဲဘဲ စုဆောင်းထားလေသည်။

"နီမောင်. . . မင်းတစ်ယောက်တည်း လုပ်တဲ့အလုပ်က အလုပ်သမား နှစ်ယောက်သုံးယောက် လုပ်သလောက် မကဘူး ပြီးနေပါလား၊ ဘယ်လိုများ လုပ်နေတာလဲကွ"





ဟု ဦးထွန်းသာအောင်က မေးလေသည်။

နီမောင်က အမှန်အတိုင်း ပြောပြရန် မသင့်သောကြောင့်

"အလုပ်လုပ်ရတာ အဆင်ပြေနေလို့ ပြီးတာပါ"

ဟု ပြန်ပြောလိုက်သည်။

"အေး. . . ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မင်းကြိုးစားပေးလို့ ငါ့အတွက် အကျိုးကျေးဇူးဖြစ်တန်သလောက်လည်း ဖြစ်လာပြီဆိုတော့ မင်းအတွက်လည်း မနစ်နာစေရပါဘူး၊ လုပ်အားခတွေအပြင် အပိုကြေးငွေကိုလည်း ထပ်ဆောင်းပေးပါ့မယ်၊ နောက်ပြီး အနေနဲ့ ကိုယ်ပိုင်ဆားဖို ခွဲချင်သပဆိုရင်လည်း လိုအပ်တဲ့ ပစ္စည်းယာတွေကအစ ငါက အကူအညီပေးပါ့မယ်"

ဟု ကတိပေးလေသည်။

အစပိုင်းကတော့ နီမောင်ကိုယ်တိုင်ပင် သရဲထွန်းခိုင်က ရောက်လုပ်ပေးနေသည်ကို လူသိမှာစိုးသော်လည်း နောက်ပိုင်း ယ်သူမှ မသိနိုင်မှန်း သိလာသောအခါ စိတ်ထဲမှာ ရဲလာပြီး ဉ့်မှန်မှန် ထွန်းခိုင် ရှိနေသော သစ်ပင်အောက်သို့ အစားအစာများပို့လေသည်။

ကိုမြတ်ကျော်အပါအဝင် အခြားအလုပ်သမားများက နီမောင်တစ်ယောက်တည်းနှင့် အလုပ်များ မည်သို့မည်ပုံ ပြီးနေသည် သိလိုသဖြင့် တစေ့တစောင်း ချောင်းမြောင်းကြည့်ရှုကြသည်။

သို့စေကာမူ. . . မည်သူမျှ မမြင်ကြရပေ။

ကြည့်နေရင်းမှပင် အိပ်ပျော်သွားကြသည်သာ များသော



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်နေ့တွင် နီမောင်အလုပ်အားနေသောအချိန်၌ ကိုမြတ်ကျော် ရောက်လာပြီး ၎င်းအိမ်မှာ ထမင်းလိုက်စားရန် ဖိတ်ခေါ်လေသည်။

ထိုကဲ့သို့ တစ်ခါမျှ မခေါ်ဖူးသောကြောင့် နီမောင် အံ့သြနေလေသည်။

"အားနာစရာဗျာ"

"ဘာမှအားနာစရာ မရှိပါဘူးကွ၊ ငါ့သမီး မရင်ရွှေက မနေ့ကနေ့ အိမ်မှာ ကြက်သားဟင်းချက်တာ မင်းကိုပါ ထမင်းစား ခေါ်ခဲ့ဖို့ မှာလိုက်တာနဲ့ လာခေါ်တာပါ"

ဟု ပြောသောအခါ နီမောင်မှာ ငြင်းရခက်သွားလေသည်။ ကိုမြတ်ကျော်သမီး မရင်ရွှေမှာ အသက်(၁၈)နှစ်ကျော်ကျော်ခန့် ရှိပြီး တသွေးတမွေးနှင့် လှပချောမောသူတစ်ဦးဖြစ်ပေသည်။

နီမောင်နှင့် သိရှိသာရှိပြီး ရင်းနှီးမှု မရှိသေးပါဘဲ ယခုကဲ့သို့ တကူးတက ထမင်းစား ဖိတ်သောအခါ စိတ်ထဲမှာ ထူးဆန်းသလို ဖြစ်သွားမိလေသည်။

သို့သော်လည်း ကိုမြတ်ကျော် ခေါ်ရာ ၎င်းတို့နေအိမ်သို့ လိုက်သွားခဲ့လေသည်။

ကိုမြတ်ကျော်တို့အိမ်မှာ အိမ်ဟုသာ ပြောရသော်လည်း မနိုမိုး၊ ခနိကာ၊ သင်ပေါင်းသား ခင်းထားသော တဲသာသာမျှသာ ရှိလေသည်။ ၎င်းမိန်းမ မခင်မေနှင့် သမီးဖြစ်သူ မရင်ရွှေတို့နှင့် သုံးယောက်နေလေသည်။



ထိုနေ့က မရင်ရွှေမှာ ရေမိုးချိုး၍ သနပ်ခါးပါးကွက်ကြား သိမ်းထားလေသည်။

ထမင်းဝိုင်းမှာတော့ ၎င်းတို့သုံးယောက်နှင့်အတူ နီမောင်ပါ ထမင်းအတူဝင်စားရလေသည်။

"ဘယ်လိုလဲ နီမောင်၊ အရင်က ထွန်းခိုင်ရှိတုန်းကတော့ နှစ်ယောက်ပေါ့၊ အခု တစ်ယောက်တည်း ချက်ပြုတ် စားသောက်နေရတာ အဆင်ပြေရဲ့လား"

ဟု ကိုမြတ်ကျော်က မေးသည်။

"ဒီလိုပါပဲဗျာ"

"စားရသောက်ရတာ အဆင်မပြေရင် ငါတို့အိမ်မှာ လာစားပါလား၊ မင်းတစ်ယောက် လာစားရုံနဲ့ ဘာမှမဖြစ်ပါဘူး"

"ရပါတယ်ဗျာ. . . ကျေးဇူးတင်ပါတယ်၊ ဟိုမှာပဲ အဆင်ပြေသလို ချက်စားပါ့မယ်"

"ဒါထက် ငါ မင်းကို တစ်ခုလောက် မေးရဦးမယ်"

"ဘာမေးမှာလဲ. . . မေးလေ"

"အခုတလော မင်းအလုပ်တွေ ပြီးနေတာကို အံ့သြနေကြတာကွ၊ ဆားဖိုသူကြီးက သိပ်ပြီးကျေးဇူးတင်နေတယ်၊ ငါလည်း ဆားဖိုမှာ လုပ်လာတာ မနည်းတော့ပါဘူး၊ လူတစ်ယောက်အားနဲ့ ဘယ်လောက်ပဲလုပ်လုပ် မင်းပြီးသလောက်ကို မပြီးနိုင်တာတော့ အသေအချာပဲ၊ မင်းမှာ ဘယ်လိုအကူအညီတွေ ရနေတယ်ဆိုတာ ငါ့ကိုလည်း ပြောပြပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ကိုမြတ်ကျော် ထမင်းခေါ်ကျွေးသောအကြောင်း ကို သိရလေတော့သည်။

"လောလောဆယ်တော့ ကျွန်တော် ခင်ဗျားကို ပြော မဖြစ်သေးပါဘူး၊ နောက်အချိန်တန်ရင်တော့ ပြောပြပါ့မယ်"

ဟု ကတိပေးလိုက်သည်။

ထိုနေ့က ထမင်းစားပြီးသောအခါ ကိုမြတ်ကျော်တို့ လ မယားနှစ်ယောက်တို့က ဆားဖိုသူကြီးအိမ် သွားဦးမည်ဟု ပြော ထွက်သွားသဖြင့် အိမ်မှာ နီမောင်နှင့် မရင်ရွှေတို့နှစ်ယောက်သ ကျန်ခဲ့ကြသည်။

"ကိုနီမောင်က မော်ကျွန်းဘက်က ဆင်းလာပြီး အလုပ်လု ကြတာနော်"

"ဟုတ်ပါတယ်"

"အခု ဒီရောက်တာလည်း အတော်ကြာပြီဆိုတော့ စုတ သလောက်လည်း စုမိမှာပေါ့နော်"

"အသင့်အတင့်တော့ စုမိနေပါပြီ"

"ဒီလိုဆိုရင် စုမိတဲ့ငွေကို မြို့မှာ ကျန်ခဲ့တဲ့မိသားစုတွေ ပြန်ပို့ရဦးမှာပေါ့နော်"

မရင်ရွှေက တောသူတစ်ယောက်ဖြစ်သော်လည်း သူ ချင်သောစကားကို သွယ်ဝိုက်သောနည်းဖြင့် နှိုက်ယူတတ်မှန်း ရိပ် လိုက်သည်။

"မြို့မှာက တခြားမိသားစု မရှိပါဘူး၊ အဖေနဲ့အမေပဲ ရှိ





တယ်၊ တစ်နှစ်တစ်ခါ အလုပ်သိမ်းမှပဲ ပြန်မယ်လို့ စိတ်ကူးထားပါ တယ်"

ထိုသို့ပြောပြီးနောက် စကားက ပြတ်သွားလေသည်။ နှစ် ယောက်ကြားထဲမှာ ရေနံဆီမီးခွက်တစ်လုံး ထွန်းထားလေရာ အလင်းရောင်က ခပ်မှိန်မှိန် ရှိနေလေသည်။

အတွေ့အကြုံ မရှိကြသေးသော လူပျိုနှင့်အပျိုတို့ နှစ် ယောက် ညအချိန်အခါ တစ်အိမ်ထဲမှာ ထိုင်စကားပြောနေရသော အခါ နှစ်ယောက်စလုံး ရင်တုန်ပန်းတုန် ဖြစ်နေကြသည်။

"လေကလည်း တိုက်လိုက်တာ"

အပြင်မှာ တိုက်ခတ်နေသောလေက ဓနိမိုးထရံကြားမှ တိုး ဝင်နေရာ ရေနံဆီမီးခွက်မှာ ငြိမ်းလုငြိမ်းခင် ဖြစ်နေသောကြောင့် မရင်ရွှေက လက်ဖြင့် ကာထားရသည်။

နီမောင်စိတ်ထဲမှာတော့ မရင်ရွှေနှင့်သာ ထိုင်စကားပြော နေရသော်လည်း ထွန်းခိုင်ကို အစာကျွေးချိန် ရောက်နေပြီဖြစ်သဖြင့် စိတ်မဖြောင့်နိုင်အောင် ဖြစ်နေလေသည်။ ကိုမြတ်ကျော်တို့ ပြန် မလာခင် မရင်ရွှေကို တစ်ယောက်တည်း ထား၍ ပြန်ရန်လ မသင့်သောကြောင့် ဆက်ထိုင်နေရလေသည်။

ထိုအခိုက်မှာပင် လေက ခပ်ကြမ်းကြမ်း ( လိုက်ရာ မီးခွက်က ဟုပ်ကနဲ ငြိမ်းသွားရာ မှောင်မည်းသွားလေတော့သည်။

"ဟာ. . ."

"ဟောတော့"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး အမှောင်ထဲမှာပင် မီးခြစ်လိုက်စမ်းကြ လေရာ မကြာခဏ လက်ချင်း ထိမိကြလေသည်။

"ဒီမီးခြစ်ကလည်း ဘယ်နေရာမှာ ထားခဲ့သလဲ မသိဘူး"

မရင်ရွှေက အသံကတုန်ကယင်ဖြင့် ရေရွတ်လိုက်လေ သည်။

"မှောင်လိုက်တာ. . . ကျွန်တော်ကလည်း ဆေးလိ မသောက်တတ်တော့ မီးခြစ်က မပါဘူး"

နီမောင်ကလည်း ကတုန်ကယင်လေသံဖြင့် ပြန်ပြောသည်

ထိုသို့ပြောနေရင်းမှပင် ဟိုစမ်းဒီစမ်းနှင့် လိုက်စမ်းကြရင်း လက်ချင်း ထိကြပြန်လေသည်။

အတန်ကြာသောအခါ ထရံကို လာပုတ်သည့်အသံ ပေါ် လာလေသည်။

"ဗုန်း. . . ဗုန်း. . . ဗုန်း"

"အမယ်လေး. . ."

မရင်ရွှေအော်သံတစ်ချက် ကြားလိုက်ရပြီး ကြောက်လ တကြားနှင့် ထပြေးရာ နီမောင်ကို ခလုတ်တိုက်မိပြီး လဲကျလာလေ တော့သည်။

နီမောင်မှာလည်း အရှိန်နှင့်မို့ ကြမ်းပေါ်သို့ လဲကျသွားလေ တော့သည်။

ကြည့်လိုက်တော့ မရင်ရွှေက သူ့ရင်ခွင်ထဲ ရောက်နေလေ ပြီ။ မရင်ရွှေက ကြောက်လန့်တကြားနှင့် သူ့ကို ဖက်ထားလေ





သည်။ ထရံပုတ်သောသူမှာ အစာမစားရသေးသော ထွန်းခိုင်ဖြစ် သည်ဟု သိလိုက်သည်မို့ နီမောင်ကတော့ ကြောက်စိတ်သိပ်မရှိလှ ပေ။

သူကြောက်နေသည်က ရင်ခွင်ထဲ ရောက်နေသော မရင် ရွှေကိုပင် ဖြစ်သည်။

"သိပ်ကြောက်တာပဲ. . . ဘာလဲမသိဘူးနော်"

"လေ. . လေတိုးတာ ထင်ပါရဲ့"

"အို. . . လေတိုးတာကလည်း လက်နဲ့ ပုတ်သလို အသံ မြည်ပါ့မလား၊ အရေးထဲ မီးခြစ်ကလည်း ရှာမတွေ့ဘူး"

ဟု ပြောကာ မရင်ရွှေက နီမောင်ရင်ခွင်ထဲမှ ပြန်ထပြီး ကြမ်းပြင်ပေါ်မှာ ချထားသောမီးခြစ်ကို စမ်းပြန်လေသည်။ နီမောင် ကလည်း အစမ်းနှင့် လက်ချင်း ထိမိကြပြန်သည်။

သို့သော် မီးခြစ်က ရှာမတွေ့ပေ။

"အခုနေ ကိုရွှေမောင်တို့ ပြန်လာရင်တော့ တစ်မျိုးတစ်မည် ထင်ကြတော့မှာပဲ"

"ကိုနီမောင်ရယ်. . . ကျွန်မစိတ်ပူဖို့များ ထားပါဦး၊ ပြောင်း ပြန် ပြောနေပြန်ပြီ"

ပြောနေရင်းမှာပင် တိုင်နားမှာ ချထားသော တယော တံဆိပ် သစ်သားမီးခြစ်ဗူးကို စမ်းမိသဖြင့် မီးခြစ်ဆံတစ်ဆံ ယူ ခြစ်လိုက်ကာ မီးညှိလိုက်သည်။

မီးရောင်ပြန်လင်းလာသောအခါ တစ်ယောက်နှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မကြည့်ဝံ့အောင် ရှက်ကိုးရှက်ကန်းဖြစ်နေကြလေ
သည်- ထိုအချိန်မှာပင် ဆားဖိုသူကြီးအိမ်သို့ သွားသော ကိုမြ
ကျော်တို့ ဇနီးမောင်နှံ ပြန်လာသောကြောင့် နီမောင်လည်း နှု
ဆက်ကာ အပြင်သို့ ပြန်ထွက်လာလေသည်။

အပြင်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းနေချေပြီ။

သို့စေကာမူ နီမောင်နောက်မှာ အဖော်တစ်ယောက်တော့
ပါလာသည်။

သရဲဘဝ ရောက်နေသော ထွန်းခိုင်ပင်ဖြစ်တော့သည်။





## အခန်း(၆)

# သရဲအစောင်းခံရသော ဆားဖိုသူကြီး

ဤသို့ဖြင့် တစ်နှစ်ခန့်ကြာသောအခါ နီမောင်၏ကြိုးစား
အားထုတ်မှုကောင်းသည်ကတစ်ကြောင်း၊ နောက်မှ သရဲထွန်းခိုင်
က အကူအညီပေးသည်ကတစ်ကြောင်းကြောင့် ငွေကြေးအတန်
အသင့် စုဆောင်းမိသောအခါ ဦးထွန်းသာအောင်ထံမှ ခွဲထွက်ကာ
ကိုယ်ပိုင်ဆားဖို ထူထောင်နိုင်သောဘဝသို့ ရောက်ရှိခဲ့လေသည်။

နီမောင်မှာ အလုပ်သမားဘဝမှ လာသူဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းကို စေ့စပ်သေချာရုံမက သရဲထွန်းခိုင်၏အကူအညီလည်း ရနေသည်မို့ လုပ်ငန်းမှာ တစ်နေ့တခြား ကြီးပွားတိုးတက်လာလေသည်။

နေ့ရာသီ ရောက်သည်နှင့် ၎င်းဆားဖိုမှာ အထက်အညာဘက်မှ လာရောက်၍ ဆားဝယ်သောကုန်သည်များ မပြတ်စည်ကားနေတတ်လေသည်။

"နီမောင်. . . မင်းဆားဖိုမှာ အခြားအလုပ်သမား လူပိုတွေ မခေါ်ပါနဲ့၊ အလုပ်သမား သုံးလေးယောက် လုပ်တဲ့အလုပ်ကို ငါ တစ်ယောက်တည်း လုပ်နိုင်ပါတယ်၊ တခြားလူတွေ ခေါ်ရင် ငါတို့ အကြောင်းတွေ လူသိသွားရင် ခက်မယ်ကွ"

ဟု ပြောသဖြင့် မခေါ်တော့ဘဲ သူတစ်ယောက်တည်း လုပ် ဟန်ပြကာ ညအချိန်များတွင် သရဲထွန်းခိုင်က တစ်ညလုံး အလုပ် လုပ်ပေးသဖြင့် လူသုံးလေးယောက်စာလောက် လုပ်မှ ပြီးသော အလုပ်ကို သရဲထွန်းခိုင်တစ်ယောက်တည်းနှင့် ပြီးလေတော့သည်။

အခြားဆားဖိုမှ လူများက အလုပ်သမား မခေါ်ဘဲ နီမောင် တစ်ယောက်တည်း လုပ်သော ဆားပိဿာချိန် အရေအတွက်မှာ လူအများနှင့် လုပ်သော ၎င်းတို့ဆားဖိုများမှ ထွက်သည့် ဆား ပိဿာအရေအတွက်ထက် ပိုမိုများပြားနေသောကြောင့် များစွာ အံ့သြနေကြလေသည်။

အချို့လည်း မသိမသာနှင့် လာရောက်အကဲခတ်ကြည့်ကြ လေသည်။





ထိုသို့ကြည့်သောအခါမှာလည်း အခြားလူ မမြင်ရဘဲ နီမောင်တစ်ယောက်တည်း အလုပ်လုပ်နေသည်ကိုသာ မြင်ကြရ သဖြင့် ပို၍အံ့သြကြရလေသည်။

ညအချိန်များမှာလည်း တစ်ညလုံး မီးရောင်တထိန်ထိန်နှင့် ဆားချက်နေသည်ကို လှမ်းမြင်ကြရသဖြင့် အချင်းချင်း ပြောဆိုကြ ပြန်လေသည်။

"နေ့ခင်းဘက် သွားကြည့်ပြန်တော့လည်း သူတစ်ယောက် တည်း ဆားချက်နေတာ တွေ့တာပဲ၊ ညဘက်ရောက်တော့လည်း ညလုံးပေါက် ဆားချက်နေတာ လှမ်းမြင်ရတယ်၊ လူတစ်ယောက် ဟာ နေ့ဘက်ရော ညဘက်မှာပါ မအိပ်ဘဲနဲ့ ဆက်တိုက်အလုပ်လုပ် နိုင်ပါ့မလား"

"အိပ်တဲ့အချိန်လည်း ရှိချင်ရှိမှာပေါ့၊ သူ့ဆီမှာ လူခွဲမရှိတာ တော့ သေချာတယ်"

"ဒါ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး၊ နောက် အချို့ပြော တာတော့ သူ့မီးဖိုထဲမှာ ထမင်းဟင်းချက်ရင် အများကြီး ချက်တာ တွေ့ကြရသတဲ့၊ ဝက်သားအမဲသားဆိုရင် ပိဿာလိုက် ဝယ်ပြီးချက် တယ်လို့ ပြောတယ်၊ သူတစ်ယောက် စားလို့တော့ ဘယ်လိုနည်းနဲ့မှ ကုန်နိုင်ဘူး"

"ဒါဖြင့် ဘယ်သူတွေကို ချက်ကျွေးနေတာလဲ"

"ဒါတော့ ငါတို့လည်း ဘယ်သိပါ့မလဲ၊ ဒါတောင် တချို့ပြော တာတော့ ညအချိန်ရောက်ရင် အနောက်ဘက်မှာ ရှိတဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခြေရင်းကို ထမင်းထုပ် သွားချပေးတယ်လို့တော့ ပြောသံကြားတာပဲ”

“မဟုတ်မှလွဲရော. . . နီမောင်တစ်ယောက် သရဲမွေးပြီးများ ခိုင်းစားနေရော့သလား မပြောတတ်ဘူး”

“သရဲတစ္ဆေကို ဒီလိုခိုင်းစားလို့ ရလို့လား”

“ရ ရပေါ့. . . အချို့သရဲတစ္ဆေတွေဆိုရင် လူတွေနဲ့ အပေါင်းအသင်းလို နေပြီး လူခိုင်းတဲ့အလုပ်တွေကို အကုန်လုပ်ပေးနိုင်တယ်၊ ဒါပေမယ့် သူတို့ကိုလည်း တစ်ဝက်တော့ ကျွေးရတာပေါ့”

“ကြောက်စရာကွာ. . . တကယ်လို့ ဆက်မကျွေးနိုင်ရင် မွေးတဲ့လူကို ပြန်ပြီးဒုက္ခပေးတယ်လို့ ကြားဖူးပါတယ်၊ ငါတို့တော့ မလုပ်ဝံ့ပါဘူး”

ထိုသို့ပြောနေကြသော်လည်း နီမောင်ကတော့ တစ်နေ့တစ်ခြား ကြီးပွားလာလေတော့သည်။

၎င်းမှာ အလုပ်သမားစရိတ် မကုန်လှဘဲ ဆားပိဿာချိန် အမြောက်အမြား ရနေသောကြောင့် တော်ရုံတန်ရုံ ဈေးတင်မရောင်းရုံမက အလေးချိန်ကလည်း မှန်မှန်ကန်ကန် ထည့်ပေးသောကြောင့် တစ်နေ့တစ်ခြား ဖောက်သည် ကုန်သည် များလာလေတော့သည်။

ရရှိသောငွေများကို မော်ကျွန်းမြို့မှာ ကျန်ခဲ့သောမိဘများထံသို့ တင်ပို့တန်ပို့ ပို့လျှံသောငွေများကို လုပ်ငန်းတိုးချဲ့ရန်အတွက် အသုံးပြုလေသည်။





သို့သော်လည်း လူ့လောကဓမ္မတာအတိုင်း သာမန်အလုပ်သမားဘဝမှ တစ်နေ့တစ်ခြား တိုးတက်ကြီးပွားလာပြီး ဆားဖိုပိုင်ရှင်ဖြစ်လာသော နီမောင်ကို ကြည့်ပြီး အားကျသူများ ရှိသကဲ့သို့ လုပ်ငန်းတူချင်း အပြိုင်အဆိုင်ဖြစ်လာသောကြောင့် မနာလို မုန်းတီးသူများလည်း ရှိလာလေသည်။

တစ်ညတွင် လုပ်ငန်းရှင်တစ်ယောက်က ၎င်း၏ဓားပြည့်များတို ရုပ်ဖျက်စေလွှတ်ပြီး နီမောင်ဆားဖိုကို စနည်းနာကြည့်ခိုင်းရာတစ်ယောက်တည်းရှိမှန်း သိရလေသည်။

ထိုသို့သိရသောအခါ အခြားရွာမှာ ရှိသောဓားပြအဖွဲ့ကို သတင်းပေး လက်ထောက်ချလိုက်လေသည်။

သို့ကြောင့် ဓားပြငါးယောက်တို့မှာ လုပ်သေနတ်တစ်လက်အပါအဝင် ဓားလှံလက်နက်များဖြင့် ဓားပြတိုက်ရန် လာကြလေသည်။

၎င်းတို့ရောက်လာသောအချိန်မှာ ညဥ့်နက်ပိုင်းအချိန်ဖြစ်သဖြင့် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်လျှက်ရှိနေချေပြီ။ နီမောင်နေသောနေရာမှာ ရွာအစွန်ဘက်တွင် ရှိသဖြင့် အဝင်အထွက်လွယ်ကူသောနေရာဖြစ်သည်။

ဓားပြများမှာ လှေနှင့် လာကြပြီး နီမောင်ဆားဖိုနှင့် မနီးမဝေးနေရာ ရောက်သောအခါ လှေကို တစ်နေရာ ဆိုက်တင်ထားခဲ့ပြီး ကမ်းပေါ် တက်ခဲ့ကြလေသည်။

ဆားဖိုနှင့် မနီးမဝေး ရောက်သောအခါ အုံ့ဩ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းမြင်ရလေသည်။

အခြားမဟုတ်ပေ။

ဆားဖိုအတွင်းမှ မီးရောင်များ ထိန်လင်းနေပြီး နီမောင် အပါအဝင် လူလေးငါးယောက်တို့ အလုပ်လုပ်နေကြသည်ကို တွေ့ ရသောကြောင့်ဖြစ်ပေသည်။

"ဟိုလူ သတင်းပေးတုန်းက တစ်ယောက်တည်း နေတယ် ဆို၊ အခု ဆားဖိုထဲမှာ လေးငါးယောက်လောက် ရှိနေပါလား"

"သတင်းကြားလို့များ လူတွေ အဖော်ခေါ်ထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ဘယ်လိုလုပ်မလဲ"

"လာပြီးမှတော့ ပြန်မလှည့်တော့ဘူး၊ ငါတို့မှာ သေနတ် လည်း ပါတာပဲ. . . ဝင်ကြမယ်ကွာ"

ပြောဆိုတိုင်ပင်ကာ ဆားဖိုအတွင်းသို့ ဝင်သွားကြလေ သည်။

၎င်းတို့ ဝင်လာတာကို မြင်သော်လည်း ဆားချက်နေသော အလုပ်သမားငါးယောက်တို့က လုံးဝဂရုမစိုက်ဘဲ ဆားချက်သည့် အလုပ်ကိုသာ လုပ်မြဲလုပ်နေကြလေသည်။

"ဟေ့. . . လက်မြှောက်ပြီး ငြိမ်ငြိမ်လေး နေကြစမ်း"

ဟု ဓားပြခေါင်းဆောင် အမိန့်ပေးလိုက်တော့မှ ငါးယောက် စလုံး အလုပ်ရပ်ကာ သူတို့ဘက်သို့ လှည့်လာသည်။

"ဟင်. . ."





လူငါးယောက်၏မျက်နှာများကို မြင်သောအခါ ဓားပြများ မှာ အံ့ဩသွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် လူငါးယောက်စလုံး၏မျက်နှာမှာ တစ်ပုံစံတည်းဖြစ်နေသောကြောင့်ပင်။

"မင်းတို့ဆားဖိုပိုင်ရှင် ဘယ်မှာလဲ"

"မရှိဘူး"

"ဘယ်သွားသလဲ"

"မြို့ပြန်သွားတယ်"

"ငါတို့ကို မညာနဲ့နော်၊ တစ်ခါတည်း သေသွားမယ်၊ မနေ့ ကတောင် ရှိနေသေးတယ် မဟုတ်လား"

ထိုသို့ပြောသော်လည်း လူငါးယောက်တို့မှာ တစ်စက်က လေးမှ ကြောက်ရွံ့ဟန်မပြကြချေ။

ထိုအခါမှ ဓားပြများက ထိုလူငါးယောက်ကို အသေအချာ ကြည့်သောအခါ မျက်နှာပုံပန်းသဏ္ဌာန် တူရုံမက အသားမည်းပုံ၊ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ပုံ၊ အင်္ကျီမရှိဘဲ ခါးတွင် နံငယ်ပိုင်း ကလေးသာ ပတ်ထားပုံ၊ တစ်ကိုယ်လုံး ချွေးများဖြင့် အဆီပြန်နေပုံ များမှာ တစ်ပုံစံတည်းဖြစ်နေလေသည်။

"သူ့ပစ္စည်းတွေ ဒီမှာကျန်ခဲ့တာတွေ ရှိသေးတယ် မဟုတ် လား"

"ရှိတယ်"

"ဘယ်နေရာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ. . ."

လူငါးယောက်က သူတို့ကိုယ်ကို လက်ဖြင့် ပုတ်ပြကြသည်။

"မင်းတို့ကို မေးတာမဟုတ်ဘူး၊ ဆားရောင်းရတဲ့ငွေတွေ ဘယ်မှာ ထားသလဲလို့ မေးတာ"

"သူတစ်ပါး ချွေးနဲ့သွေးနဲ့ ရင်းပြီး ရှာဖွေထားတာကို အလ ကား လိုချင်လို့ရမတဲ့လား၊ မင်းတို့ ပိုက်ဆံလိုချင်ရင် ငါတို့နဲ့ ဆား လာချက်ကြ"

"ဘာစကားပြောတာလဲ. . . အလုပ်မလုပ်ချင်လို့ ဓားပြ တိုက်နေတာပေါ့ကွ၊ ကဲ. . . စကားရှည်တယ်၊ ရှိတဲ့ငွေကို ထုတ်ပေး မလား မပေးဘူးလား၊ တစ်ခွန်းပဲ ပြောပေတော့"

"မပေးနိုင်ဘူး"

"ဒီလောက်ခေါင်းမာတာ. . . သေပေတော့"

"ဒိန်း"

ဓားပြခေါင်းဆောင်က လက်ထဲမှာ ကိုင်လာသော နှစ်လုံး ပြူ လုပ်သေနတ်နှင့် တစ်ယောက်ကို ပစ်လိုက်သည်။

အနီးကပ် ပစ်သည်မို့ ကျည်ဆန်က ဝမ်းဗိုက်ကို ထိပြီး ပွင့် ထွက်သွားလေသည်။

သို့သော်လည်း သေနတ်ကျည်ဆန် ထိမှန်ခံရသူက ဟောင်း လောင်းပွင့်သွားသော ဝမ်းဗိုက်ကို ငုံ့ကြည့်သည်။

အပြင်သို့ ထွက်လာသောအူများကို လက်ဖြင့် ပြန်ထည့် ကာ စပ်ဖြီးဖြီးမျက်နှာနှင့် ပြန်မော့ကြည့်သည်။





"ဟင်. . မင်း. . မင်းတို့ လူတွေမှ မဟုတ်ဘဲ"

ဟု ပြောကာ နောက်သို့ ပြန်လှည့်ပြေးရန် ပြင်စဉ်မှာပင် လူငါးယောက်က ရှေ့သို့ တိုးဝင်လာပြီး လိုက်လံဖမ်းဆီးလေတော့ သည်။

ထိုသို့ဖမ်းဆီးရာမှာတော့ စောစောက ပုံသဏ္ဍာန်မျိုး မဟုတ်တော့ဘဲ ငါးယောက်စလုံး ကြောက်မက်ဖွယ်ရာ ပုံသဏ္ဍာန် မျိုးဖြစ်လာတော့သည်။

ထို့ပြင်. . . ပြေး၍လည်း မလွတ်တော့ပေ။

သူတို့ ဘယ်လိုပြေးပြေး ဖမ်းဆီးမည့်သူများက ရှေ့မှ ဆီး ထားနေရာ နောက်ဆုံး ကြောက်လန့်တကြား အော်ဟစ်အကူအညီ တောင်းရသည့်အဖြစ် ရောက်ကြလေတော့သည်။

"ကယ်ကြပါဗျို့. . . ကယ်တော်မူကြပါ၊ ရွာထဲမှာ တစ္ဆေ သရဲတွေ ဝင်ပြီးလိုက်ဖမ်းနေလို့ ကယ်ကြပါဗျို့"

ဟု အော်ဟစ်အကူအညီတောင်းရာ အချို့လည်း တစ္ဆေ သရဲဆိုသောအသံကြားသဖြင့် အပြင်မထွက်ဝံ့ကြချေ။

အချို့လည်း ဓားလှံလက်နက်များ ကိုင်ပြီး အပြင်ထွက်လာ ကြလေသည်။

နောက်ဆုံးတော့ ဓားပြငါးယောက်မှာ လူမရှိသောနေရာ သို့ မပြေးဝံ့ဘဲ ရွာသားများ ရှိရာသို့ ပြေးလာကြပြီး အဖမ်းခံတော့မှ နောက်မှ လိုက်လာသော တစ္ဆေသရဲများရန်မှ လွတ်ကင်းသွားလေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓားပြငါးယောက်စလုံးကို ကြိုးတုတ်ဖမ်းပြီး စစ်ဆေးကြည့်သောအခါ နီမောင်ဆားဖိုကို ဓားပြတိုက်ရန် လာကြကြောင်း ဝန်ခံကြရလေသည်။

"နီမောင်ဆားဖိုမှာ သူတစ်ယောက်တည်း အလုပ်လုပ်နေတာပဲ၊ မင်းတို့မှာ လက်နက်တွေလည်း ပါတယ်၊ လူကလည်း ငါးယောက်တောင် ရှိရက်နဲ့ ဘယ်လိုဖြစ်ပြီး အော်ဟစ်ထွက်ပြေးကြရတာလဲ"

"နီမောင်က သရဲတွေ မွေးထားတာဗျ၊ သူ့ဆားဖိုမှာ သရဲတွေ အများကြီးရှိတယ်၊ ကျုပ်တို့တောင် အပြေးမြန်လို့သာ၊ မမြန်ရင် သရဲတွေ ဖမ်းစားခံရမှာဗျ"

ဟု ပြောသဖြင့် ရွာသားအချို့က နီမောင်အလုပ်လုပ်နေသော ဆားဖိုသို့ သွားကြည့်ကြလေသည်။

ထိုသို့ကြည့်တော့လည်း ဆားဖိုထဲမှာ နီမောင်တစ်ယောက်တည်း အလုပ်လုပ်နေသည်ကို မြင်ရသဖြင့် တအံ့တသြဖြင့် ဆားဖိုအတွင်းသို့ ဝင်သွားကြလေသည်။

"အလို့ . . . ကိုတင်ဖေတို့ပါလား၊ လက်ထဲမှာလည်း ဓားတွေ လှံတွေနဲ့ ဘာလုပ်နေတာလဲဗျ"

တအံ့တသြ မေးလေသည်။

"ဟင် . . . မင်းဆားဖိုကို ဓားပြတိုက်ကြလို့ တိုက်တဲ့ဓားပြငါးယောက်တောင် ငါတို့ ဖမ်းထားပြီးပြီ၊ မင်းက မသိဘူးလား"

"ဟင့်အင်း . . . မသိပါဘူး၊ ကျွန်တော် ဒီမှာ တစ်ညလုံး





အလုပ်လုပ်နေတာပဲ၊ ဘယ်ဓားပြမှ မလာပါဘူး"

ဟု ပြန်ပြောလေရာ ရွာသူရွာသားများမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

နောက်တစ်နေ့မနက်ပိုင်းအချိန်မှာပင် ဖမ်းမိသော ဓားပြငါးယောက်တို့ကို လပွတ္တာရဲတပ်ဖွဲ့စခန်းသို့ သွားရောက်အပ်လိုက်ကြလေသည်။

ထိုနောက်ပိုင်းမှာတော့ ရွာထဲမှာ သတင်းတစ်ခု ပြန့်နှံ့လာလေတော့သည်။

အခြားမဟုတ်ပေ။

နီမောင်ဆားဖိုမှာ သရဲများ ရှိနေသည်ဆိုသော သတင်းပင်ဖြစ်၏။

အားလုံးက ထိုသတင်းကို စိတ်ဝင်စားကြလေသည်။

နီမောင်ဆားဖိုကို ဓားပြတိုက်ရန် ဓားပြများ လက်ထောက်ချသူမှာ လမုတန်းရွာတွင် ဆားဖိုလုပ်ငန်း လုပ်နေသော ကိုဟန်စိန်ဆိုသောလူပင် ဖြစ်သည်။

၎င်းက လုပ်ငန်းပြိုင်ဖက်ဖြစ်နေသော နီမောင်လုပ်ငန်းများပျက်စီးစေရန် ဓားပြများကို လက်ထောက်ချလိုက်ခြင်းဖြစ်သော်လည်း မအောင်မြင်ခဲ့ပေ။

တစ်နေ့ညဦးပိုင်းအချိန်တွင် ကိုဟန်စိန်တစ်ယောက်တည်း ရွာများပိုင်းမှ ပြန်လာစဉ် လူပြတ်သောနေရာ ရောက်သောအခါ ၎င်းသွားမည့်လမ်းပေါ်မှာ ခါးထောက်ရပ်နေသော မည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်ကြီးကို တွေ့ရလေသည်။ ကိုဟန်စိန်တစ်ယောက်တည်း ဖြစ်နေသောကြောင့် နောက်ကြောင်းပြန်လှည့်ပြေးရန် ပြင်လိုက်ရာ ရှေ့မှာ ရပ်နေသော မည်းမည်းသဏ္ဍာန်က နောက်ဘက်သို့ ရောက်နေလေသည်။

"သူတစ်ပါးကိုတော့ ပျက်စီးအောင် ကြံစည်ပြီး ကိုယ့် အလှည့်ရောက်တော့ ကြောက်နေပြီလား"

ဟု ပြောကာ ရှေ့သို့ တိုးဝင်လာလေရာ ထိုအခါမှ ကြောက်မက်ဖွယ်ကောင်းသောမျက်နှာကြီးကို တွေ့ရလေတော့သည်။

ထိုအခါမှ ကိုဟန်စိန်မှာ ကြောက်လန့်တကြားနှင့် ထွက်ပြေးလေရာ မည်းမည်းသဏ္ဍာန်ကြီးက နောက်မှ လိုက်လာပြီး ဂုတ်ကို ဆွဲဖမ်း၍ တစ်ကိုယ်လုံးကို တံတောင်ဖြင့် ထောင်းရာ ဗွက်တော ထဲမှာ လိမ့်နေတော့သည်။

"ကိုင်းဟာ. . . ကိုင်းဟာ"

"အမယ်လေး. . . ကယ်ကြပါဦးဗျို့. . . ကယ်ကြပါဦး"

သို့သော်လည်း လူနေအိမ်နှင့် အတန်ငယ် ဝေးသောကြောင့် မည်သူမျှ လာရောက်မလာကြသဖြင့် နောက်ဆုံးအော်ဟစ်ရင်းနှင့် သတိမေ့သွားတော့မှ တံတောင်နှင့် အထောင်းရပ်သွားပြီး မည်းမည်းသဏ္ဍာန်ကြီးက ပြန်ထွက်သွားလေတော့သည်။

အချိန်တန်၍ အိမ်ပြန်မရောက်လာသဖြင့် အိမ်သူအိမ်သားများက လိုက်လံရှာဖွေကြသောအခါ နွံအိုင်တစ်အိုင်ထဲမှာ သတိလစ်နေသော ကိုဟန်စိန်ကို တွေ့ကြရလေသည်။





ကိုဟန်စိန်မှာ အိမ်ပြန်ရောက်သည့်တိုင် သတိမရဘဲ ရှိနေရာ ဝိုင်းဝန်းပြုစုရာမှ သတိရလာပြီး ကယောင်ကတမ်းဖြင့် အော်ဟစ်နေလေတော့သည်။

"ကျုပ်ကို သရဲထောင်းနေတယ်ဗျ၊ ကယ်ကြပါဦး. . . ကယ်ကြပါဦးဗျ"

နှင့် အော်ဟစ်နေသောကြောင့် ပယောဂဆရာတစ်ယောက်ကို ခေါ်၍ကုသပေးတော့မှ သက်သာခွင့် ရသွားလေတော့သည်။





www.burmeseclassic.com



www.burmeseclassic.com



အခန်း(၇)

# သရဲမှာသော်လည်း သဘက်နှင့် တွေ့ရသူ

လမုတန်းရွာမှာ မကြာခဏ ဝင်ရောက်၍ ဓားပြတိုက်သော ဓားပြအဖွဲ့ကို ဖမ်းဆီးပြီးသည့်နောက်တွင် နီမောင်နှင့် ပတ်သက်သော သတင်းက ပိုမိုကျယ်ပြန့်လာလေသည်။

တစ်ရွာလုံးကလည်း နီမောင်ဆားဖို၌ သရဲရှိနေသည်ဆိုသောသတင်းကို စိတ်ဝင်စားကြလေသည်။

“သူ့ဆီမှာ သရဲမွေးထားလို့သာ လူသုံးလေးယောက် လုပ်ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပြီးမယ့်အလုပ်တွေကို တစ်ယောက်တည်း လုပ်လို့ရနေတာ ဖြစ်မှာ ပေါ့"

"ဒါပေမယ့် သူမွေးထားတဲ့သရဲက သူတို့ကို အန္တရာယ် မပေးရင် ဘယ်သူ့ကိုမှ အန္တရာယ်ပေးတာမှ မဟုတ်တာ၊ သူ့ အတွက်တော့ အဖော်ကောင်းတစ်ယောက် ရထားတာပဲပေါ့"

"ငါတို့လည်း သူ့လိုသရဲမျိုးတော့ မွေးချင်ပါရဲ့ကွာ၊ ဒါပေ မယ့် ကိုယ်မွေးတဲ့သရဲကျမှ ခိုင်းမရဘဲ ကိုယ့်ကို ဂုတ်ချိုးပြီး သတ်မယ့် သရဲမျိုးဖြစ်နေမှ ခက်မယ်"

ဟု အမျိုးမျိုး ပြောဆိုနေကြလေသည်။

အချို့ကလည်း နီမောင်အခြေအနေကို ကြည့်ပြီး အားကျ ကြသည်။ အချို့ကလည်း ကြောက်ရွံ့နေကြလေသည်။

မည်သို့ပင်ရှိစေ...။

နီမောင်ကတော့ သရဲထွန်းခိုင် အကူအညီပေးနေသော ကြောင့် လုပ်ငန်းများ အဆင်ပြေနေကာ ကြီးပွားတိုးတက်လာလေ သည်။

တစ်နေ့တွင် နီမောင်အလုပ်လုပ်နေသော ဆားဖိုသို့ ကို မြတ်ကျော်နှင့် မရင်ရွှေတို့သားအဖ ရောက်လာကြလေသည်။

ကိုမြတ်ကျော်က နီမောင်နှင့် တွေ့သည်နှင့် ဇင်းသိချင်သော ကိစ္စကို ပွင့်ပွင့်လင်းလင်း မေးလေတော့သည်။

"နီမောင်... မင်းနဲ့ ပတ်သက်တဲ့သတင်းတွေကတော့ ရွာ ထဲက လူတွေ သိတန်သလောက် သိနေကြပါပြီ၊ မင်း ဘယ်လို





အဆင်ပြေနေတယ်ဆိုတာ ငါတို့ကိုလည်း အသိပေးပါဦးကွာ"

ဟု မေးသဖြင့် နီမောင်ကလည်း မဖုံးကွယ်ချင်သဖြင့် သရဲ ထွန်းခိုင်နှင့် ပတ်သက်သောအကြောင်းများကို ပြန်ပြောပြလိုက်လေ သည်။

"ဒါ.. ဒါဖြင့် ထွန်းခိုင်က သရဲဘဝနဲ့ မင်းဆီမှာ ပြန်ရောက် နေတာပေါ့ ဟုတ်လား"

"ဟုတ်တယ်... သူ ဒီဘဝက မကျွတ်မချင်းတော့ ကျွန် တော့်ကို အကူအညီပေးမယ်လို့ ပြောထားတယ်၊ တကယ်လို့ ဒီဘဝ က သူကျွတ်တော့မယ်ဆိုရင်တော့ သူ့အတွက် ကုသိုလ်ကောင်းမှု တစ်ခုခု လုပ်ပေးပြီး အမျှအတန်း ဝေပေးရမယ်"

"မင်းကတော့ ကံကောင်းတာပေါ့ကွာ၊ ငါကတော့ အခုချိန် ထိ ဆင်းရဲတွင်းက မလွတ်သေးဘဲ၊ သူများဆီမှာပဲ အလုပ်လုပ်နေရ တုန်းပဲ၊ ထွန်းခိုင်က မင်းကို အကူအညီပေးသလိုမျိုး ငါ့ကို အကူ အညီ လာပေးရင် သိပ်ကောင်းမှာပဲ"

"ဒီလိုတော့ သူလုပ်ပေးမှာ မဟုတ်ဘူး၊ ဝိညာဉ်ဆိုတာ လူ တွေလို အပြောင်းအလဲ လုပ်လို့မရဘူး ကိုမြတ်ကျော်၊ ဒီတော့ ခင် ဗျား ဆားဖိုထောင်ချင်ရင် ကျွန်တော် အရင်းအနှီး ထုတ်ပေးပါ့မယ်"

"ဒီလိုဆိုတော့ မင်းပြောတဲ့အတိုင်းပဲ ငါလုပ်ပါတော့မယ်"

ဟု ပြောသဖြင့် နီမောင်က ဆားဖိုထောင်ရန်အတွက် လိုအပ်သောငွေကြေးများကို ထုတ်ပေးလိုက်လေသည်။

နောက်ထပ်လအနည်းငယ်ကြာသောအခါ ကိုမြတ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အလုပ်က ထွက်ပြီး ကိုယ်ပိုင်ဆားဖိုတစ်ဖို ထူထောင်တာ လုပ်ကိုင်လေသည်။

သို့သော် သူတစ်ယောက်တည်း မလုပ်နိုင်သဖြင့် အလုပ်သမားနှစ်ယောက် ငှားရင်း လုပ်ကိုင်ရလေသည်။

ကိုမြတ်ကျော်မှာ လုပ်ငန်းထူထောင်ကာစမို့ ဆားကုန်သည်နှင့် ဖောက်သည်များက မသိကြသေးသောကြောင့် အရောင်းအဝယ်က မကောင်းသေးပေ။

လမုတန်းရွာသို့ ဆားဝယ်ယူရန် လာကြသော ကုန်သည်များကလည်း နီမောင်တို့လို ဝယ်နေကျဆားဖိုများသို့သာ သွားရောက်ဝယ်ယူကြသောကြောင့် သူ့ဆားဖိုသို့ မရောက်ကြတော့ပေ။

ထို့ကြောင့် ရသမျှဆားများကို အခြားဆားဖိုများသို့ သင့်တော်သောဈေးဖြင့် ပြန်ရောင်းရသဖြင့် အကျိုးအမြတ် မရှိလှပေ။

တစ်နေ့တော့ ဇနီးဖြစ်သူ မခင်မေက ပြောသည်။

"ဒီအတိုင်းဆိုရင်တော့ လူတွေ မီးအပူဒဏ် ခံရတာကလွဲပြီး အကျိုးအမြတ် ရမှာမဟုတ်ဘူး၊ ရတဲ့ငွေကလည်း အလုပ်သမားနှစ်ယောက်ကို ကျွေးရပေးရတဲ့စရိတ်တောင် မလောက်ငှချင်ဘူး"

"ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲကွာ"

"သူများတောင် ဖြစ်နေမှတော့ ကိုယ်လည်း ဖြစ်အောင်လုပ်ရမှာပေါ့ ကိုမြတ်ကျော်ရဲ့၊ တော့်မှာ အကြံဉာဏ် မရှိဘူးလား"

"ငါက ဘယ်လိုလုပ်ရမှာလဲ"

"နီမောင်တောင် သရဲမွေးပြီး အလုပ်ဖြစ်နေသေးတာ





ကိုယ်လည်း အဲသည်လို လုပ်ရင် ဘာကြောင့် မဖြစ်ရမှာလဲ"

မိန်းမက လောဘစိတ်ဖြင့် ပြောသော်လည်း ထိုစကားကြားသောအခါ ကိုမြတ်ကျော်မှာ မျက်လုံးပြူးသွားလေသည်။

"ငါ့ဖွာသာ အေးအေးနေပါရစေကွာ၊ ဒီလိုတော့ ဒုက္ခမပေးပါနဲ့"

"အဲဒါ ဒုက္ခပေးတာမှ မဟုတ်တာ၊ ကျုပ်တို့တတွေ ချမ်းချမ်းသာသာ နေနိုင်အောင်လို့ ကြံစည်တာပဲ"

"ဖြစ်ပါ့မလားကွာ"

"ဘာကြောင့် မဖြစ်ရမှာလဲ"

"သရဲမွေးတယ်ဆိုတာ လွယ်တာမှ မဟုတ်တာ၊ ငါတဘယ်သရဲ သွားခေါ်ရမှာလဲ၊ သရဲဆိုတာ လူတစ်ယောက်ကို ထမင်းစားဖိတ်သလို အလွယ်တကူ သွားခေါ်ချင်တိုင်း သွားခေါ်လို့ရတာမျိုးမှ မဟုတ်တာ၊ သူလာချင်မှလည်း ဖြစ်မှာပေါ့"

"ဒါကတော့ အကြံထုတ်ရမှာပေါ့. . . အခု သရဲအထောင်းခံရတဲ့ ဆားဖိုသူကြီး ကိုဟန်စိန်ကို ဆေးကုပေးဖို့ ပယောဂဆရာတစ်ယောက် ရွာထဲမှာ ရောက်နေတယ်၊ သူ့ကို သွားခေါ်ပြီး တိုင်ပင်ကြည့်ရရင် မကောင်းဘူးလား"

ကိုမြတ်ကျော်မှာ မိန်းမဖြစ်သူက နားပူနားဆာဖြင့် အတွေးပေးသောကြောင့် ကိုဟန်စိန်ကို ဆေးကုပေးနေသော ပယောဂဆရာအား အိမ်သို့ ခေါ်လာလေသည်။

ပယောဂဆရာမှာ အသက်လေးဆယ်ကျော်ခန့်အရွယ်



www.burmeseclassic.com

www.burmeseclassic.com

ရှိပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများနှင့် သျှောင်တစောင်း ထုံးထားလေသည်။

ၚင်း၏အမည်မှာ ဦးသာဗန်းဖြစ်သည်။

"ဆရာကြီးကို အကူအညီတောင်းချင်လို့ပါ"

"ဘာများလဲ. . . ပြောပါ၊ ကျုပ်တတ်နိုင်တာတော့ လုပ်ပေးပါ့မယ်"

"ဆရာကြီး သရဲမွေးပြီး ခိုင်းလို့ရသလားဟင်"

"ရပါတယ်. . . ဒါပေမယ့် ရေရှည်ကြာလာရင် ကိုယ့်ကို ပြန်ပြီးအန္တရာယ်ပေးတာမျိုးတွေ ရှိတယ်၊ အစာမကျွေးနိုင်တဲ့အခါ မွေးထားတဲ့လူကို ပြန်သတ်တာမျိုးပေါ့"

ထိုစကားကြားသောအခါ ကိုမြတ်ကျော်မှာ အနည်းငယ် တွန့်သွားလေသည်။

ထိုအခါ မခင်မေက ဝင်ပြောပြသည်။

"ဆရာကြီး. . . ကျွန်မတို့ရွာထဲမှာ သရဲက မမွေးဘဲ ရောက်လာပြီး အကူအညီပေးနေလို့ နေ့ချင်းညချင်း ကြီးပွားလာတဲ့ လူတစ်ယောက်ရှိတယ်"

"သူက ဘယ်လိုကြီးပွားလာတာလဲ"

ထိုအခါ မခင်မေက နီမောင်နှင့် သရဲထွန်းခိုင်တို့အကြောင်းကို သူသိသမျှ ပြောပြလိုက်လေသည်။

ထိုအကြောင်းကို ကြားသောအခါ ဆရာကြီးဦးသာဗန်းက

"ဒါကတော့ သူငယ်ချင်းက သရဲဘဝ ရောက်နေပြီး လူ့ဘဝ





တအတိုင်း လာပြီးအကူအညီပေးနေလို့ အဆင်ပြေနေတာတွေပဲ သူ့လို အဆင်ပြေတဲ့သရဲမျိုး မရဘဲ ကိုယ့်ကို အန္တရာယ်ပေးမယ့်သရဲနဲ့ အိမ်ရောက်လာရင် နှင်မရပြုမရနဲ့ ဒုက္ခရောက်နိုင်တယ်"

ဟု စေတနာဖြင့် ပြောပြလေသည်။

ထိုစကားကြားသောအခါ ကိုမြတ်ကျော်က တစ်စုံတစ်ခုကို သတိရပြီး ၎င်းတို့ထင်းခုတ်သွားစဉ်က တောထဲမှာ တွေ့ကြုံခဲ့ရသောအကြောင်းများကို ပြန်ပြောပြလိုက်လေသည်။

"အခု နီမောင်ဆီ ရောက်နေတဲ့ သရဲထွန်းခိုင်နဲ့ အတူတူ သေသွားတဲ့ ငရွှေမောင်ဆိုတာ တစ်ယောက်ကျန်သေးတယ်၊ သူလည်း သရဲဘဝ ရောက်နေတာ သေချာတယ်၊ သူ့ကို သွားခေါ်ရရင် မကောင်းဘူးလား ဆရာကြီး"

"သူက သရဲဘဝ ရောက်နေတယ်ဆိုပေမယ့် အဲဒီနေရာမှာ ရှိချင်မှ ရှိနေတော့မှာ"

ဦးသာဗန်းက နားချသည့်သဘောမျိုးနှင့် ပြောလိုက်သော်လည်း လောဘဇော တက်နေကြသော ကိုမြတ်ကျော်တို့လင်မယားကတော့ သူတို့လုပ်ချင်တာကိုပင် ဇွတ်အတင်းပြောလေသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ သရဲခေါ်တာနဲ့စာရင် ကိုယ့်လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့တဲ့ ငရွှေမောင်ကိုပဲ သွားခေါ်ချင်တယ် ဆရာကြီး အကူအညီပေးပါ၊ ပိုက်ဆံလည်း များများပေးပါ့မယ်"

"ကျုပ်ကတော့ ပိုက်ဆံပေးပြီး ခိုင်းရင် ဘာမဆို လုပ်ပေးနိုင်ပါတယ်၊ ခင်ဗျားတို့ သဘောကျရင် ပြီးတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဦးသာဇန်းက ငွေရရန်အတွက် လာရောက်
သဖြင့် ကိုမြတ်ကျော်က ငွေပေး၍ခိုင်းသောအခါ သူ့လို ပယော
ဆရာအတွက် အခက်အခဲ မရှိလှသောအလုပ်ကို လုပ်ပေးရ
သဘောတူလိုက်လေသည်။

နောက်တစ်နေ့တွင် လှေတစ်စင်းဖြင့် သစ်တောများ ရှိရာ
သို့ စုန်ဆင်းခဲ့ကြလေသည်။

လှေပေါ်တွင် ပယောဂဆရာဦးသာဇန်း၊ ကိုမြတ်ကျော်တို့
အပြင် အခြားအလုပ်သမားနှစ်ယောက်ကိုပါ အဖော်ခေါ်ခဲ့လေ
သည်။

“နေရာကို သေသေချာချာ မှတ်မိသေးရဲ့လား”

“မှတ်မိပါတယ်. . . သူတို့နှစ်ယောက် သေသွားတုန်းက
ကျွန်တော်တို့ကိုယ်တိုင် သင်္ဂြိုဟ်ခဲ့ရတာပါ”

တောတွင်းရောက်သောအခါ ယခင်လာစဉ်က လှေလိုက်
သောနေရာမှာပင် လှေဆိုက်ကာ တောပေါ် တက်ကြလေသည်
၎င်းတို့နှင့်အတူ တောပိုင်တောင်ပိုင်တို့အား တင်မြှောက်ရန်
များ၊ သရဲကျွေးရန် အစာများလည်း ပါလာကြသည်။

တောပေါ် ရောက်သောအခါ ဆရာဦးသာဇန်းက တော
တောင်ပိုင်အတွက် ပွဲများ ပြင်ဆင်ဆက်သပြီး သေဆုံးသွားသော
ငရွှေမောင်၏ဝိညာဉ် ရှိနေသေးပါက ခေါ်ယူသွားလိုကြော
တောင်းပန်ပြောဆိုနေလေသည်။

အာလုံးပြီးသောအခါမှ ငရွှေမောင်နှင့်ထွန်းခိုင်တို့



လောင်းများ ကျန်ခဲ့သောနေရာသို့ သွားကြလေသည်။ ယခင်တစ်
ခေါက် လာစဉ်က မဖောက်ထားခဲ့သောလမ်းမှာ လအတန်ကြာပြီဖြစ်
သောကြောင့် တောရိုင်းသစ်ပင်များ ပြန်လည်ပေါက်နေပြီဖြစ်သော်
လည်း ယခင်ဓားချက်များကို ကြည့်ပြီး သွားနိုင်ကြလေသည်။

ထွန်းခိုင်နှင့် ငရွှေမောင်တို့ အလောင်းများ ထားခဲ့သော
နေရာသို့ ရောက်သောအခါ မွန်းလွဲပိုင်းအချိန် ရှိနေချေပြီ။

လအတန်ကြာပြီမို့ စင်များက ပြိုပျက်နေပြီး အလောင်းများ
မ မရှိတော့ပေ။

သို့သော်လည်း ထိုနေရာတဝိုက်မှာတော့ အရိုးစုအချို့ ရှိနေ
သေးသည်။

“ကျွန်တော်တို့ ထားခဲ့တုန်းက ထွန်းခိုင်အလောင်းက ဟို
ဘက်မှာဆိုတော့ ဒီဘက်မှာ တွေ့ရတဲ့ အလောင်းကျတဲ့အရိုးတွေ
က ငရွှေမောင်အရိုးတွေ ဖြစ်မယ် ဆရာကြီး”

ဦးသာဇန်းက ထိုနေရာမှာ ကျနေသော ဦးခေါင်းခွံရိုးကို
ယူပြီး သစ်ငုတ်ပေါ် တင်လိုက်သည်။

ထို့နောက် လက်ဖျံရိုးတစ်ချောင်းဖြင့် ထိုဦးခေါင်းခွံကို နှစ်
ချက်သုံးချက် ရိုက်လိုက်လေသည်။

“ဒေါက်. . . ဒေါက်. . . ဒေါက်”

“လွန်ခဲ့သောလများက သေဆုံးသွားခဲ့သော ငရွှေမောင်ရဲ့
ဝိညာဉ် ဒီနေရာတစ်ဝိုက်မှာ ရှိနေသေးက ငါခေါ်တဲ့ ဒီနေရာကို
ပြန်လာခဲ့တော့၊ ငါတို့ ကျွေးမွေးတဲ့အစားသောက်များကိုလည်း လာ

www.burmeseclassic.com

www.burmeseclassic.com

ရောက်စားသောက်ပေတော့"

ဟု ပြောဆိုကာ အသင့်ယူလာသော ထမင်းနှင့်ဟင်းများကို ဦးခေါင်းခွံ ချထားသော သစ်တုံးအပေါ်မှာ ဖက်ရွက်ဖြင့် ပုံပေးလိုက်လေသည်။

အတန်ကြာသည်အထိ အခြေအနေက လှုပ်ရှားမှု မရှိဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

"သူ့ဝိညာဉ်က တခြားတစ်နေရာ ရောက်ချင်ရောက်နေလိမ့်မယ်၊ ဒါပေမယ့် သူရှိနေသေးရင်တော့ ဒီနေရာကို ပြန်လာပါလိမ့်မယ်၊ စိတ်ရှည်ရှည်နဲ့တော့ စောင့်ကြရမှာပေါ့"

ဟု ပြောဆိုကာ မနီးမဝေးနေရာမှ ထိုင်စောင့်ကြလေသည်။

ထိုသို့စောင့်နေစဉ်မှာ တောတစ်တောလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုသို့စောင့်နေရင်း ဦးသာဇန်းက လက်ဖျံရိုးဖြင့် ဦးခေါင်းခွံကို တဒေါက်ဒေါက်နှင့် ခေါက်ရင်း ပါးစပ်မှလည်း တတွတ်တွတ်နှင့် ပြောဆိုနေလေသည်။

ဤသို့ဖြင့် အချိန်ကလည်း တဖြည်းဖြည်းနှင့် နှောင်းလာရာ တောတွင်း၌ အမှောင်ရိပ်များ ဖုံးစပြုလာချေပြီ။

နေသက်တမ်းစီးအချိန် ရောက်သောအခါ သူတို့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ သွားလာနေသော မည်းမည်းသဏ္ဌာန်များကို မြင်လာရသည်။

"ဆရာကြီး. . . သရဲတစ္ဆေတွေလား မသိဘူး၊ ကျွန်တော်တို့





ဝန်းကျင်မှာ အများကြီးပဲ"

"တောထဲမှာပဲ. . . ရှိမှာပေါ့၊ ဒါပေမယ့် ကျုပ်ချထားတဲ့ စာကိုတော့ မသက်ဆိုင်တဲ့တစ္ဆေသရဲက ဝင်မစားဝံ့ပါဘူး"

ဟု ဦးသာဇန်းက အေးအေးဆေးဆေး ပြန်ပြောလေသည်။

အခြေအနေမျိုး မြင်ရသောအခါ နောက်မှ ပါလာသော အလုပ်နှစ်ယောက်မှာ မျက်စိမျက်နှာပျက်ကာ ကြောက်ရွံ့နေကြသည်။

ကိုမြတ်ကျော်ကိုယ်တိုင်လည်း ကြောက်ရွံ့လျက်ရှိနေပြီး ပြုလုပ်ရန် တိုက်တွန်းခဲ့သော အိမ်ကံ မိန်းမကို စိတ်ထဲမှ ကြိတ်ကျိန်ဆဲနေမိလေသည်။

"ဘာမှမကြောက်ကြပါနဲ့. . . ကျုပ်ရှိနေသရွေ့ ဘာမှမဖြစ်ရပါဘူး"

ဦးသာဇန်းက ပြောသော်လည်း သုံးယောက်သား မျက်နှာတလေးများနှင့် ရှိနေလေသည်။

မှောင်ရီသန်းလာသောအချိန်တွင် တောနက်ထဲမှ နင်းလာသော ခြေသံလိုလို အရင်ကြားရပြီး သစ်ပင်သစ်ကိုင်း လှုပ်ယမ်းလာသည်ကို လှမ်းမြင်ကြရသည်။

"ဆရာကြီး. . . လာပြီထင်တယ်"

"သူ့ဝိညာဉ် ဒီနေရာတစ်ဝိုက်မှာ ရှိနေရင်တော့ ရောက်လာ

ခဏကြာသောအခါ မည်းမည်းသဏ္ဌာန်ကြီး တောထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး ချထားသော ခေါ်စာထုပ်အနီးမှာ ဝင်ထိုင်လေသည်။

တစ်ကိုယ်လုံး အမွေးစုတ်ဖွားနှင့် ကြောက်မက်ဖွယ်ရာ ရုပ်ဆင်းပုံသဏ္ဍာန်ရှိနေလေသည်။

၎င်းက ခေါ်စာထုပ်အနီးမှာ ဆောင့်ကြောင့်ထိုင်နေရင်း ဦးသာဗန်းကို လှည့်ကြည့်နေလေသည်။

“ငရွှေမောင်လားဟေ့”

ခေါင်းညိတ်ပြသည်။

“မင်း ငရွှေမောင်ရဲ့ဝိညာဉ်အစစ်ဆိုရင်တော့ ငါချထားတဲ့ ခေါ်စာထုပ်ကို စားခွင့်ရမယ်၊ မဟုတ်ဘဲ နှိုက်စားရင်တော့ ဒုက္ခတွေ့မှာပဲ”

ဟု ပြောလိုက်ရာ ခေါ်စာထုပ်အနီးမှာ ဆောင့်ကြောင့်ထိုင်နေသော မည်းမည်းသဏ္ဍာန်ကြီးက သူတို့ကို ကျောပေးပြီး ချထားသော ထမင်းနှင့်ဟင်းများကို တစ်လုတ်ပြီးတစ်လုတ် စားနေလေတော့သည်။

ကိုမြတ်ကျော် စိတ်ထဲမှာတော့ ထိုမျှကြောက်မက်ဖွယ်ကောင်းသော သရဲသဘက်ကြီးကို မိမိအိမ်မှာ တစ်သက်လုံး ခေါ်ထား၍ ဖြစ်ပါ့မလားဟု တွေးတောကာ စိတ်ပူပန်လျက်ရှိနေသည်။

“ကျုပ်ကို ဘာကြောင့် ခေါ်တာလဲ”

လှည့်မကြည့်ဘဲ အသံသြသြကြီးဖြင့် မေးလေသည်။

“မင်း သူ့ကို မှတ်မိသလား”

ဦးသာဗန်းက ကိုမြတ်ကျော်ပခုံးကို ပုတ်ပြီး မေးသောအခါ





လှည့်မကြည့်ဘဲ ခေါင်းခါပြသည်။

“မင်းကို ခေါ်တာ တခြားမဟုတ်ဘူး၊ ဒီက ကိုမြတ်ကျော်ဆိုတာ တခြားလူ မဟုတ်ဘူး၊ မင်း လူ့ဘဝတုန်းက အတူတူ အလုပ်လုပ်ခဲ့တဲ့သူပဲ၊ သူက မင်းကို ခေါ်သွားပြီး နေရာလည်း ပေးမယ်၊ အစားလည်း ကျွေးမယ်၊ နောက် သူ့အလုပ်တွေကိုလည်း ဝိုင်းလုပ်ပေးရမယ်၊ မင်းလိုက်မလား”

“အစားဝအောင် ကျွေးရင်တော့ လိုက်မယ်၊ မကျွေးရင်တော့ မဖြစ်ဘူးနော်”

ထိုစကားကြားသောအခါ ကိုမြတ်ကျော်စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားပြီး ကျောထဲမှာလည်း စိမ့်တက်သွားသည်။

“ကျွေးမှာပေါ့ကွာ. . . မင်းကလည်း သူခိုင်းတဲ့အလုပ်တွေကို လုပ်ပေးရမှာနော်”

ခေါင်းညိတ်ပြသည်။

ထိုအခါ ဦးသာဗန်းက ကိုမြတ်ကျော်ဘက်သို့ လှမ်းပြောသည်။

“ကိုင်း. . . ကိုမြတ်ကျော် ခင်ဗျား တစ်ခါတည်း ဆုံးဖြတ်ပေတော့၊ ခင်ဗျားခေါ်ချင်တဲ့ ငရွှေမောင် သရဲတော့ ရောက်နေပြီ အခုနေ ခေါ်မယ်ဆိုရင် ခေါ်သွားလို့ရပြီ”

“ဖြစ်. . . ဖြစ်ပါ့မလား ဆရာကြီး”

“ဒါကတော့ ခင်ဗျားသဘောပဲလေ၊ ကျုပ်က ခေါ်ပေးပါ ဆိုလို့ ခေါ်ပေးတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်ကျော်က ကတုန်ကယင်နှင့် အတန်ကြာအောင် ချီတုံချတုံ ဖြစ်နေလေသည်။

"ဘယ်လိုလဲ. . . ခေါ်သွားမှာလား"

ဦးသာဇန်းက ထပ်မေးလိုက်သည်။

ထိုအခါ ကိုမြတ်ကျော်လည်း ငွေကုန်ကြေးကျခံပြီး ပယောဂဆရာကို ခေါ်ခဲ့ပြီးမှ စေခိုင်းဖို့ သရဲမပါလျှင် အိမ်က မိန်းမ အပြစ်တင်မည်စိုးသောကြောင့် စိတ်နှလုံးကို ဒုံးဒုံးချလိုက်တော့သည်။

"ခေါ်ခဲ့မယ် ဆရာကြီးရယ်"

"ကောင်းပြီလေ. . . ဒါပေမယ့် ခင်ဗျားကို တစ်ခုတော့ သတိပေးရဦးမယ်၊ သူက သရဲထက် ပိုဆိုးတဲ့ သဘက်ဘဝကို ရောက်နေပြီ၊ ခင်ဗျား သူ့ကို ခိုင်းချင်ရင်တော့ အစာများများကျွေးရ ဖြစ်မယ်"

"ကျွေး. . . ကျွေးပါ့မယ် ဆရာကြီး"

"ဒါဖြင့် သွားကြရအောင်"

ဟု ပြောကာ နေရာမှ သွားရန် ပြင်သောအခါ ဦးသာဇန်းက လှမ်းပြောလိုက်လေသည်။

"ကဲ. . . သဘက်ကြီး ငရွှေမောင်ရေ၊ မင်း ငါတို့နဲ့သာ လိုက်ခဲ့ပေတော့၊ ဟိုရောက်ရင် အစာလည်း ဝအောင်ကျွေးမယ် ခိုင်းတဲ့အလုပ်တွေလည်း လုပ်ပေးရမယ်"

ဟု ပြောပြီး ရွာမှ ထွက်လာသောအခါ သူတို့နောက်





မည်းမည်းသဏ္ဍာန်ကြီးက မားမား,မားမားနှင့် တစ်လှမ်းချင်း လိုက်လာလေသည်။

ခြေနင်းသံကြီးကိုလည်း တဗွမ်းဗွမ်းနှင့် ကြားနေရလေသည်။

"ဗွမ်း. . ဗွမ်း. . ဗွမ်း"

ထိုအသံကို ကြားရသောအခါ ကိုမြတ်ကျော်မှာ ကျောထဲမှ စိမ့်သောကြောင့် ပြောလိုက်လေသည်။

"ဆရာကြီး. . . သူ့ကို နောက်က လိုက်ခိုင်းတာ ကျောမလုံသလိုပဲ၊ ရှေ့ကသာ သွားခိုင်းလိုက်ပါ"

ကိုမြတ်ကျော်က ပြောသဖြင့် ဦးသာဇန်းက တစ်ချက်ပြုံးလိုက်ပြီး. . .

"သရဲမွေးမယ့်သူကလည်း ကိုယ်မွေးမယ့်သရဲကို ပြန်ကြောက်နေရတယ်လို့ဗျာ၊ ကဲ. . ကဲ. . ခင်ဗျားကြောက်ရင်လည်း သူ့ကို ရှေ့ကပဲ အသွားခိုင်းလိုက်ပါတော့မယ်"

ဟု ပြောပြီး နောက်မှ လိုက်လာသော သဘက်ကြီးကို သူတို့ အရှေ့မှ သွားခိုင်းပြန်ရာ လူအရပ်ထက် များစွာမြင့်ပြီး အလုံး အထည်ကလည်းကြီး တစ်ကိုယ်လုံး အမွေးအမျှင်များကလည်း ဖွားဖွားနှင့် ကြောက်မက်ဖွယ်ကောင်းသော သဘက်ကြီးက သူတို့ရှေ့မှ သွားပြန်လေသည်။ ထိုအခါမှ အခြေအနေက ပိုဆိုးလေတော့သည်။

အဘယ်ကြောင့်ဆိုသော်. . .



www.burmeseclassic.com

www.burmeseclassic.com



သဘက်ကြီး ရှေ့မှ သွားသောအခါ အပုတ်နံ့များက သူ့ဆီ ရောက်လာရာ နှာခေါင်းမခံနိုင်အောင် ရှိလေတော့သည်။

"ဆရာကြီးရေ. . . သူ့ကို ရှေ့မှာ ထားပြန်တော့လည်း အပုတ်နံ့က မခံနိုင်ပြန်ဘူးဗျ. . . ကြည့်လုပ်ပါဦး"

ထိုအခါ ဆရာကြီးက ရှေ့မှ သွားနေသော သဘက်ကြီးကို မီမီတို့အရင် လှေထိပ်ရောက်အောင် သွားနှင့်ပြီး စောင့်နေရန် ပြော လိုက်သောအခါ ဖျတ်ခနဲ ပျောက်သွားပြီး သစ်ပင်သစ်ကိုင်းများ လှုပ်ယမ်းသွားသည်ကိုသာ လှမ်းမြင်လိုက်ကြရလေသည်။

သူတို့လေးယောက် ကမ်းဆိပ်သို့ ပြန်ရောက်သောအခါ သဘက်ကြီးကို မတွေ့ကြရပေ။

"ဆရာကြီး. . . ကျွန်တော်တို့ ခေါ်လာတဲ့သဘက်ကြီး ဘယ်ရောက်သွားပြီလဲ"

"သူ ရှိပါတယ်၊ ကဲ. . . အချိန်ရှိတုန်း ပြန်ကြရအောင် သဘက်ကြီး ငရွှေမောင်ရေ. . . ငါတို့ ပြန်ကြရအောင်၊ လှေပေါ် တက်ပေတော့ဟေ့"

ဟု အော်ပြောလိုက်သည်နှင့် အကောင်အထည် မမြင်ရဘဲ လှေတစ်စင်းလုံး လှုးလိုမ့်သွားသည်ကို မြင်ကြရလေသည်။

ထို့နောက်တော့ ရွာသို့ ပြန်ခဲ့ကြလေတော့သည်။





အခန်း(၈)

# သားဖိုစောင့်သရဲနှင့် အင်းစောင့်သရဲ

**နောက်**ပိုင်းကာလများမှာတော့ ကိုမြတ်ကျော်တစ်ယောက်လည်း နီမောင်ပေးသော အရင်းအနှီးဖြင့် ထူထောင်ထားသော သားဖိုကို တိုးချဲ့လုပ်ကိုင်ရုံမက သူမွေးထားသော သဘက်ကြီး ငရွှေမောင်ကို စေခိုင်းလေသည်။

သဘက်ကြီး ငရွှေမောင်မှာ သူ့သဘောနှင့်သူ လာရောက် လုပ်ကိုင်ပေးခြင်း မဟုတ်ပဲ အစားစားချင်သဖြင့် လိုက်လာခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရာ အလုပ်ကို ဟုတ်တိပတ္တိ မလုပ်ပေ။

သို့သော်လည်း ထမင်းနှင့် အမဲသား ဝက်သားဟင်းကို တော့ မပြတ်ကျွေးရလေရာ တစ်နေ့တစ်နေ့ ကုန်ကျစရိတ်က မနည်းလှပေ။

အစပိုင်းက မသိသာသော်လည်း နောက်ပိုင်းမှာတော့ သူ လုပ်ပေး၍ ရသည်ထက် သူ့ကို ပြန်ကျွေးရသည်က ပိုများနေသော ကြောင့် အခက်တွေ့ရပြန်လေသည်။

ကိုမြတ်ကျော်မိန်းမ မခင်မေမှာလည်း လောဘဇောဖြင့် စေခိုင်းခဲ့သော်လည်း ယခုကဲ့သို့ ရတာနှင့် မကာမိသောအခါ ကိုယ့် အတတ်နှင့်ကိုယ်စူးပြီး နှုတ်မရသကဲ့သို့ ဖြစ်နေလေသည်။

တစ်ခါတစ်ရံ အမဲသားငါး မရသဖြင့် မကျွေးဘဲ ထားမိ လျှင် အိမ်ထရံကို တဗုန်းဗုန်းဖြင့် လာပုတ်ခြင်း၊ အိမ်တစ်ခုလုံး သွက် သွက်ခါအောင် ကိုင်လှုပ်ခြင်းများဖြင့် လာရောက်သတိပေးရာ မနေ ဝံ့ကြတော့သဖြင့် ၎င်းတို့ စားသောက်ရန် ချက်ထားသော ထမင်း ဟင်းများကို သွားပုံကျွေးရလေသည်။

သို့တိုင်အောင် အမဲသား ဝက်သားဟင်း မပါလျှင် တဝုန်း ဝုန်း တဒိုင်းဒိုင်းနှင့် ဆူညံနေသေးသည်။

ကိုမြတ်ကျော်အတွက် အခက်တွေ့စေသောအချက်မှာ ၎င်းသဘက်ကြီးကို ခေါ်ပေးခဲ့သော ပယောဂဆရာ ဦးသာဇန်းက လည်း ၎င်းရွာသို့ ပြန်သွားပြီ ဖြစ်သောကြောင့် နှိမ်နင်းပေးမည့်ဆရာ မရှိတော့သဖြင့် ဒီအတိုင်း ခံနေကြရတော့သည်။



တစ်နေ့တော့ နီမောင်ရှိရာသို့ မရင်ရွှေ ရောက်လာလေ သည်။

"မရင်ရွှေ အလုပ်အကိုင် အဆင်ပြေကြရဲ့လား"

"မပြေပါဘူး ကိုနီမောင်ရယ်၊ အဖေတို့တတွေ ဘာတွေ လုပ်နေကြမှန်းတောင် မသိတော့ပါဘူး"

"*ဘာဖြစ်နေကြလို့လဲ*"

"အိမ်မှာ သရဲမွေးတယ်ဆိုလား သဘက်မွေးထားတယ် ဆိုလား၊ ကျွေးလိုက်ရတဲ့ အမဲသားဝက်သား တစ်နေ့တစ်နေ့ မနည်း လှပါဘူးရှင်"

ဟု ငြီးငြူသောလေသံဖြင့် ပြောလိုက်လေသည်။

ထိုအခါမှပင် နီမောင်လည်း အံ့ဩသွားရလေသည်။

ကိုမြတ်ကျော်တစ်ယောက် သရဲမွေးထားသည်ဆိုသော သတင်းကိုတော့ ကြားမိသည်။

သို့သော် ဒီလောက်ဆိုးဝါးနေမည်မှန်းတော့ မသိရပေ။

"ဒီလောက်တောင် ဆိုးနေပြီလား"

"ဆိုးတာပေါ့ ကိုနီမောင်ရယ်၊ အခုဆိုရင် လူတွေ စားဖို့ ထက် သူ့ကို အလျှင်မီအောင် ချက်ကျွေးနေရလို့ အဖေတို့လည်း အခု စိတ်ညစ်နေကြတယ်"

"ဒီလိုဆိုရင်လည်း ပြန်နှင်လိုက်ပေါ့ မရင်ရွှေ"

"အို. . . မနှင်ဝံ့ပါဘူး၊ အခုတောင် အစာမတွေ့ရင် အိမ်ရဲ့ တွေကို တဗုန်းဗုန်းနဲ့ ထုလိုထု၊ အိမ်တိုင်တွေ ဆွဲလှုပ်လိုလှုပ်နဲ့

www.burmeseclassic.com



သောင်းကျန်းနေလိုက်တာ၊ သူ့ကိုသာ နှင်ရင် လူတွေကိုများ သတ်ပစ်မလား မသိဘူး"

"ဒီလိုဆိုတော့လည်း ဒီကိစ္စမျိုးက ပယောဂဆရာတွေမှသာ တတ်နိုင်မှာဆိုတော့ ပယောဂဆရာလေးဘာလေး ရှာပြီးနှင်ရမှာပေါ့"

"ကျွန်မတော့ အိမ်မှာ နေရတာ သိပ်စိတ်ညစ်တာပဲ၊ ကြောက်လည်း ကြောက်လာပြီ၊ ညဘက်ဆိုရင်လည်း ကောင်းကောင်းမအိပ်ဝံ့ဘူး"

ဟု အသံကလေး ကတုန်ကယင်ဖြင့် ပြောရာ နီမောင်မှာ စိတ်မကောင်း ဖြစ်သွားသော်လည်း ဘာမှ မတတ်နိုင်အောင် ဖြစ်သွားလေသည်။

"ကျွန်တော် ဘာအကူအညီပေးရမလဲ မရင်ရွှေ"

"ကျွန်မတို့ရဲ့ဒုက္ခကို သူတပါးကို အပူမကပ်ချင်တော့ပါဘူး ကိုနီမောင်"

"မရင်ရွှေမှာ အခက်အခဲ ရှိတယ်ဆိုရင် ကျွန်တော့်ကို ပြောပါ၊ ဘာမှ အားနာစရာ မရှိပါဘူး၊ ကျွန်တော် တတ်နိုင်သမျှ အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကိုနီမောင်"

ဟု ပြောဆိုကာ မရင်ရွှေ ပြန်သွားလေတော့သည်။

ထိုအကြောင်းကို ညအချိန် သရဲထွန်းခိုင် ရောက်လာသောအခါ မေးကြည့်ရာ သရဲထွန်းခိုင်က ပြောပြသည်။





"သူတို့ခေါ်ထားတာ သရဲမဟုတ်ဘူး၊ သဘက်ဘဝ ရောက်နေတဲ့ မိစ္ဆာတစ်ကောင်ပဲ၊ နောက်ပြီး ငါတို့သူငယ်ချင်း ငရွှေမောင် ဝိညာဉ်လည်း မဟုတ်တော့ဘူး"

"ဟင်. . . ဒါ. . . ဒါဖြင့်"

"ငရွှေမောင် ဝိညာဉ်က မရှိတော့ဘူး၊ တခြားနေရာ ရောက်သွားပြီ၊ အခုရောက်နေတဲ့ သဘက်ကြီးက တခြားမိစ္ဆာတစ်ကောင်ပဲ၊ ကြာရင် သူတို့မိသားစုတွေကို ဒုက္ခပေးလိမ့်မယ်"

သရဲထွန်းခိုင်စကား ကြားသောအခါ နီမောင်မှာ ကိုမြတ်ကျော်တို့အတွက် များစွာစိတ်ပူသွားလေသည်။

သို့သော်လည်း လောလောဆယ် အခြေအနေမှာတော့ သူ့အနေနှင့် ဘာမှ မတတ်သာသော အခြေအနေဖြစ်သည်။

ကိုမြတ်ကျော်မှာတော့ ကိုယ့်အတတ်နှင့်ကိုယ်စူး ဆိုသတဲ့သို့ သဘက်ကြီးကို ခေါ်လာခဲ့ပြီးနောက်တွင် သူလုပ်ပေးသော အလုပ်နှင့် သူစားသောအလုပ်မှာ မကာမိအောင် ရှိနေလေသည်။

တစ်နေ့တစ်နေ့ အမဲသား ဝက်သား ဝယ်ရသည်မှာ မနည်းသော်လည်း မကျွေးဘဲ မနေဝံ့ကြပေ။

တစ်နေ့သ၌ အထက်အရပ်ဒေသမှ အင်းသူကြီးတစ်ယောက် လွှတ်လိုက်သော ဆားဝယ်ယူမည့် လှေကြီးတစ်စင်းမှာ တံအားလျော်စွာ ကိုမြတ်ကျော် ဆားဖိုဆိပ်ကမ်းသို့ လာရောက်ဆိုက်ကပ်လေသည်။

"ဘာများ အလိုရှိပါသလဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆားပိသာ အချိန်တစ်ထောင်လောက် လိုချင်လို့ပါ၊ ဆားဗိုမှာ ဆားများကော အဆင်သင့် ရှိပါရဲ့လား"

"ရှိပါတယ်. . . ရှိပါတယ်၊ လိုသလောက် ဆားများ ရပါစေမယ်"

"ဈေးနှုန်းကရော သင့်မြတ်ပါရဲ့လား"

"ကိုယ့်ဆီ ရောက်လာတဲ့ ဖောက်သည်အသစ်ကို သင့်မြတ်ဈေးနှုန်းနဲ့ တည့်အောင် ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ. . . ဒီလိုဆိုတော့လည်း အရှည်သဖြင့် ဆက်ဆံလို့ ရတာပေါ့၊ ညနေပိုင်းမှာ ဆားချိန်ကြတာပေါ့"

ဟု ပြောဆိုကာ လှေသူကြီးလည်း လှေထဲသို့ ပြန်ဆင်းသွားလေတော့သည်။

ထိုအခါမှ ကိုမြတ်ကျော်လည်း ဆားများ သိုလှောင်ထားသော ဂိုဒေါင်အတွင်းသို့ ဝင်ရောက်ကြည့်သောအခါ ဆားပိသာချိန်မှာ တစ်ထောင်မပြည့်လောက်သည်ကို ခန့်မှန်းမိလေသည်။

သို့ကြောင့် သူမွေးထားသော သဘက်ကြီး နေသော သစ်ပင်အောက်သို့ သွားကာ ပြောရသည်။

"ငရွှေမောင်. . . ငါလည်း မင်းကို အစာကျွေးရတာ ပင်ပန်းလှပြီ၊ ဒီတစ်ခါတော့ ငါ့ကို အကူအညီပေးမှ ဖြစ်တော့မယ်"

". . . . . . . . ."

"မင်းလုပ်ရမှာက တခြားမဟုတ်ဘူး၊ ဆားချိန်တဲ့အနားမှာ မင်းနေပြီး အလေးထည့်တဲ့ဘက်က နည်းနည်းဖိပေးပါ၊ ငါက ကို



ပိသာ ထည့်ရင် အချိန်တစ်ဆယ်ပြည့်အောင် လက်နဲ့ ဖိချပေးပါ"

". . . . . . . . ."

ဟု မှာထားခဲ့ရာ သဘက်ကြီးကလည်း လုပ်ပေးမည်ဟု ကတိပေးလေသည်။

ညနေပိုင်း ဆားချိန်ကာနီးသောအခါ ကိုမြတ်ကျော်က ဆားချိန်တွယ်မည့် ရာဇူတိုင်(ချိန်ခွင်)အလေး စသည်တို့ကို လှေသူကြီးအား စိတ်တိုင်းကျ စစ်ဆေးစေသည်။

ရာဇူတိုင်ဆိုသည်မှာ ငါးချိန်ရာ ဆားချိန်ရာ၌ အသုံးပြုလေ့ရှိသော သစ်သားဖြင့် ပြုလုပ်ထားသည့် ချိန်ခွင်အကြီးစားဖြစ်သည်။

အလေးကလည်း အချိန်တစ်ဆယ်စီးသော အလေးဖြစ်သည်။ အလေးချိန်ခွင် စသည်တို့ကို ဝယ်သူက စိတ်တိုင်းကျ စစ်ဆေးကြည့်ပြီးသောအခါ ဆားများကို စတင်ချိန်တွယ်ကြလေတော့သည်။

ကိုမြတ်ကျော်က ဆားကို အချိန်တစ်ဆယ်ပြည့်အော ထည့်ဘဲ ကိုးပိသာခန့် ထည့်လိုက်သည်နှင့် သဘက်ကြီးက အလေးထည့်ထားသောဘက်ကို လက်နှင့် ဖိချလိုက်ရာ အချိန်တစ်ဆယ်ပြည့်သွားသည်နှင့် တောင်းထဲ လောင်းချလိုက်လေသည်။

ဤသို့ဖြင့် အချိန်တစ်ထောင် ပြည့်သွားလေသည်။

တကယ်ဆိုမူ ဆားပိသာက အချိန်ကိုးရာခန့်သာ ရှိလေသည်။

လှေသူကြီးက လှေဝမ်းထဲမှာ ပုံထားသော ဆားတို့ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဇဝေဇဝါ ဖြစ်သွားသည်။

ခါတိုင်း ဆားအချိန်တစ်ထောင် ထည့်သောအမှတ်သို့ ဆား က မရောက်သလို လှေအလေးချိန်ကို ကြည့်ပြန်တော့လည်း ရေ မှတ်က မပြည့်ပေ။

သို့ကြောင့် လှေသမားများကလည်း ပြောကြသည်။

"လှေသူကြီး. . . ကျုပ်တို့လှေက ဆားအချိန်တစ်ထောင် တင်တာ ရေမှတ်လည်း မရောက်ပါလား"

"ဟုတ်တယ် လှေသူကြီး။ ဝမ်းထဲမှာ ထည့်ထားတဲ့ဆားထ လည်း ဝမ်းမပြည့်ဘူး၊ အလေးချိန်ခွင် ခိုးချင်ခိုး၊ ဒါမှမဟုတ် တစ်ခု တော့ လုပ်လိုက်တာတော့ သေချာပြီ"

"အလေးချိန်ခွင်ကတော့ အမှန်ပဲ၊ ငါ သေသေချာချာ ကြည့် ပြီ"

"ဒါဖြင့် ဘယ်လိုလျှော့တာ ဖြစ်မလဲ"

"ငါတို့ မမြင်နိုင်တာ တစ်ခုခု လုပ်တာဖြစ်မှာပေါ့၊ ဟုတ် မဟုတ် သိရအောင် အင်းစောင့်သရဲကို ခေါ်မေးရင် သိရမှာပေါ့"

အထက်ပိုင်းမှာ အင်းကြီးအင်းငယ်များ ရှိကြရာ ငါးသူ များရန်မှ ကာကွယ်စေရန် အင်းသူကြီးများက အင်းစောင့်သရဲမှ မွေးထားကြသည်။ သရဲမွေးသောအလုပ်မှာ အင်းသူကြီးများ လု ရလေ့ရှိသောအလုပ်ဖြစ်သည်။

ငါးများ ချိန်တွယ်ရာမှာလည်း အင်းစောင့်သရဲများ အသုံးပြုတန် ပြုကြရပေရာ ယခု ဆားချိန်ရာမှာလည်း ထိုကဲ့





လုပ်လိုက်ပြီဟု တစ်ထစ်ချ သိလေသည်။

သို့ကြောင့် ၎င်းတို့ အင်းစောင့်သရဲကို ခေါ်မေးသောအခါမှ အကြောင်းစုံ သိရလေတော့သည်။

"ဒင်းက မလောက်လေး မလောက်စားနဲ့၊ ငါ့ကိုများ ဆား အလေးချိန် ခိုးရတယ်လို့၊ ကိုင်း. . . ငါ့အကြောင်း သိရအောင် ဒင်း တို့ တံတောင်နဲ့ သွားထောင်းစမ်းကွာ"

အချိန်မှာ ညဦးပိုင်းအချိန်ဖြစ်သည်။

ထိုအချိန်မှာ ကိုမြတ်ကျော်တို့မှာ ဆားအချိန်တစ်ထောင် ရောင်းလိုက်ရသောကြောင့် ပျော်ရွှင်စွာဖြင့် ထမင်းဝိုင်းစားနေကြ လေသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ တစ်စုံတစ်ယောက်က ဝင် လာပြီး တံတောင်နဲ့ ထောင်းချလိုက်သဖြင့် ရှေ့သို့ မှောက်ကျသွား လေသည်။

"အုန်း. . . အုန်း"

"အမယ်လေး. . လုပ်ကြပါဦးဟ၊ နောက်ကနေ တံတောင် နဲ့ ထောင်းနေပြီ"

"တော့်ကို ဘယ်သူထောင်းနေလို့လဲ၊ တော့်နောက်မှာ ဘယ်သူမှလည်း မရှိပါလား"

မခင်မေက အလန့်တကြား ပြောသည်။

"အုန်း. . . အုန်း"

"အမယ်လေး. . . လုပ်ကြပါဦး သေရပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်ကျော်မှာ နောက်ဘက်မှ တစ်စုံတစ်ယောက်က တံတောင်ဖြင့် ထောင်းနေရာ ထမင်းဝိုင်းနံဘေးသို့ လဲကာ လူးလှိမ့် နေတော့သည်။

နောက်ဆုံး မတတ်သာတော့မှ မွေးထားသော သဘက်ကြီး ကို လှမ်းခေါ်ကာ အကူအညီတောင်းရလေတော့သည်။

"ငရွှေမောင်ရေ. . . ငါ့ကို လာကယ်ပါဦးဟ၊ ဒီမှာ သရဲ အထောင်းခံနေရလို့"

ထိုသို့ အော်လိုက်သည်နှင့် ဆားဖိုနောက် ကနစိုပင်မှာ နေသော သဘက်ကြီး ဆင်းလာလေသည်။

၎င်းအိမ်ပေါ်ရောက်လာသည်နှင့် ကိုမြတ်ကျော်ကို ထု ထောင်းနေမှုလည်း ရပ်တန့်သွားလေသည်။

ကိုမြတ်ကျော်တို့ မိသားစုသုံးယောက်မှာလည်း အိမ် အောက်သို့ ဆင်းပြေးကြရလေသည်။

ထိုအခိုက်မှာပင် အိမ်ပေါ်၌ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ထုထောင်းရိုက်ပုတ်သံများ လုံးထွေးသတ်ပုတ်နေသောအသံများကို အတိုင်းသား ကြားနေကြရသည်။

အိမ်တစ်ခုလုံးမှာလည်း သိမ့်သိမ့်တုန်နေတော့သည်။

အတန်ကြာသောအခါ မည်းမည်းသဏ္ဌာန်တစ်ခု အိမ်ပေါ် မှ ဆင်းပြေးသွားသည်ကို ဝိုးတဝါး လှမ်းမြင်လိုက်ကြရသည်။

နောက်မှ သဘက်ကြီး လိုက်သွားသည်။

အတန်ကြာသောအခါ ကမ်းဆိပ်မှာ ဆိုက်ကပ်ထားသော





ဆားလှေအတွင်းမှ ဆူဆူညံညံအသံများ ပေါ်ထွက်လာသည်။


လှေသူကြီးမှာ မမြင်ရသော တစ်စုံတစ်ယောက်၏အထု အထောင်း ခံနေရသဖြင့် လှေသမားများလည်း ဆက်မနေဝံ့ကြ တော့သဖြင့် လှေကြိုးကိုဖြုတ် ထိုးဝါးကို ပြန်နုတ်ကာ ချောင်းတွင်းမှ ထွက်ပြေးကြရလေတော့သည်။

လမုတန်းရွာလွန်တော့မှ အထုအထောင်း ရပ်ကာ လှေ သူကြီးလည်း သက်သာခွင့် ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၉)

# ဖရိုက်ဒရေကြောင့် ထွက်ပြေးရသော သရဲသဘက်များ

**ထို**မြွတ်ကျော်တို့မှာ ထိုတစ်ပွဲအတွက် အကျိုးအမြတ် အတန်အသင့် ရလိုက်သည်ဆိုသော်လည်း နာမည်ဆိုးသာ ထွက်သွားလေတော့သည်။

ဂုဏ်းမွေးထားသော သရဲမှာ ကြောက်မက်ဖွယ်ကောင်း သည်ဟု သတင်းကြီးသောကြောင့် တော်ရုံအလုပ်သမားတွေ [illegible] မလုပ်ဝံ့ကြတော့ပေ။


www.burmeseclassic.com

www.burmeseclassic.com



ထိုပြင် သရဲနှင့် ပေါင်းပြီး ဆားပိသာချိန် အလေးခိုးသည်ဟု နာမည်ဆိုး ထွက်သွားသောကြောင့် တစ်ဆင့်စကား တစ်ဆင့်ကြား တာ ဝယ်နေကျ ဖောက်သည်များပင် မလာကြတော့ဘဲ အခြား ဆားဖိုများသို့ ရောက်ကုန်ကြရာ ဂုင်း၏ဆားဖိုမှာ ဝယ်သူမရှိ သလောက် ဖြစ်သွားတော့သည်။

ထိုသို့ ဝယ်သူမရှိသောအခါ ဝင်ငွေလည်း မရတော့ပေ။ ဝင်ငွေမရသောအခါ တစ်နေ့လျှင် အမဲသား နှစ်ပိဿာခန့် ဝယ်ချက် ကျွေးနေသော သဘက်ကြီးကိုလည်း မကျွေးနိုင်တော့ပေ။

ထိုသို့ မကျွေးနိုင်သောရက်များတွင် သဘက်ကြီးမှာ ဆူပူ သောင်းကျန်းလေတော့သည်။

အိမ်ထရံများကို တဗုန်းဗုန်း တဒိုင်းဒိုင်းနှင့် ပုတ်ခြင်း၊ အိမ် တိုင်များကို သွက်သွက်ခါအောင် ကိုင်လှုပ်ခြင်း၊ ဆားဖိုမှာ မီးထိုး ထားသော မီးတောက်များကို ရေနှင့် လောင်း၍ ငြိမ်းသတ်ခြင်း၊ ဆားချက်သော ဒယ်အိုးများ၊ ချက်ပြီးသား ဆားပုံများထဲသို့ ရေများဖြင့် လောင်းချခြင်း စသော နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ် လေရာ အလုပ်လုပ်မရအောင် ရှိလေတော့သည်။

ထိုအခါမှ မခင်မေမှာ များစွာထိတ်လန့်ကြောက်ရွံ့မှု ဖြစ် လေတော့သည်။

"ကိုမြတ်ကျော် ဘယ်လိုလုပ်မလဲ၊ တော်ခေါ်လာတဲ့ သဘက်ကြီးကို ပြန်နှင်လွှတ်လို့ မရဘူးလား"

"အခုမှတော့ ဘယ်လိုလုပ်ရမှာလဲ၊ ငါလည်း သူ့ကို မနှင်





တတ်ဘူး၊ အစကတော့ မင်းပဲ ခေါ်ပါ . . ခေါ်ခဲ့ပါဆို"

"အို . . . ဒါကတော့ ကောင်းမလားလို့ ခေါ်ခိုင်းတာပေါ့၊ အခုတော့ သူ့ကို ခိုင်းရတာက နည်းနည်း၊ သူ့ကို ကျွေးရတာက များနေတော့ ကျုပ်တို့တောင် စားဖို့မကျန်တော့ဘူး၊ ဒါ့အပြင် မှန်မှန်မစားရသေးရင် ခြောက်လိုက်လှန့်လိုက်သေးတယ်၊ တစ်ခုခု တော့ ကြံမှဖြစ်မယ်"

"ငါလည်း ဘယ်လိုမှ မကြံတတ်တော့ဘူးကွာ"

ထိုသို့ ပြောဆိုတိုင်ပင်နေကြစဉ်မှာပင် အစာမစားရသေး သော သဘက်ကြီးမှာ တစ်ညလုံး ဆူပူသောင်းကျန်းနေရာ မနေဝံ့ ကြတော့သဖြင့် နောက်တစ်နေ့ မနက်ပိုင်းမှာ အခြားအသိအိမ် တစ်အိမ်သို့ ပြောင်းပြေးကြရလေသည်။

သို့သော်လည်း နောက်တစ်နေ့ညမှာတော့ သူတို့ ရောက် နေသော ထိုအိမ်သို့ လိုက်လံခြောက်လှန့်ပြန်ရာ အိမ်ရှင်များပါ မနေဝံ့တော့ပဲ ထွက်ပြေးကြရတော့သည်။

နောက်ဆုံးတော့ ကိုမြတ်ကျော်တို့ မိသားစုသုံးယောက်မှာ နီမောင့်ဆားဖိုသို့ ရောက်လာကြလေတော့သည်။

"နီမောင်ရေ . . . ငါတို့ကို ကယ်ပါဦးကွာ"

"ဘယ်လိုဖြစ်လို့လဲ ကိုမြတ်ကျော်"

"ငါခေါ်လာခဲ့တဲ့ သဘက်ကြီးက နောက်က လိုက်ခြောက် နေလို့ ဘယ်နေရာမှ နေစရာ မရှိတော့လို့ ကယ်ပါဦးကွာ"

ထိုစကားကြားသောအခါ နီမောင်လည်း မကြံစည်တတ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဖြစ်သွားလေတော့သည်။

၎င်းတို့ ရောက်လာသောအချိန်မှာလည်း ညနေပိုင်းအချိန်မို့ အခြားနေရာ သွားရန်လည်း မဖြစ်တော့ပေ။

"ကဲ. . . ဒီတစ်ညတော့ ဒီလိုပဲ ကြည့်နေကြတာပေါ့၊ မနက်လင်းတော့မှပဲ ရွာလူကြီးတွေနဲ့ တိုင်ပင်ပြီး တစ်ခုခု လုပ်ကြတာပေါ့"

ဟု ပြောဆိုကာ ကိုမြတ်ကျော်တို့သုံးယောက်ကို သူ့အိမ်မှာဝင် နေရာထိုင်ခင်း ပေးထားလေသည်။

ညဦးပိုင်းအချိန်တွင် သရဲထွန်းခိုင် ရောက်လာသဖြင့် အကျိုးအကြောင်း ပြောပြလိုက်လေသည်။

"သူ လာပြီးနှောင့်ယှက်ရင်တော့ တတ်နိုင်သလောက် ငါကာကွယ်ပေးပါ့မယ်၊ နိုင်မယ် မနိုင်ဘူးတော့ ငါလည်း မသိသေးဘူး"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"စားဖိုထိပ်မှာ မဒမသား၊ မြင်းကသားချောင်း အနေတော်တွေကို ထောင်ထားပေးပါ၊ နောက် ပရိတ်ရေ၊ ပရိတ်အိုးတွေ ဆန်မန်းပေါက်ပေါက်တွေလည်း အဆင်သင့် ပြင်ထားပါ၊

တကယ်လို့ ငါ အခြေအနေ မကောင်းရင် ပရိတ်ရေနဲ့သာ ပက်ပေတော့၊ ငါ့ကိုလည်း ညှာမနေနဲ့တော့"

ဟု မှာကြားလေသည်။

"ဖြစ်ပါ့မလား. . . ပရိတ်ရေနဲ့ ပက်ရင် မင်းကော နေနိုင်ပါ့မလား"





"ငါ့ကို ညှာနေရင် မင်းတို့ကို သူက ဝင်သတ်သွားလိမ့်မယ်၊ ဒီတော့ အခြေအနေ မကောင်းတော့ဘူးဆိုရင် ငါ့ကိုလည်း မညှာနဲ့ ပရိတ်ရေနဲ့ ပက်သာပက်ပေတော့"

ဟု မှာကြားထားလေရာ နီမောင်လည်း ထင်းပုံအတွင်းမှ မဒမသား မြင်းကသား အရွယ်တော်အချောင်း ဆယ်ချောင်းခန့် ဆွဲထုတ်ယူပြီး ဆားဖိုအပေါက်ဝမှာ ထောင်ထားပေးလိုက်သည်။

ထို့နောက်. . .

ထွန်းခိုင် မှာထားသည့်အတိုင်း ပရိတ်ရေ၊ ပရိတ်ပန်း ဆန်မန်းပေါက်ပေါက် စသည်တို့ကို အဆင်သင့် ဆောင်ထားသောအခါ အကောင်အထည် မမြင်ရပဲ အပြင်ဘက်မှ အသံတစ်သံ ကြားလိုက်ရသည်။

"နီမောင်ရေ. . . အဆင်သင့် ပြင်ထားဟေ့၊ သူတို့ မွေးထားတဲ့သဘက်ကြီး လာနေပြီ၊ အကောင်ကတော့ အတော်ကြီးတယ်၊ ငါတတ်နိုင်သမျှ တားပေးမယ်၊ မရရင်တော့ ငါပြောသလိုသာ လုပ်ပေတော့"

ဟု ကြားရသဖြင့် နီမောင်က ပရိတ်ရေများကို အဆင်သင့် ပြင်ထားလေသည်။

အချိန်ကလည်း နေဝင်ရီတရောအချိန် ရောက်လာချိန်ကြာမီ အပြင်ဘက်မှ ရိုက်ပုတ်သံများ၊ ငြီးငြူသောအသံ၊ မာန်တင်းသောအသံများကို ကြားကြရလေသည်။

အပြင်ဘက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း လှုပ်ရှားနေသော ဝိုးတဝါးပုံရိပ်များကို လှမ်းမြင်ကြရလေသည်။

မည်းမည်းသဏ္ဍာန်နှစ်ကောင်မှာ အကြိတ်အနယ် သတ်ပုတ်လျက်ရှိနေကြသည်။

ထို့ပြင် နီမောင် ထောင်ပေးထားသော သစ်သားချောင်းများကို တစ်ချောင်းပြီးတစ်ချောင်း ဆွဲယူကာ ရိုက်နှက်လျက်ရှိနေသည်တို့လည်း အတိုင်းသား လှမ်းမြင်နေကြရသည်။

ထိုအခြေအနေကို မြင်သောအခါ ကိုမြတ်ကျော်တို့မိသားစုသုံးယောက်မှာလည်း များစွာကြောက်ရွံ့လျက်ရှိနေကြသည်။

တုတ်ကိုင်၍ တဖြောင်းဖြောင်း ရိုက်နေသော မည်းမည်းသဏ္ဍာန်မှာ သရဲထွန်းခိုင်ဖြစ်ပြီး တစ်ဖက်မှ မည်းမည်းသဏ္ဍာန်မှာ သဘက်ကြီး ဖြစ်နိုင်ပေသည်။

ဇင်းသဏ္ဍာန်နှစ်ခုမှာ သူတပြန် ကိုယ်တစ်ပြန် ရှိနေကြသည်။ သရဲထွန်းခိုင်က သစ်သားတုတ်များကို တစ်ချောင်းပြီးတစ်ချောင်း ယူရိုက်နေစဉ် သဘက်ကြီးက နောက်ဆုတ်သွားပြီး သူ့လက်ထဲမှာ တုတ်မရှိတော့လျှင် သဘက်ကြီးက အတင်းဖိတိုက်ရာ နောက်ဆုတ်ပေးရသည်။

ထိုသို့ နောက်ဆုတ်ပေးရင်းမှ တဖြည်းဖြည်းနှင့် အိမ်နားရောက်သောအခါ နီမောင်တို့မှာ များစွာစိတ်ပူကြရလေသည်။

သို့သော် တဲနား ရောက်သွားပြီး တုတ်တစ်ချောင်း ရသွားပြီး လိုက်ရိုက်ပြန်လျှင် သဘက်ကြီးက တဖြည်းဖြည်းနှင့် နောက်





ဆုတ်သွားပြန်လေသည်။

ဤသို့ဖြင့် တစ်ပြန်တစ်လှည့်စီဖြစ်နေကြရာမှ နောက်ဆုံးသရဲထွန်းခိုင်မှာ ရိုက်စရာ သစ်သားချောင်း မရှိတော့လောက်အောင် ဖြစ်သွားသောအခါ အိမ်ဘက်သို့ နောက်ဆုတ်ပြေးလာသည်။

သဘက်ကြီးကလည်း လက်နှစ်ဖက်ကို ဆန့်တန်းကာ ကြောက်မက်ဖွယ်မျက်နှာကြီးနှင့် ရှေ့သို့ တိုးလိုက်လာရာ မလှမ်းမကမ်း ရောက်သောအခါ သရဲထွန်းခိုင်က ပရိတ်ရေနှင့် ပက်ရန် အချက်ပြလိုက်သည်နှင့် နီမောင်ကလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ပရိတ်ရေ ထည့်ထားသော ဖလားကို ယူသွားပြီး မည်းမည်းသဏ္ဍာန်များ ရှိရာသို့ လှမ်းပက်လိုက်ရာ ဝူးဝူးဝါးဝါး အော်သံများ ပေါ်ထွက်လာပြီး ထွက်ပြေးသွားသည်ကို လှမ်းမြင်လိုက်ရလေသည်။

အတန်ကြာသောအခါ အခြေအနေများ ငြိမ်သက်သွားလေတော့သည်။

စောစောက သတ်ပုတ်နေသောနေရာမှာတော့ အပိုင်းပိုင်းကျိုးပဲ့နေသည့် တုတ်ချောင်းများကို မြင်ရသည်။

နီမောင်မှာ ပရိတ်ရေနှင့် ပက်လိုက်ပြီးမှ သရဲထွန်းခိုင်အတွက် များစွာစိတ်ပူသွားလေသည်။

"ပရိတ်ရေနဲ့ ပက်တာ ဟိုမိစ္ဆာတင် မကဘူး ထွန်းခိုင်ပါ ထွက်ပြေးရပြီနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်ကာ အနီးပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံကြည့်ရှုသော်လည်း အရိပ်အယောင်အမျှပင် မတွေ့ရပေ။

ဆားဖိုအနောက်ဘက်ရှိ သူနေသော ပျဉ်းမပင် ရှိရာသို့သွားရှာကြတော့လည်း ဘာမှမတွေ့ရပေ။

"ထွန်းခိုင် . . . ထွန်းခိုင်"

နီမောင်က ခေါ်သော်လည်း ပြန်ထူးသံလုံးလုံး မကြားရတော့သဖြင့် များစွာစိတ်ထိခိုက်သွားလေသည်။

ခေါင်းငိုက်စိုက်ဖြင့် ဆားဖိုရှိရာသို့ ပြန်လာသော နီမောင်ကိုမြင်သောအခါ ကိုမြတ်ကျော်က ဆီးမေးလေသည်။

"နီမောင် မင်းအကောင်ရော တွေ့ခဲ့လား"

နီမောင်က ခေါင်းခါပြလိုက်လေသည်။

"မင်း ပရိတ်ရေနဲ့ ပက်တာ သူပါ ထွက်ပြေးရပြီထင်တယ်၊ လူနဲ့ ဘယ်လောက်ပဲ ရင်းနှီးနေတယ်ဆိုပေမယ့် ဘဝခြားနေတဲ့ ဝိညာဉ်ဟာ ဝိညာဉ်ပဲဆိုတော့ ပရိတ်ရေတန်ခိုးဒဏ်ကို သူလဲ ဘယ်ခံနိုင်ပါတော့မလဲ၊

ငါတို့အတွက်ကြောင့် ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူးကွာ"

ဟု ကိုမြတ်ကျော်က တကယ်ပင် စိတ်မကောင်းသောအသံဖြင့် ပြောလေသည်။

"ရပါတယ်ဗျာ . . . ဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့ကွာ၊ ကံတရားလို့ပဲ သဘောထားရမှာပေါ့၊ တကယ်လို့ သူ တခြားဘဝတစ်ခုခု ရောက်သွားတယ်ဆိုရင်တောင် ဝမ်းသာရမှာပါ"



ဟု ပြောလိုက်သော်လည်း သူ့စိတ်ထဲကတော့ စိတ်မကောင်းဖြစ်နေမိလေသည်။

ထိုညက တစ်ညလုံး ထိုင်စောင့်သော်လည်း သရဲထွန်းခိုင်ကို အရိပ်အယောင်မျှပင် ထပ်မတွေ့ရတော့ပေ။

နောက်တစ်နေ့နံနက်လင်းသောအခါ ရွာလူကြီးများအား အကျိုးအကြောင်း ပြောပြပြီး လပွတ္တာမှ ဘုန်းကြီးငါးပါး ပင့်လာပြီးနောက် ပရိတ်ရွတ်ခြင်း ကမ္မဝါဖတ်ခြင်းများ ပြုလုပ်ကြလေသည်။

ပရိတ်ရေများကိုလည်း တစ်ရွာလုံး လိုက်လံဖြန်းထားရုံမက ပရိတ်ချည်များကိုလည်း လိုက်လံသွယ်တန်းထားလိုက်ကြလေသည်။

ထို့ပြင် . . .

သဘက်ကြီး နေသွားသော ကနစိုပင်နှင့် သရဲထွန်းခိုင် နေသွားသော ပျဉ်းမပင်တို့ကိုလည်း ခုတ်လှဲကာ မီးရှို့ဖျက်ဆီးပစ်လိုက်ကြလေတော့သည်။

ထိုနောက်ပိုင်းမှာတော့ သရဲထွန်းခိုင်အပါအဝင် အခြားတစ္ဆေသရဲသဘက် စသော ဝိညာဉ်လောကသားများကို လမုတန်းရွာတစ်ဝိုက်တွင် တွေ့သည်မြင်သည်ဟု ပြောဆိုသံ မကြားကြရတော့ပေ။

www.burmeseclassic.com





## အခန်း(၁၀)

# ဝိညာဉ်များအတွက် အဖျော်အလွတ်ပွဲ

**နောက်**ပိုင်းမှာတော့ ကိုမြတ်ကျော်တို့မှာ စီးပွားပျက် သွားသောကြောင့် ဆားဖိုဖျက်သိမ်းရသော အခြေအနေရောက် သွားကြလေတော့သည်။

“ငါ့ဖာသာ ရိုးရိုးသားသား ကြိုးစားရင် ဒီလိုဖြစ်မယ် မထင်ဘူး အခုတော့ အချောင်လမ်း လိုက်မိလို့ အခုလို ဖြစ်ရတယ်” ဟု တဖွဖွ ပြောဆိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လည်း စိတ်ဓါတ်ကျမနေပါနဲ့ ကိုမြတ်ကျော်ရယ်၊ ကံတရားလို့ပဲ သဘောထားလိုက်ပါတော့၊ ခင်ဗျားရဲ့ဆားဖို ဖျက်လိုက်ပြီဆိုရင်လည်း ကျွန်တော်နဲ့ပဲ အတူတူပေါင်းပြီး လာလုပ်ပေါ့၊ ကျွန်တော်လည်း ထွန်းခိုင် မရှိတော့တဲ့နောက်မှာ တခြားလူ ရှာရမယ့်အတူတူတော့ ခင်ဗျားတို့နဲ့ပဲ ပေါင်းလုပ်တာ ပိုပြီးကောင်းမှာပေါ့"

ဟု ပြောရာ ကိုမြတ်ကျော်တို့လည်း များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။

ထို့နောက်. . .

နှစ်အိမ်တစ်အိမ် ပေါင်း၍ အလုပ်လုပ်ကြရာမှ နီမောင်နှင့် မရင်ရွှေတို့နှစ်ယောက်၏ရင်းနှီးမှုကလည်း ပိုမိုခိုင်မာလာကြလေသည်။

နီမောင်အနေကလည်း အစောပိုင်းကတည်းက မရင်ရွှေအပေါ်မှာ စိတ်ဝင်စားနေသလို မရင်ရွှေကလည်း နီမောင့်အပေါ်၌ စိတ်ဝင်စားမှု ရှိနေခဲ့သည်။

ယခုကဲ့သို့ တစ်အိမ်ထဲမှာ အတူတူ နေကြသောအခါ ရင်ထဲမှာ သိုဝှက်ထားခဲ့ကြသော အချစ်စိတ်ကလေးများမှာ တစ်စတစ်စ ရင့်ကျက်လာပြီးနောက် တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်းဖွင့်ဟ တိုင်ပင်ဆွေးနွေးကာ လူကြီးများကို အသိပေး၍ လက်ထပ်လိုက်ကြလေတော့သည်။

ဒီတော့မှ ကိုမြတ်ကျော်တို့ လင်မယားလည်း သမီးဖြစ်သူ





အတွက် စိတ်အေးသွားကြရလေတော့သည်။

နီမောင်မှာ ရင်းထူထောင်ခဲ့သော ဆားဖိုလုပ်ငန်းမှာ တစ်နေ့တစ်ခြား ကုန်သည်ဖောက်သည်များနှင့် အဆက်အသွယ် ရလာကာ ကြီးပွားတိုးတက်လာသည်နှင့်အမျှ အလုပ်ကလည်း မအားရအောင် ရှိလေသည်။

ထိုကြားထဲမှာမှ ချစ်သူနှင့် လက်ထပ်ကာ အတူတကွ နေရသောကြောင့် အပျော်ကြီးပျော်ကာ သူ့ဘဝကို များစွာအကူအညီပေးခဲ့သော သရဲထွန်းခိုင်ကို တဖြည်းဖြည်းနှင့် မေ့သွားလေတော့သည်။

တစ်နေ့သ၌ အိပ်မက်ထဲမှာ သရဲထွန်းခိုင်ကို ပြန်တွေ့ရလေသည်။

သူ၏ပုံပန်းသဏ္ဌာန်မှာ ယခင်ကနှင့် မတူတော့ပဲ အမွှေးစုတ်ဖွားနှင့် ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဌာန် ဖြစ်နေလေသည်။ သူ့ကို မြင်သောအခါ အသံသြသြကြီးနှင့် ခေါ်လေသည်။

"နီ. . . နီမောင်"

"ဟင်. . ."

"ငါ့ကိုတောင် မမှတ်မိတော့ဘူးလား"

"ထွန်း. . . ထွန်းခိုင်လား"

"ဟုတ်တယ်လေ. . . ငါ့ကို မေ့သွားပြီလားကွာ"

"မမေ့ပါဘူး သူငယ်ချင်းရယ်၊ မင်းရဲ့ကျေးဇူးတွေ ငါ့အပေါ်မှာ အများကြီးရှိပါတယ်၊ အခု မင်းဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ငါ နေရာဟောင်းကို ပြန်ရောက်နေရပြီ"

"နေရာဟောင်းဆိုတာ ဘယ်နေရာလဲ"

"ငါ သေခဲ့တဲ့နေရာပေါ့ကွာ"

"မင်း ငါ့ဆီ ပြန်လာလို့ မရတော့ဘူးလား"

"မရနိုင်တော့ဘူး. . . ရွာနားကိုတောင် ကပ်လို့မရတော့ဘူး"

ထိုစကားကြောင့် နီမောင်မှာ များစွာစိတ်မကောင်း ဖြစ်သွားလေသည်။

"ဒါဖြင့် ငါ ဘယ်လိုလုပ်ပေးရမလဲ"

"ငါ ဒီဘဝက ကျွတ်ကာနီးပြီ ငါ့အတွက် ကုသိုလ်ကောင်းမှု လုပ်ပြီး အမျှအတန်း ဝေပေးပါကွာ"

"ဒီအတွက် ဘာမှစိတ်မပူနဲ့ သူငယ်ချင်း၊ မင်း အကူအညီ ပေးခဲ့လို့ ငါ ဒီဘဝ ရောက်ခဲ့ရတာ၊ မင်းအတွက် ကုသိုလ်ကောင်းမှုတွေ ငါ အများကြီး လုပ်ပေးနိုင်တယ်၊ ဘယ်လိုလုပ်ပေးစေချင်သလဲ ဆိုတာသာ ပြောပါ"

"ကုသိုလ်ကောင်းမှုကတော့ ဒီရွာမှာပဲ လုပ်ပါ၊ အမျှအတန်း ဝေရင်တော့ ငါရှိတဲ့နေရာမှာ လာပြီး အမျှအတန်း ဝေပေးပါကွာ"

"အေး. . . ကောင်းပြီ၊ ငါ မင်းပြောတဲ့အတိုင်း လုပ်ပေးပါ့မယ်"

ဟု ပြောလိုက်သောအခါ သရဲထွန်းခိုင်၏ပုံရိပ်သဏ္ဌာန်မှာ တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားလေတော့သည်။

နောက်တစ်နေ့တွင် ထိုအိပ်မက်အကြောင်းကို ကိုမြတ်ကျော်အား ပြောပြသောအခါ သူတို့ကလည်း အားတက်သရော ပြောကြသည်။

"သူ အကူအညီပေးခဲ့လို့ ငါတို့မိသားစုတွေ သဘက်ကြီးရန်က လွတ်ကင်းခဲ့တာကြောင့် သူ့အတွက် ကုသိုလ်ကောင်းမှု လုပ်ပေးမယ်ဆိုရင် ငါတို့လည်း ပါဝင်ပါ့မယ်ကွာ"

ဟု ကတိပေးသည်။

သို့သော်လည်း မည်ကဲ့သို့ အလှူဒါနမျိုး ပြုလုပ်ရမည်ကို မသိသောကြောင့် ဆားဖိုသူကြီး ဦးသာထွန်းအောင် အပါအဝင် ရွာလူကြီးများနှင့် တိုင်ပင်သောအခါ ၎င်းတို့က သင့်မြတ်သော အကြံအစည် ပေးကြလေသည်။

"မင်း ဒီလိုအာသီသ ရှိတယ်ဆိုရင်တော့ မင်းလည်း ငွေကြေးတတ်နိုင်တဲ့ လူတစ်ယောက် ဖြစ်နေပြီပဲ၊ ငါတို့ရွာမှာ ဘုန်းကြီးကျောင်း မရှိသေးဘူး၊ ဒီတော့ ဘုန်းကြီးကျောင်းတစ်ဆောင် ဆောက်ပြီးလှူကွာ၊ ကျောင်းထိုင်မယ့်ဘုန်းကြီးကိုတော့ ငါကိုယ်တိုင် လပွတ္တာမှာ ရအောင်သွားပင့်ပေးမယ်"

ဟု ဦးသာထွန်းအောင်က ပြောသဖြင့် ကျောင်းဆောက်ရန် သဘောတူလိုက်လေသည်။

သို့ကြောင့်. . .

ရွာထိပ်တစ်နေရာတွင် ဘုန်းတော်ကြီးကျောင်းတစ်ဆောင်

www.burmeseclassic.com



ဆောက်လုပ်ကြလေသည်။

ထိုသို့ဆောက်ရာမှာ ရွာသူရွာသားများကလည်း အားတက်သရော ဝိုင်းကူကြလေသည်။

ငွေကြေးတတ်နိုင်သော ဆားဖိုသူကြီးများကလည်း အလှူငွေထည့်ကြသဖြင့် လပိုင်းအတွင်းမှာပင် ကျောင်းဆောက်ခြင်းကိစ္စပြီးသွားလေတော့သည်။

ဦးသာထွန်းအောင်ကလည်း လပွတ္တာသို့ သွားသောကျောင်းထိုင်မည့် ဘုန်းကြီးတစ်ပါးအပါအဝင် အခြားဘုန်းကြီး (၁၀)ပါးခန့်ကိုလည်း အလှူအတွက် တစ်ပါတည်း ပင့်ဆောင်လာလေတော့သည်။

ကျောင်းသစ်အတွက် အလှူဒါန ပြုလုပ်သည့်အနေနှင့် တစ်ရွာလုံးကို ထမင်းဟင်းများ ချက်ပြုတ်ကျွေးမွေးလေသည်။ ဘုန်းကြီးများကိုလည်း ဆွမ်းကပ်ခြင်း၊ သင်္ကန်းပရိက္ခရာများ စသည်တို့ကို ကပ်လှူပြီးနောက် ကျောင်းကို ရေစက်ချကာ လှူဒါန်းလိုက်လေတော့သည်။

ရေစက်ချ အမျှအတန်းဝေပေးပြီးသောအခါ ဘုန်းကြီးတစ်ပါး ပင့်၍ တစ်ခါတည်း တောသို့ သွားရန် လှေတစ်စင်းကို ပြင်ကြလေသည်။

ကိုမြတ်ကျော်တို့ မိသားစုအပြင် စိတ်ဝင်စားကြသော ရွာသားအချို့လည်း လိုက်လာကြလေသည်။

ယခင်တစ်ခေါက် ရောက်သောနေရာသို့ ရောက်သောအခါ လှေတို့ ဆိုက်ကပ်ပြီး တောပေါ် တက်ကြလေသည်။





ထွန်းခိုင်နှင့် ရွှေမောင်တို့ သေဆုံးသွားသောနေရာရောက်သောအခါ ဘုန်းကြီးအတွက် ကနစိုကဖျင်းတစ်ချပ် ခင်း၍ထိုင်ရန် နေရာပြင်ဆင်ပေးကြသည်။

နီမောင်က အသံကျယ်ကျယ်နှင့် အော်ပြောလိုက်သည်။

"ဤတောတောင်အတွင်းမှာ စောင့်ရှောက်နေထိုင်ကြကုန်သော တောစောင့်နတ်၊ တောင်စောင့်နတ်များ၊ တောပိုင်တောင်ပိုင်များ၊

ဤတောတောင်အတွင်းမှာ မှီတင်းနေထိုင်ကြကုန်သော မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သောပုဂ္ဂိုလ်များ၊ မကျွတ်မလွတ်ကြသေးသော ဝိညာဉ်အပေါင်းတို့. . . ကျွန်ုပ်တို့၏မိတ်ဆွေများ ဖြစ်ကြသော ထွန်းခိုင်နှင့် ရွှေမောင်တို့၏ဝိညာဉ်များ အပါအဝင် ဝိညာဉ်သတ္တဝါအပေါင်းတို့. . .

ကျွန်ုပ်တို့ ပြုလုပ်ခဲ့သော ကျောင်းအလှူဒါနအပါအဝင် ကုသိုလ်ကောင်းမှု အဖို့ဘာဂ အစုစုတို့ကို ရေစက်ချ အမျှအတန်းပေးတော့မှာမို့ ဤနေရာသို့ လာရောက်ကြကုန်လော့၊ တရားတော်များကို ရိုသေစွာ နာကြားပြီး ကောင်းရာဘုံဘဝ ရောက်စေရန် အာရုံပြုကြပေတော့၊

တရားနာကြားရန် အမျှအတန်းရယူရန် ဤနေရာသို့ လာရောက်ကြကုန်လော့၊

လာရောက်ကြကုန်လော့၊



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ကြကုန်လော့”

ဟု လေးဖက်လေးတန်သို့ မျက်နှာမူကာ အသံကျယ်ကျယ်နှင့် အော်ပြောလိုက်လေသည်။

နီမောင်၏အော်ပြောသံများက တောနက်အတွင်းမှာ ပဲ့တင်ထပ်သံများ ပြန့်နှံ့သွားလေတော့သည်။

ခဏကြာသောအခါ တောနက်အတွင်းမှ စကားပြောသံများ၊ တောတိုးလာသံများကို ကြားကြရသည်။

အချို့နေရာများတွင် သစ်ပင်သစ်ကိုင်းများ လှုပ်သွားသည်ကို မြင်ကြရပြီး အကောင်အထည်တော့ မမြင်ကြရပေ၊ ဝိညာဉ်များရှိနေသည်ဟု ယူဆရသောနေရာမှာ လူများ ရှိနေသောနေရာနှင့် အနည်းငယ် ဝေးသောနေရာ၌ ဖြစ်လေသည်။

အတန်ကြာတော့ ပတ်ဝန်းကျင်မှာ ပြန်လည်ငြိမ်သက်သွားသည်။

ထိုအခါ နီမောင်က အသံကျယ်နှင့် အော်မေးလိုက်သည်။

“ထွန်းခိုင်ရဲ့ဝိညာဉ် ဒီနေရာ ရောက်ပြီလားဟေ့၊ ရောက်နေရင် သစ်ပင်လှုပ်ပြပါ”

ထိုသို့အော်လိုက်သည်နှင့် သူတို့ရှိနေသောနေရာရှိ ကနစိုပင်မှာ လေမတိုက်ပါပဲ တဖျင်းဖျင်းနှင့် လှုပ်ခါသွားလေသည်။

“ငရွှေမောင်ရဲ့ဝိညာဉ် ဒီနေရာ ရောက်ပြီလားဟေ့၊ ရောက်ပြီဆိုရင် သစ်ပင်လှုပ်ပြပါ”

ဟု ပြောသောအခါ မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်မှာ





လှုပ်ယမ်းသွားလေသည်။

နီမောင်မှာ မိမိအလိုရှိသော လူနှစ်ယောက်၏ဝိညာဉ်များ ရောက်နေခြင်းကို သိရသဖြင့် ကျေနပ်သွားကာ တရားနာခြင်းကို စတင်လေသည်။

တရားဟောနေစဉ် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

တရားနာပြီးသောအခါ အသံကျယ်ကျယ်နှင့်ပင် အမျှအတန်း ဝေပေးလိုက်လေသည်။

“ဤနေရာပတ်ဝန်းကျင် ဤတောတွင်းမှာ ရှိကြသော မြင်အပ်သောပုဂ္ဂိုလ် မမြင်အပ်သောပုဂ္ဂိုလ်များနှင့် မမြင်ရသော ခန္ဓာကိုယ်အပါအဝင် ဝိညာဉ်အပေါင်းတို့အား ကျွန်ုပ်တို့ ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ် ဆောက်တည်ခဲ့ရသော သီလကုသိုလ်၊ နာကြားခဲ့ရသော တရားကုသိုလ်အဖို့ဘာဂတို့အား သင်တို့အားလုံးတို့ကို အမျှအတန်း ဝေပေးပါမည်၊

အမျှရ၍ သာဓုခေါ်၍ ကောင်းရာသုဂတိ ဘုံဘဝသို့ ကူးပြောင်းရောက်ရှိနိုင်ကြပါစေသော်. . .

အားလုံး ကြားကြားသမျှ. . .

“အမျှ. . . အမျှ. . . အမျှ ယူကြပါကုန်သော်”

“သာဓု. . . သာဓု. . . သာဓု”

“အမျှ. . . အမျှ. . . အမျှ ယူကြပါကုန်သော်”

“သာဓု. . . သာဓု. . . သာဓု”



www.burmeseclassic.com

www.burmeseclassic.com



"အမျှ. . . အမျှ. . . အမျှ ယူကြပါကုန်သော်"

"သာဓု. . . သာဓု. . . သာဓု"

အမျှအတန်း ဝေပြီးသောအခါ စောစောက ငြိမ်သက်နေသော တောတစ်ခုလုံး လှုပ်ရှားလာလေတော့သည်။

နီမောင်ကတော့ ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်သို့ လှည့်၍ မေတ္တာပို့ အမျှအတန်းဝေပေးလေသည်။

ကျန်လူများကတော့ ဘုန်းကြီးနှင့်အတူ လှေဆိပ်သို့ ပြန်ဆင်းသွားကြလေပြီ။

သူ့အနီးမှာတော့ မရင်ရွှေသာ ကျန်ခဲ့တော့သည်။

နီမောင်မှာ ထိုကဲ့သို့ အမျှအတန်းဝေနေရင်းမှပင် ထွန်းခိုင်နှင့် ငရွှေမောင်တို့အတွက် များစွာစိတ်မကောင်းဖြစ်နေလေသည်။

ထိုအခိုက်မှာပင် တောတိုးလာသောခြေသံ ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ တောထဲမှ လူနှစ်ယောက် ထွက်လာသည်ကို မြင်ရသည်။

တစ်ယောက်က အသက်ကြီးကြီးဖြစ်ပြီး ကျန်တစ်ယောက်က လူရွယ်တစ်ယောက်ဖြစ်သည်။

နှစ်ယောက်စလုံး သျှောင်တစောင်း ထုံးထားကြသည်။

"အဘတို့က ဘယ်သူတွေများလဲ"

"ကျုပ်တို့က ဒီတောကို စောင့်ရှောက်ပေးနေရတဲ့သူတွေပါပဲ"

"ကျွန်တော်တို့ ပေးတဲ့ မေတ္တာတရားနဲ့ အမျှအတန်းတွေကို ရရှိကြရဲ့ မဟုတ်လား"



"ရပါတယ်. . . ရကြပါတယ်၊ ဒီအတွက် ကျေးဇူးတင်ကြောင်း လာပြောတာပါ၊ နောက်လည်း မောင်ရင်လေးအတွက် အကြောင်းကြီးငယ်ကိစ္စအတွက် အကူအညီလိုရင် ကျုပ်တို့ကို အကူအညီတောင်းပါ၊ ကျုပ်တို့ အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ အဘတို့ကို ကြုံကြိုက်တုန်း သိချင်တာ မေးပါရစေ"

"မေးပါ. . . မေးနိုင်ပါတယ်"

"ဝိညာဉ်ဘဝ ရောက်နေတဲ့ ကျွန်တော့်မိတ်ဆွေနှစ်ယောက် ကျွန်တော်ပေးတဲ့ အမျှအတန်းတွေ ရကြပါရဲ့လား"

"ရကြပါတယ်. . . သူတို့ ဘဝဆိုးတွေက ကျွတ်လွတ်ပြီး ကောင်းရာဘုံဘဝကို သွားကြပါပြီ. . . စိတ်မပူကြပါနဲ့တော့"

ဟု ပြောပြတော့ နီမောင်မှာ များစွာစိတ်ချမ်းသာမှု ဖြစ်သွားလေတော့သည်။

ထို့နောက်. . .

သျှောင်တစောင်း ထုံးထားသော လူနှစ်ယောက်တို့မှာ နီမောင်တို့ကို နှုတ်ဆက်၍ တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

နီမောင်တို့လည်း လှေဆိပ်ရှိရာသို့ ပြန်ဆင်းလာခဲ့ကြလေသည်။

လမ်းခုလတ် တစ်နေရာ ရောက်ကြသောအခါ သူတို့ သွားခဲ့သည့်လမ်းမပေါ်မှာ ပိတ်ရပ်နေသည့် မည်းမည်းသဏ္ဍာန်ကြီးတို့

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေသည်။

ထိုသို့တွေ့ရသောအခါ မရင်ရွှေမှာ ကြောက်ရွံ့စွာဖြင့် နီမောင်လက်တစ်ဖက်ကို ဖက်တွယ်ထားလေသည်။

"ဘယ်သူလဲ. . . ဘာအတွက် ရပ်နေတာလဲ"

"ကျုပ် လမုတန်းရွာက ထွက်ပြေးခဲ့ရတဲ့ သဘက်ကြီးပါ"

"စောစောက အမျှဝေပေးတာ မရလိုက်ဘူးလား"

"ကျုပ် တခြားကို ခရီးလွန်နေလို့ အမျှမရလိုက်လို့ ကျုပ်ကို အမျှဝေပေးခဲ့ပါ"

ထိုစကားကြားသောအခါမှ နီမောင်မှာ သဘောပေါက်သွားပြီး အမျှဝေပေးလိုက်သည်။

"ကျုပ်ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှု အစုစုတို့ကို ခင်ဗျားကို အမျှဝေပေးပါတယ်၊ အမျှ. . . အမျှ. . . အမျှ. . . ယူပါကုန် လော့"

ဟု အမျှဝေပေးလိုက်သောအခါ ရှေ့မှာ ရပ်နေသော သဘက်ကြီးမှာ ခေါင်းသုံးချက် ညိတ်ပြပြီးနောက် နေရာမှ ပြန်လည် ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ နီမောင်လည်း အမျှအတန်း မရကြသဖြင့် ဆင်းရဲနွံ့ချာလွန်းလှသော ပရလောကသားများဘဝကို တွေးကာ သက်ပြင်းချလိုက်လေတော့သည်။

ထို့နောက် နှစ်ယောက်သား လှေဆိပ်သို့ ပြန်ဆင်းခဲ့ကြတော့ သည်။



ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဆားဖိုစောင့်မိစ္ဆာ) အမည်ရှိ ပရလောက ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤ နေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ပြီးဆုံး ။ ။ (၂၀၀၉)ခုနှစ်၊ အောက်တိုဘာလ(၁)ရက်၊ ကြာသပတေးနေ့၊နံနက်(၁၁)နာရီ။

www.burmeseclassic.com